The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 50 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 28 , 2015



# နိုင်ငံတကာကုန်သွယ်မှုဆီ တက်လှမ်းရအောင်

မျိုးသူ (ကုန်သွယ်/မြှင့်) ၁၈



စားသုံးသူ
အကာအကွယ်ပေးရေး
**ဟောပြောပွဲများမှ**
လက်ဖျား အလက်ာ-
မျက်နှာက ဇာတ်လမ်းများ ၁၂

ကုန်စည်ဒိုင်ကြီးများနှင့် ချိတ်ဆက်ပြီး
ဆင်း-၃ဆန်ကို ဈေးကွက်ထိုးဖောက်မည် ၄

တိုယိုတာက **All New Land Cruiser 200** ကို
မြန်မာပြည်တွင် စတင်မိတ်ဆက် ၂၂

ရွှေဘိုပေါ်ဆန်းမွှေးသစ် ဈေးကွက်အတွင်း
စတင်ဝင်ရောက်လာ ၂၄


Shwe Mè Logistics
SHWE MÈ LOGISTICS SERVICES CO., LTD.
Loading and Un-loading of cargo up to 40 tonne using the 360 degree rotation fixed crane with 100 feet span at 380 feet wide jetty.
Storage, Washing, Maintenance, Repairs and Transportation of containers.
Hiring of Cranes (capacity-75,50,20 tonne), forklifts (capacity-7,6,3 tonne) and various types of trucks.
Safe and secure warehousing.
Shwe Mè Logistics
Shwe Me` Jetty
အမှတ်(၁၆၆–ဘီ)၊ ဆိပ်ကမ်းသာလမ်း၊
ရွှေပြည်သာစက်မှုဇုန် (၃)၊
လှိုင်မြစ်ကမ်းနံဘေး၊ ရွှေပြည်သာတံတားအနီး၊
ရွှေပြည်သာမြို့နယ်။
Tel : 95-1-618558 ~ 59 ~ 60
618565 ~ 66
E-mail: aungkhin.shweme@gmail.com
Shwe Me` ICD
အမှတ်(၆)၊ ဆိပ်ကမ်းသာလမ်း၊
ရွှေပြည်သာစက်မှုဇုန် (၃)၊
ရွှေပြည်သာတံတားအနီး၊ ရွှေပြည်သာမြို့နယ်။
Tel : 95-1-618162, 618564
E-mail: mtashweme4@gmail.com
Hot Line : Mobile : 09-510-4363


APOLO®
PERSONAL & BUSINESS ENVELOPE
ကျောင်းသုံး၊ ရုံးသုံး နှင့် လုပ်ငန်းသုံး စာအုပ်အမျိုးမျိုး
APOLO ACCOUNTING BOOKS
APOLO HARD COVER BOOKS
APOLO EXERCISE BOOKS
APOLO BINDING BOOKS
APOLO
Main Office : 01- 684292,684405~8
Show Room : 01- 382789,250425,242469
APOLO

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်

## အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် အိန္ဒိယနိုင်ငံ၊ သံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya အား စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ နေပြည်တော်၌ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက် မွန်းလွဲ ၁၅:၀၀ နာရီ အချိန်က လက်ခံတွေ့ဆုံခဲ့ပါသည်။



အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ ဒုတိယအကြိမ် မြန်မာ- အိန္ဒိယ နယ်စပ်ဈေးပူးတွဲကော်မတီ အစည်းအဝေး ကျင်းပရေးနှင့် ၂၀၁၆ ခုနှစ်တွင် နယ်စပ်အရာရှိများ အစည်းအဝေး ကျင်းပနိုင်ရေးတို့အတွက် ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့ပြီး သံအမတ်ကြီးကလည်း ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း အိန္ဒိယနိုင်ငံ၊ ချင်နိုင်းမြို့တွင် ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုပူးတွဲဖိုရမ် (Joint Trade and Investment Forum – JTIF) မြန်မာ့ရင်းနှီးမြှုပ်နှံမှုပြပွဲ (Myanmar Investment Road Show – MIRS) နှင့် 3rd India-CLMV Business Conclave များသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်မည့် အခြေအနေနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ပါသည်၊

အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

# ဟီတာချီမှ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၌ Hitachi Myanmar Laboratory စတင် တည်ထောင်

မြန်မာနိုင်ငံတွင် မျိုးဆက်သစ်အိုင်တီပညာရှင်များပေါ်ထွန်းလာစေရန်အတွက် ဟီတာချီလီမိတက်သည် သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်၌ Hitachi Myanmar Laboratory ကို ဒီဇင်ဘာလ ၁၄ ရက်နေ့က စတင်ဖွင့်လှစ်လိုက်ကြောင်း ဟီတာချီ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။




ဟီတာချီသည် သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်ရှိ ဆရာ/ဆရာမများနှင့် ကျောင်းသားကျောင်းသူများအားအိုင်တီသင်တန်းများပေးရန် ဂျပန်နိုင်ငံမှ အင်ဂျင်နီယာများ စေလွှတ်ပေးသည့်အပြင် ဇင်းသင်တန်းများအတွက် ဆာဗာကဲ့သို့သောလိုအပ်သည့် အိုင်တီပစ္စည်းများကိုလည်း လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အရှေ့တောင် အာရှနိုင်ငံများအနက် မြန်မာနိုင်ငံသည် စီးပွားရေးတိုးတက် ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်မီး၊ မီးရထားလမ်းများနှင့် ဆက်သွယ်ရေးကဲ့သို့သော လူမှုရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည်သာမက ဘဏ္ဍာရေးနှင့်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဲ့သို့သော အခြားလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနသည်နိုင်ငံတော်၏ ပညာရေး လုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။ အစိုးရအုပ်ချုပ်သူ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများ၌ သတင်းအချက် အလက်နည်းပညာဆိုင်ရာ ပညာရှင်များ ရာထူးအတွက် အရည်အသွေးပြည့်ဝသော အိုင်တီပညာရှင်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် သတင်းအချက်အလက်နှင့်နည်းပညာ တက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

၂၀၁၃ခုနှစ်မှစတင်၍ ဟီတာချီသည် ကုမ္ပဏီများ၊ အစိုးရအဖွဲ့အစည်းများနှင့်တက္ကသိုလ်များ၌ သင်တန်းများပို့ချပေးခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်မှ ရွေးချယ်ထားသော ပါမောက္ခများအား ဂျပန်နိုင်ငံသို့ စေလွှတ်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိ ကြောင်း သိရသည်။

ဟီတာချီအနေဖြင့် ယခုကဲ့သို့ Lab တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ အိုင်တီပညာရှင်များ အများအပြား ပေါ်ပေါက်လာစေရန် အတွက်ဖြစ်ကြောင်း သိရသည်။

ဟီတာချီသည် နောက်လာမည့် ငါးနှစ်အတွင်း သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်မှ ပါမောက္ခများနှင့်ကျောင်းသားကျောင်းသူများအား တစ်နှစ်လျှင် နှစ်ပတ်သင်တန်းလေးကြိမ် ပို့ချသွားရန် စီစဉ်ထားကြောင်း သိရသည်။

**မယ်သီတာ**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.50 Monday December 28 2015

# ပြည်တွင်းပေါ်ဆန်းဆန်သစ် အဝယ်သွက်ပေမယ့် ဈေးအေး

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ ဒီဇင်ဘာလ ၂၄ ရက်နေ့ ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်း၊ ဆန်ဟောင်းဈေး ထိပ်စ တစ်အိတ် ၃၆၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၅၀၀၀ ကျပ်၊ မြောင်းမြ၊ ပုသိမ်၊ ပေါ်ဆန်း ဆန်ဟောင်းဈေး ထိပ်စ တစ်အိတ် ၄၀၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၈၅၀၀ ကျပ်၊ နယ်စုံပေါ်ဆန်း ဆန်ဟောင်းဈေးကတော့ ထိပ်စ တစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၄၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်နေတယ်လို့ ဆန်စပါးကုန်စည်ဒိုင်ဝါးတန်းရဲ့ ဈေးနှုန်းစာရင်းအရ သိရှိရပါတယ်။

ဖျာပုံပေါ်ဆန်း ဆန်သစ်ဈေး ထိပ်စ တစ်အိတ် ၂၈၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၇၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၅၀၀ ကျပ်ခန့် ဈေးကျလာပြီး၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်း ဆန်အသစ်ဈေးက ထိပ်စတစ်အိတ် ၃၀၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၇၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကာ၊ နယ်စုံပေါ်ဆန်းဆန်အသစ်ဈေးကတော့ ထိပ်စ တစ်အိတ် ၂၇၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၆၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၅၀၀ ကျပ်ခန့် ဈေးကျလာကြောင်း ကုန်စည်ဒိုင်ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ကုန်စည်ဒိုင်တွင် ပေါ်ဆန်းဆန်ဟောင်းများ အဝင်ပါးနေပြီး ဝယ်ယူမှုလည်းမရှိသလောက် ဖြစ်နေကြောင်း ပေါ်ဆန်းဆန်သစ်ကိုသာ ဦးစားပေးဝယ်ယူနေတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ညှော်မထဆန်ဟောင်းများကတော့ ပြတ်သလောက်ဖြစ်နေပြီး အဝင်လည်း မရှိတော့ကြောင်း သိရပါတယ်။ ညှော်မထ ဆန်သစ်ဈေး တစ်အိတ် ၂၁၀၀၀ ကျပ်မှ ၂၁၅၀၀ ကျပ်ထိရှိနေပြီး အဝယ်လိုက်ပေမယ့် ပစ္စည်းအဝင်မှာနည်းကြောင်း၊ စပါးဈေးမြင့်ပြီး ဆန်ဈေးကွက်အေးနေလို့ ကုန်သည်များ ဈေးမကိုက်တာကြောင့် ဒေသများမှ အဝင်နည်းနေရခြင်းဖြစ်တယ်လို့ ဈေးကွက်မှသိရပါတယ်။

ဒီတစ်ပတ် မူဆယ်ဆန်ဈေးကွက်ရဲ့ ဒီဇင်ဘာ ၂၄ ရက် ဈေးနှုန်းများအရ ညှော်မထ ၅ မှတ် မော်ဘီတစ်အိတ် ၁၃၉-၁၄၂ ယွမ်နဲ့ ၅ မှတ် မနောသုခတစ်အိတ် ၁၃၄-၁၃၆ ယွမ်၊ ညှော်မထ ၁၀ မှတ် မော်ဘီတစ်အိတ် ၁၃၇-၁၃၈ ယွမ်နဲ့ ၁၀ မှတ် မနောသုခ တစ်အိတ် ၁၃၂-၁၃၃ ယွမ်၊ ညှော်မထ ၁၅ မှတ် မော်ဘီတစ်အိတ် ၁၃၄-၁၃၆ ယွမ်နဲ့ ၁၅ မှတ် မနောသုခ တစ်အိတ် ၁၃၀-၁၃၁ ယွမ်၊ ညှော်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၂၇-၁၂၉ ယွမ်၊ ၂၅ မှတ် ရတနာတိုး ၁၂၇-၁၃၁ ယွမ်၊ ညှော်မထ ၃၅ မှတ် မနောသုခတစ်အိတ် ၁၂၃-၁၂၆ ယွမ်၊ ၃၅ မှတ် ရတနာတိုး ၁၂၃-၁၂၆ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၃၅-၁၃၇ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၃၂-၁၃၄ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၂၇-၁၃၁ ယွမ် အသီးသီးဖြစ်ခဲ့ကြပြီး ယခင်တစ်ပတ်ထက် ညှော်မထဆန်မှာ ၁ ယွမ်မှ ၃ ယွမ်ခန့် ဈေးတက်လာပြီး၊ ငစိန်ဆန်မှာတော့ ၁ ယွမ်မှ ၂ ယွမ်ခန့် ဈေးတက်လာတာ တွေ့ရပါတယ်။

တရုတ်ဝယ်လိုအားကောင်းပြီး အဆွဲများလို့ ဈေးအနည်းငယ်မြင့်လာရခြင်းဖြစ်ကြောင်း၊ ဆန်ကွဲကိုတော့ တရုတ်မှ ပုံမှန်ဝယ်လိုအားရှိပြီး တစ်အိတ်ကို အနိမ့်ဆုံး ၁၀၇ ယွမ်မှ အမြင့်ဆုံး ၁၂၂ ယွမ်ထိ ဈေးရကာ အရောင်းအဝယ်ကောင်းတယ်လို့ သိရပါတယ်။ ဒီဇင်ဘာ ၂၄ ရက်နေ့ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၂၀၀ ဒသမ ၂၀ ကျပ်ဖြစ်တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ် ဆန်တန်ချိန်ပျမ်းမျှ ၃၀၀၀ မှ ၅၀၀၀ ကျော်ခန့် ဝင်ရောက်နေပြီး ယခုတစ်ပတ်အတွင်း မူဆယ်သို့ စုစုပေါင်း တန်ချိန် ၂၂၀၂၃ ခန့် ဝင်ရောက်ခဲ့လို့ ယခင်တစ်ပတ်ထက် ၁၅၇၉ တန် ပိုမိုဝင်ရောက်ကြောင်း မူဆယ်ဆန်ဈေးကွက်မှ သိရပါတယ်။

မြန်မာ့ဆန်ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၁၈ ရက်ထိ တန်ချိန် ၇၅၅၇၈၆ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၇၇ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၅၂၈၂၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၂ သန်းကျော်ဖိုး လျော့နည်းလျက်ရှိပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၂၇၂၂၉၈ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၄ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၇၉၀၃၁ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပြီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၃ သန်းကျော်ဖိုးရှိကြောင်း သိရပါတယ်။

**MIRT-YGN**

# ကုန်စည်ဒိုင်ကြီးများနှင့် ချိတ်ဆက်ပြီး ဆင်း–၃ ဆန်ကိုဈေးကွက်ထိုးဖောက်မည်

အင်းတော်မြို့နယ် နှစ်စဉ်မိုးစပါးစိုက်ဧက ငါးသောင်းကျော်မှာ တရုတ်ဈေးကွက် အဝယ်ရှိတဲ့ ဆင်းဧကရီ-၃ ခေါ် ဆင်း-၃ စပါး ၇၅ ရာခိုင်နှုန်းကျော် စိုက်ကြပါတယ်။ မြို့နယ်တွင်း ၁၅ တန်နဲ့ အထက်ဆန်စက်အလုံး ၃၀ ကျော်မှ တောင်သူ၊ ကုန်သည်စပါးများကို ကြိတ်ခွဲလည်ပတ်လျက် ဗန်းမော်ကုန်သည်များနှင့် ချိတ်ဆက်ကာ တရုတ်ဝယ်ယူမှုအခြေအနေပေါ် မူတည်ပြီး ကသာဆိပ်ကမ်းချ ဈေးဖြတ် အရောင်းအဝယ်ဖြစ်ကြပါတယ်။ နှစ်စဉ် ပုံမှန်တင်ပို့မှု ဆန်တန်ချိန် ၁၅၀၀၀ မှ ၂၀၀၀၀ ကြားရှိကြောင်း ကုန်သည်တစ်ဦးထံက သိရပါတယ်။

ယခုနှစ်နှစ်ဦး ဆင်း-၃ စပါးအသစ် တင်းတစ်ရာ ၆၅၀၀၀၀ ကျပ်ဈေးနဲ့ စဖွင့်လို့ ယခင်နှစ်တွေထက် ဈေးမြင့်ပါတယ်။ တရုတ်ကလည်း ဆန်တစ်အိတ် အလတ်စ ၂၈၀၀၀ ကျပ်ပေးလို့ စက်ပိုင် ကုန်သည်များ ဈေးအမြင့်နဲ့ စပါး လှောင် အပြိုင်အဆိုင်တင်ပို့နိုင်ခဲ့ကြပါတယ်။ ယခုဒီဇင်ဘာလဆန်းပိုင်းမှာ တရုတ်အဝယ်တန့်သွားသည့်အတွက် စပါးဈေး ကျပ် ၅၈၀၀၀၀ အထိ ထိုးကျသွားပြီး ဗန်းမော်ကုန်သည်များမှ ဆန်တစ်အိတ် ၂၃၀၀၀ ကျပ်သာပေးသည့်အတွက် စက်ပိုင်ကုန်သည်များ အခက်တွေ့နေရတယ်လို့ သိရပါတယ်။

အဆိုပါကိစ္စနဲ့ပတ်သက်ပြီး မြို့နယ် ဆန်စက်လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးဆန်နီက အင်းတော် ဆင်း -၃ ဆန်ဈေးကွက်က တရုတ်ဈေးကွက်အပေါ် မူတည်နေတယ်၊ တရုတ်ဈေးကွက် ပျောက်သွားပါက စက်ပိုင်၊ ကုန်သည်၊ တောင်သူတွေအားလုံးမှာ စီးပွားရေးဂယက်ရိုက်သွားနိုင်တယ်၊ ဒါကိုကြိုတင်စဉ်းစားပြင်ဆင်ထားသင့်တယ်၊ ရွှေဘိုပေါ်ဆန်းလို ဈေးကွက်ခိုင်မာမှုရှိအောင် ဒေသထွက် ဆင်း-၃ ဆန်ကို မန္တလေး၊ မုံရွာ၊ ရန်ကုန် စတဲ့ ကုန်စည်ဒိုင်ကြီးများနဲ့ ချိတ်ဆက်ပြီး ဈေးကွက်ထိုးဖောက်ဖို့ ဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၃-၁၂-၂၀၁၅ | ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၁ | ၃၆၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၀ | ၃၅၆ | ▽ | ၃၇၀ | ၃၆၅ | ▽ | ၃၅၅ | ၃၅၅ | □ | ၃၃၀ | ၃၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၅၄ | ၃၅၀ | ▽ | ၃၅၅ | ၃၅၅ | □ | ၃၂၅ | ၃၂၅ | □ | ၃၀၀ | ၃၀၀ | □ |
| ပေါင်းဆန် | ၃၄၅ | ၃၄၅ | □ | - | - | - | ၃၅၀ | ၃၅၅ | △ | ၄၀၅ | ၄၀၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၃-၁၂-၂၀၁၅ | ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၀ | ၄၇၅ | ▽ | ၅၂၀ | ၅၁၀ | ▽ | ၅၁၅ | ၅၀၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၅၀၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၄-၁၂-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၄၀၀၀ | □ | ၇၇၂၈ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၄၂၈ | □ | ၂၅၅၀၀ | □ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | □ | ၂၄၀၀၀ | □ | ၈၁၀၀ | □ | ၃၅၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၁၃၀၀၀ | □ | ၄၄၀၀၀ | ▽ |
| စစ်တွေ | ၅၀၀၀ | □ | ၂၁၀၀၀ | ▽ | ၈၀၀၀ | □ | ၃၄၀၀၀ | ▽ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၄၅၀၀ | □ |
| မန္တလေး | ၅၇၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| မော်လမြိုင် | ၅၈၀၀ | □ | ၂၃၀၀၀ | □ | ၈၄၀၀ | □ | ၃၅၀၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | □ | ၃၄၀၀၀ | □ | - | - | ၅၂၅၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ဘားအံ | ၅၇၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၁၀၀၀ | □ |
| တောင်ကြီး | - | - | ၂၅၀၀၀ | □ | - | - | ၅၁၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## နတ်တလင်းတောင်ပျံ့ပေါ်ဆန်းမွှေးသစ်စပါးဈေး ယခုနှစ်လည်း ဈေးကောင်းနေဆဲ

ဒီဇင်ဘာစတုတ္ထပတ် ဆန်စပါးဈေးကွက်များတွင် ဆန်ချောစပါး ဆန်တွေရဲ့ဈေးနှုန်းဟာ တရိပ်ရိပ် တက်လာတာတွေ့ရပါတယ်။ နတ်တလင်း တောင်ပျံ့မွှေးစပါးဆိုရင် ပေါ်စတွင် ကျပ်ခြောက်သိန်းကျော် ဈေးပေါက်ခဲ့ပြီး၊ ယခုဒီဇင်ဘာလမှာ ဒုတိယပတ်ပေါက်ဈေးမှာပင် တင်း ၁၀၀ (၄၆ပေါင်ကိုက်)ဈေး ၇၁၇၆၀၀ ကျပ်ဖြစ်ပြီး ဆန်တစ် အိတ်ဈေး (ထိပ်စ) ၂၉၀၀၀ ကျပ်ထိ ဈေးတက်လာတာတွေ့ရပါတယ်။ ဒေသတွင်းတောင်ပျံ့မွှေး (အလတ်စ) ကတော့ ၂၇၀၀၀ ကျပ်ဈေးနဲ့ ရောင်းဝယ်လျက်ရှိပါတယ်။

ညှော်မထမိုး (သစ်) စပါးဈေးတွေလည်း ယခင်နှစ်တွေထက်စာရင် ဈေးကောင်းနေတာတွေ့ရပါတယ်။ ညှော်မထ မိုးစပါးတင်း ၁၀၀ ကို (အချော) ၅၇၀၄၀၀ ကျပ်ဖြစ်ပြီး၊ ဆန်တစ်အိတ်ဈေး ၂၂၀၀၀ ကျပ်ဖြင့် အရောင်း အဝယ်ပြုကြ ပါတယ်။ ဒေသတွင်းစားသုံးမှုများတဲ့ စပါးဈေးကတော့ တင်း ၁၀၀ ကို ၅၀၆၀၀၀ ကျပ်ဖြစ်ပြီး၊ ဆန်တစ်အိတ် ဈေး (အမာ) ကတော့ ၂၀၅၀၀ ကျပ်ဖြစ်ပါတယ်။ ယခုရက်ပိုင်းအတွင်း ဆန်တင်ပို့မှုမှာ ရန်ကုန်သို့ တစ်ရက်လျှင် ကားကြီးတစ်စီးဆန့် အိတ် ၇၀၀၊ ၈၀၀ သာအတင်ရှိတယ်လို့သိရပါတယ်။စပါးဈေး၊ ဆန်ဈေးတွေ မြင့်နေတာကြောင့် မူဆယ်ဘက်သို့ အတင်မရှိဘဲ အရောင်းအဝယ်တွေရပ်ဆိုင်းနေရတယ်လို့လည်း ဆန်ကုန်သည်တစ်ဦးက ပြောပါတယ်။

**နီနီဝင်း-ပြည်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၄-၁၂-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၈/၁၂ | ၂၄/၁၂ | ပြောင်းလဲမှု | ၁၈/၁၂ | ၂၄/၁၂ | ပြောင်းလဲမှု | ၁၈/၁၂ | ၂၄/၁၂ | ပြောင်းလဲမှု | ၁၈/၁၂ | ၂၄/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၃၇၀၇ | ၃၃၄၀ | ▼ | ၃၃၃၃ | ၂၀၃၃ | ▼ | ၃၂၅၀ | ၂၇၅၀ | ▼ | ၃၃၅၀ | ၃၃၅၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၅၅၄ | ၂၂၉၁ | ▼ | - | - | - | ၂၄၀၅ | ၂၂၀၀ | ▼ | ၂၄၇၅ | ၂၂၅၀ | ▼ |
| ၃ | ပဲတီစိမ်း | ၂၀၀၀ | ၁၉၆၅ | ▼ | ၁၈၆၇ | ၁၉၅၆ | ▲ | ၁၉၂၀ | ၁၉၂၀ | ■ | ၁၈၉၅ | ၁၈၄၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၂၅၀ | ၂၃၀၀ | ▲ | - | - | - | - | - | - | ၁၈၄၀ | ၁၈၉၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၄၀၀ | ၁၄၁၅ | ▲ | ၁၃၃၃ | ၁၄၁၇ | ▲ | ၁၄၂၅ | ၁၄၅၀ | ▲ | ၁၀၃၀ | ၁၀၃၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | - | - | - | ၆၅၀ | ၆၅၀ | ■ | ၆၃၀ | ၆၃၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၄-၁၂-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၇/၁၂ | ၂၃/၁၂ | ပြောင်းလဲမှု | ၁၇/၁၂ | ၂၃/၁၂ | ပြောင်းလဲမှု | ၁၇/၁၂ | ၂၃/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၇၃၀ | ၁၆၈၀ | ▼ | ၁၅၇၆ | ၁၄၈၀ | ▼ | ၁၅၀၁ | ၁၄၃၅ | ▼ |
| ၂ | ပဲစင်းငုံ | ၁၂၂၀ | ၁၂၂၀ | ■ | ၁၄၅၆ | ၁၃၆၀ | ▼ | ၁၄၄၁ | ၁၃၇၅ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၅၀ | ၁၀၅၀ | ■ | ၁၀၅၀ | ၁၀၂၇ | ▼ | ၁၀၉၅ | ၁၁၀၃ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၆၉၄ | ၇၀၂ | ▲ | ၇၃၉ | ၇၄၈ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၄.၁၅) မှ |
| | (၁၂.၁၂.၁၅)ထိ | (၁၉.၁၂.၁၅)ထိ | (၁၉.၁၂.၁၅) ထိ |
| မတ်ပဲ | ၁၀၅၃ | ၇၀၁ | ၃၈၉၇၉၇ |
| ပဲတီစိမ်း | ၆၇၀၁ | ၅၉၇၁ | ၁၃၆၈၀၀ |
| ပဲစင်းငုံ | ၄၂၂ | ၉၆၅ | ၁၁၇၀၈၂ |
| ကုလားပဲ | ၇၅ | - | ၂၃၃၆၈ |
| ပဲလွန်းဖြူ | ၆၀ | ၈၁ | ၁၃၄၁၃ |
| မြေထောက်ပဲ | ၁၉၃ | ၅၆ | ၁၂၉၁၆ |

## အင်းတော်ဒေသမှာ ပဲစိမ်းစားဥကြောင့် နှစ်စဉ် မိသားစုဝင်ငွေ သိန်းဂဏန်းထိ ဝင်ငွေကောင်းနေ

အင်းတော်မြို့နယ် ရှေးဟောင်းမြို့တော် မန်လည်သို့သွားရာလမ်းဘေး ဆည်ရွာကျေးရွာမှာ ဒေသထွက်ကုန် ပဲစိမ်းစားဥကို မိသားစုတိုင်းစိုက်ပျိုးကြလို့ နှစ်စဉ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများမှာ ပဲစိမ်းစားဥမှ မိသားစု ဝင်ငွေ သိန်းဂဏန်းအထိရှိကြောင်း သိရပါတယ်။

ပဲစိမ်းစားဥကို ရွှေဘို၊ မန္တလေး အဝယ်ကိုယ်စားလှယ်များက ရွာအရောက်လာဝယ်ကြလို့ မိမိခြံဝင်းအတွင်း အလုပ်မပျက်ဈေးကွက်ဖြစ်နေပါတယ်။ ဆည်ရွာထုတ်ကုန် ပဲစိမ်းစားဥကို နွားချေး၊ စပါးခွံမြေပဲခွံများနဲ့ စိုက်ပျိုးပြီး အခြားဓာတုဗေဒဆေးဝါးများ၊ ပိုးသတ်ဆေးများ လုံးဝမထည့်တဲ့အတွက် စိတ်ချစွာစားသုံးနိုင်တယ်လို့ သိရ ပါတယ်။

ပဲစိမ်းစားဥကို တစ်ဧက မျိုးစေ့နှစ်ပြည်စိုက်ပျိုးရပြီး အထွက်ပိဿာချိန် ငါးရာမှ တစ်ထောင်ကြား ထွက်ပါတယ်။ ရွာဈေးက တစ်ပိဿာ ၃၀၀ ကျပ်ရောင်းရလို့ သိန်းဂဏန်းအထိ မိသားစုဝင်ငွေရကြပါတယ်။ ကောလင်း၊ ရွှေဘို၊ မန္တလေးမြို့တွေကို အများဆုံး တင်ပို့တယ်လို့ သိရပါတယ်။ ပဲစိမ်းစားဥကို အင်းတော်၊ ကသာ၊ ဗန်းမော်မြို့နယ်များကလည်း ထွက်ပါတယ်။ ပဲစိမ်းစားဥက တာရှည်အထားခံတယ်၊ ဈေးကွက်ရှိတဲ့အတွက် ယခုထက်ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသင့်ပါတယ်။ တစ်နှစ်ကို တစ်ရွာလုံး ပိဿာချိန် သုံးသောင်းကျော် ထွက်မယ်လို့ ခန့်မှန်းပါတယ်။ ဒီဇင်ဘာလကုန်တဲ့အထိ အရောင်းအဝယ်ဖြစ်နေပါတယ်လို့ ပဲစိမ်းစားဥ စိုက်ပျိုးတဲ့ ဦးလှမြင့်ထံက သိရပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

## ဒီဇင်ဘာလလယ် ပြည်ပဲဈေးကွက်မှာ လက်လီပဲများနဲ့ ပြည်တွင်းဝယ်လက် ကုလားပဲ၊ ပဲကြီးအရောင်းသွက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်းသီးနှံနဲ့ ပဲစင်းငုံသီးနှံများအနက် ပဲစင်းငုံသီးနှံမှာ ပဲသစ်မဝင်သေးဘဲ၊ ပဲတီစိမ်းသီးနှံသာဝင်ရောက်မှုများပြီး အရောင်းအဝယ် သွက်နေပေမယ့် မတ်ပဲသီးနှံကတော့ အဟောင်းလက်ကျန်နည်းလို့ အရောင်းအဝယ်သိပ်မဖြစ်တော့ဘဲ မျိုးပဲတော့ အနည်းငယ်အဝယ်ရှိခဲ့တာကိုတွေ့ရပါတယ်။

မျိုးပဲဈေးမှာ တစ်တင်း ၇၂၀၀၀ ကျပ်ရရှိပြီး၊ လက်ကားအဝယ်ဈေးက တစ်တင်း ၆၈၅၀၀ ကျပ်ဖြင့်သာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်နှစ်က ဒီဇင်ဘာလအတွင်း မတ်ပဲဈေးမှာ တစ်တင်း ၂၇၅၀၀ ကျပ်ရရှိခဲ့တာကြောင့် ယခုနှစ်ဈေးက ဈေးကွက်မှာ ဈေးအမြင့်ဆုံး စံချိန်တင်မြင့်တက်ခဲ့သလို ပဲဈေးနှုန်းများ မြင့်တက်ခဲ့တဲ့အတွက် လှော်ပဲများလည်း ထုတ်ရောင်းနေခဲ့ကြတာကြောင့် ယခုလအတွင်းမှာ ပဲဟောင်းလက်ကျန်နည်းသွားခြင်းဖြစ်ကြောင်းသိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ယခင်နှစ်က ဒီဇင်ဘာလမှာ ဈေးကွက်တွင် တစ်တင်း ၂၄၀၀၀ ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သော်လည်း ယခုနှစ်မှာတော့ အောက်တိုဘာလမှစလို့ ပဲလက်ကျန်ပြတ်သွားခဲ့ကာ ယခုအချိန်ထိလည်း ပဲသစ်များဝင်ရောက်မှုမရှိသေးဘဲ ဒီဇင်ဘာလကုန်လောက်တွင်တော့ ဈေးကွက်သို့ ပဲသစ်များ ဝင်ရောက်လာ နိုင်တယ်လို့သိရပါတယ်။ ကုလားပဲသီးနှံကတော့ ပဲလက်ကျန်ရှိလို့ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကာ ခွဲစက် သမားများမှ အိတ် ၃၀၀ကျော်ထိ ဝယ်ယူမှုရှိခဲ့ပါတယ်။ ယခုလအတွင်း ကုလားပဲစိုက်ပျိုးချိန်ဖြစ်တဲ့အတွက် မျိုးပဲများလည်း ယခင်လ လလယ်ထိ ဝယ်ယူခဲ့ကြတယ်လို့သိရပါတယ်။ ယခုနှစ်ကုလားပဲမျိုးပဲဈေးမှာ တစ်တင်း ကျပ် လေးသောင်းကျော်ရရှိခဲ့ပြီး၊ ပဲခွဲစက်အဝယ်ရှိတဲ့ဈေးကတော့ တစ်တင်း ၃၇၀၀၀ ကျပ်ရရှိခဲ့ပါတယ်။

ပဲကြီးသီးနှံမှာ ပဲလက်ကျန်ရှိသော်လည်း (ရွှေကျွန်း) ထက် (ကမ်းနား) ပဲက ပိုအရောင်းသွက်ပြီး ပဲကြော်ဖို သမားဝယ်ယူလို့ အိတ် ၂၀၀၊ ၂၅၀ ကျော် အရောင်းအဝယ်ဖြစ်ကာ တစ်တင်း ၃၁၅၀၀ ကျပ်ရရှိခဲ့သလို (ရွှေကျွန်း)ပဲက တစ်တင်း ၃၃၀၀၀ ကျပ်ရရှိပြီး အရောင်းအဝယ်သိပ်မဖြစ်ဘူးလို့ သိရပါတယ်။ ပဲကြီးသီးနှံရဲ့ ယခင်နှစ် ကာလတူအချိန်မှာ ဖြစ်ပေါ်ခဲ့တဲ့ဈေးမှာ (ရွှေကျွန်း) တစ်တင်း ၁၇၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၁၄၀၀၀ ကျပ်သာရရှိလို့ ယခုနှစ်ဈေးကတော့ ယခင်နှစ်ရဲ့ဈေးထက် နှစ်ဆကျော် ပိုမိုရရှိခဲ့တာကို တွေ့ရပါတယ်။

ယခုတစ်ပတ်မှာ ဘိုကိတ်ပဲသစ် ဆက်တိုက်အဝင်ရှိပေမယ့် တစ်ရက်အိတ် ၃၀ ကျော်သာဝင်ရာက်ပြီး၊ အရောင်းအဝယ်ဖြစ်မှုလည်း အနည်းငယ်အေးနေခဲ့ပါတယ်။ ဈေးနှုန်းကတော့ တစ်တင်း ၃၁၀၀၀ ကျပ်နဲ့ လဆန်းရက်က ဈေးထက် ဈေးပိုရလာခဲ့ပါတယ်။ ပဲပုပ်သီးနှံမှာ ဈေးအပြောင်းအလဲမဖြစ်ဘဲ တစ်တင်း ၁၉၀၀၀ ကျပ်နဲ့ လက်ကျန်အနည်းငယ်သာ လက်လီ သမားအဝယ်ရှိခဲ့ပါတယ်။ စားတော်ပဲသီးနှံကတော့ လက်လီ ပဲဈေးကွက်မှာ ဈေးအမြင့်ရကာ တစ်တင်း ၃၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ နှစ်စဉ်ပဲဈေးကွက်မှာ ဈေးကောင်းရတဲ့ သီးနှံဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မုံရွာကုန်စည်ဒိုင်သို့ ပဲစင်းငုံနီအသစ် စဝင်ပြီ

မုံရွာကုန်စည်ဒိုင်သို့ ပဲစင်းငုံနီအသစ်များ စတင်ဝင်ရောက်လာပြီဖြစ်ပါတယ်။ ဒီဇင်ဘာ ဒုတိယပတ်အတွင်း စတင်ဝင်ရောက်ခဲ့ကာ တစ်ရက်ကို ပဲစင်းငုံအသစ်အိတ် ၃၀၀ ခန့်စတင်ဝင်ရောက်နေပြီး၊ ဝင်ရောက်တဲ့ပဲများမှာ ပုလဲမြို့နယ်ထွက်ပဲများဖြစ်ပါတယ်။ တစ်တင်း ၅၀၀၀၀ ကျပ်ဖြင့် ဈေးစတင်ဖွင့်ခဲ့ပြီး ကာလတူဈေးမှာ တစ်တင်း ၂၅၀၀၀ ကျပ်ဈေးရှိခဲ့ပါတယ်။

ပြည်ပနိုင်ငံရဲ့ ဝယ်လိုအားနဲ့အတူ အဖွင့်ဈေးမြင့်ခဲ့ပြီး ယခုနှစ်ပဲစင်းငုံ သီးနှံစိုက်ခင်းများရဲ့ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေမှာ ပဲစိုက်ဒေသများအားလုံးကောင်း မွန်တဲ့အတွက် ပဲစင်းငုံစိုက်တောင်သူတွေ ယခုနှစ်ဝင်ငွေကောင်းမယ့်နှစ်လို့ ကုန်သည်တစ်ဦးက သုံးသပ်ပြောကြားပါတယ်။

**အောင်မင်း-တန့်ဆည်**

## ပြည်ဘိုကိတ်သစ်များ ဈေးကောင်းရလျက်ရှိ

ပြည်ပဲဈေးကွက်သို့ ဆောင်းပဲသစ်များ အဝင်များလာကာ လက်လီအရောင်းအဝယ်သမားများနဲ့ အဓိကထားအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဘိုကိတ်ပဲသီးနှံကတော့ နိုဝင်ဘာလမှစ၍ ပဲသစ်များအဝင်ရှိခဲ့ပြီး ပဲဈေးနှုန်းမှာ တစ်တင်း ၂၄၀၀၀ ကျပ်မှ ၂၈၅၀၀ ကျပ်အထိ ဈေးမြင့်တက်လာခဲ့ပြီး အရောင်းအဝယ်ဖြစ်ခဲ့တာ တွေ့ရပါတယ်။ ယခုဒီဇင်ဘာလမှာတော့ လလယ်မှစ၍ ဈေးထပ်မံမြင့်တက်လာကာ ယခုလကုန်မှာတော့ တစ်တင်း ၃၂၀၀၀ ကျပ်ထိ ဈေးကောင်းလာခဲ့ပါတယ်။ ကံမမြို့နယ်၊ အောင်လံနှင့် ပြည်ကြား ဒေသတစ်ဝိုက်မှ ဝင်ရောက်ခဲ့သလို မိုးညိုဘက်မှလည်း ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲပုပ် တစ်နှစ်ပတ်လုံးဈေးအေးခဲ့

ပြည်ပဲဈေးကွက်မှာ ယခုနှစ်ကုန်ပိုင်းတွင် ဆောင်းဦးပဲသစ်အချို့ဝင်ရောက်လာသော်လည်း ပဲပုပ်သီးနှံကတော့ ဝင်ရောက်မှုမရှိသေးဘဲ လက်ကျန်ပဲအနည်းငယ်နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ လက်လီသမားသာအဝယ်ရှိလို့ အိတ်အနည်းငယ်သာ ဝယ်ယူမှုရှိပြီး ဈေးနှုန်းကတော့ တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့် ဈေးငြိမ်လျက်ရှိခဲ့ပါတယ်။

ပဲပုပ်သီးနှံမှာ အခြားပဲများကဲ့သို့ ဈေးနှုန်းများ ယခုနှစ်အတွင်း မြင့်တက်ခဲ့ခြင်းမရှိဘဲ တစ်နှစ်တာလုံးဈေးအေးခဲ့တဲ့ ပဲဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲတီစိမ်း အဝင် လျှိုင်လာသလို အဝယ်လည်း သွက်နေ

ပြည်ပဲဈေးကွက်သို့ ယခုလကုန်တွင် ပဲတီစိမ်းသစ်များ ဆက်လက်ဝင်ရောက်လျက်ရှိရာ ပန်းတောင်းမြို့နယ်နဲ့ ပြည်အနီးတစ်ဝိုက်နယ်စုံမှ ဝင်ရောက်ခဲ့လို့ တစ်ရက် အိတ် ၈၀၀ ကျော်မှ ၁၀၀၀ ကျော်အထိ ပဲအဝင်များလာခဲ့တာကို တွေ့ရပါတယ်။

မန္တလေး ဝယ်လက်ကလည်း အဝင်ရှိသမျှ ဝယ်ယူနေလို့ အိတ် ၁၀၀၀ကျော် ရောင်းချနိုင်ခဲ့သလို ပဲဈေးကတော့ တစ်တင်း ၃၆၅၀၀ ကျပ်နဲ့ ယခင်တစ်ပတ်ကထက် ဈေးလျော့ခဲ့ကာ အရောင်းအဝယ် သွက်နေခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံမှာ ပဲသစ်အဖွင့်ဈေးနှုန်းက တစ်တင်း ကျပ် လေးသောင်းကျော်ရရှိခဲ့ပေမယ့် ပဲအဝင်များချိန်မှစလို့ ပဲဈေးတဖြည်းဖြည်း လျော့သွားခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ယခင်နှစ်ကာလတူမှာဖြစ်ပေါ်တဲ့ ပဲမျိုးစုံနဲ့ ပြောင်းဖူးစေ့ ဈေးနှုန်းများထက် ယခုနှစ်မှာဈေးမာပြီး နှမ်းရောင်စုံများဈေးအေးလျက်ရှိနေတဲ့ မန်းကုန်စည်ဒိုင်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ နေ့စဉ်နေ့တိုင်း (ဥပုသ်နေ့မှအပ) လယ်ယာထွက်ကုန်သီးနှံများဖြစ်တဲ့ ပဲမျိုးစုံ၊ ပြောင်းမျိုးစုံနဲ့ နှမ်းရောင်စုံများ အရောင်းအဝယ် ပြုလုပ်လျက်ရှိရာ ဒီဇင်ဘာလ စတုတ္ထပတ်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းများရဲ့ဈေးနှုန်းများကို ယခင်နှစ်ကာလတူမှာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဈေးနှုန်းများကို နှိုင်းယှဉ်ပါက -

**တစ်ပိဿာဈေး-ကျပ်**

| သီးနှံအမည် | ၁၂/၂၀၁၄ | | ၁၂/၂၀၁၅ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၆၈၃ | ၁၉၂၀ | ၁၇၂၄ | ၁၉၅၆ |
| ပဲလွန်းဖြူ | ၉၆၇ | ၁၀၀၀ | - | ၁၃၃၃ |
| ပဲကြီး | - | ၁၂၆၇ | - | ၁၆၂၉ |
| ပဲပုပ် (ရှမ်း) | ၉၂၀ | ၉၃၉ | ၉၉၅ | ၁၀၃၃ |
| ပဲပုပ် (ဗမာ) | ၉၉၅ | ၁၀၀၀ | ၉၀၁ | ၉၂၀ |
| ပဲယင်း | ၁၀၈၃ | ၁၁၁၇ | ၈၀၀ | ၈၁၇ |
| ထောပတ်ပဲ | - | ၁၈၆၇ | (သေး) ၅၈၇ | (သေး) ၆၂၂ |
| မတ်ပဲ | - | ၁၃၈၃ | - | ၃၁၆၇ |
| ကုလားပဲဖြူကြီး | - | ၇၉၅ | - | ၂၀၉၆ |
| ပဲစင်းငုံနီ | ၁၂၁၇ | ၁၂၂၅ | - | ၂၁၃၃ |
| ပြောင်းဖူးစေ့ (ရှမ်း) | ၃၆၁ | ၃၆၅ | ၄၂၂ | ၄၂၆ |
| ပြောင်းဖူးစေ့ (ဗမာ) | - | ၃၄၃ | - | ၄၀၇ |
| ပြောင်းဖူးစေ့ (CP) | ၃၆၁ | ၃၆၅ | ၄၂၆ | ၄၃၁ |
| အထွက်တိုးပြောင်း | ၃၆၈ | ၃၇၀ | - | ၄၉၁ |
| ဆန်ပြောင်း | - | ၃၃၈ | - | ၅၄၀ |
| နှမ်းဖြူ | ၂၃၁၁ | ၂၆၆၇ | ၁၈၂၂ | ၁၉၇၈ |
| နှမ်းညို | - | ၂၁၁၁ | ၁၆၂၂ | ၁၆၆၇ |
| နှမ်းနက် | ၂၆၆၇ | ၃၆၆၇ | ၃၀၀၀ | ၃၃၃၃ |
| နှမ်းနက် (စမုံ) | ၄၂၂၂ | ၄၄၄၄ | ၄၁၁၁ | ၄၂၂၂ |
| ပန်းနှမ်း | - | ၁၁၃၃ | ၁၇၃၃ | ၁၇၇၈ |
| မြေပဲဆန် (S1 လုံးဆန်) | ၂၄၀၀ | ၂၅၀၀ | ၂၄၅၀ | ၂၅၅၀ |

ယခုတစ်ပတ်မှာ ပဲတီစိမ်းကြီးတစ်ပိဿာ ၁၉၅၆ ကျပ် (တစ်တန် ၁၁၉၇၈၃၅ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ် ကာလတူဈေးနှုန်းထက် တစ်ပိဿာ ၃၆ ကျပ် (တစ်တန် ၂၂၀၄၆ ကျပ်) ဈေး မြင့်တက်သွားတာကြောင့် တစ်နှစ်နဲ့တစ်နှစ် ဈေးကွာဟမှု ကျဉ်းမြောင်းပါတယ်။ ယခုတစ်ပတ်မှာ ပဲတီစိမ်းကြီးကို နေ့စဉ်သုံးတင်းအိတ် ၇၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ထို့အတူ တရုတ်ဝယ်လက်အဆွဲရှိတဲ့ ပဲလွန်းဖြူက ယခု တစ်ပတ်မှာ တစ်ပိဿာ ၁၃၃၃ ကျပ် (တစ်တန် ၈၁၆၃၁၆ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ကာလတူ ဈေးနှုန်းထက် တစ်ပိဿာ ၃၃၃ ကျပ် (တစ်တန် ၂၀၃၉၂၆ ကျပ်) ဈေးမာပြီး နေ့စဉ်သုံးတင်းအိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ကာ ပဲကြီး တစ်ပိဿာ ၁၆၂၉ ကျပ် (တစ်တန် ၉၉၇၅၈၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ဈေး နှုန်းထက် တစ်ပိဿာ ၃၆၂ ကျပ် (တစ်တန် ၂၂၁၆၈၅ ကျပ်) ဈေးမာပြီး နေ့စဉ်သုံးတင်းအိတ် ၃၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပုံမှန်အရောင်းအဝယ်ဖြစ်တဲ့ ပဲပုပ်များအနေနဲ့ကတော့ ယခုတစ်ပတ်မှာ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၁၀၃၃ ကျပ် (တစ်တန် ၆၃၂၅၉၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ကာလတူ ဈေးနှုန်းထက် မြင့်ပြီး ပဲပုပ် (ဗမာ)တစ်ပိဿာ ၉၂၀ ကျပ် (တစ်တန် ၅၆၃၃၉၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ကာလတူ ဈေးနှုန်းအောက် တစ်ပိဿာ ၈၀ ကျပ် (တစ်တန် ၄၈၉၉၁ ကျပ်) ဈေးအေးသွားပြီး နေ့စဉ် ပဲပုပ်နှစ်မျိုးပေါင်း သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်ဆွဲအားရှိနေတဲ့ ပဲယင်းဟာ ယခုတစ်ပတ်မှာ တစ်ပိဿာ ၈၁၇ ကျပ် (တစ်တန် ၅၀၀၃၂၃ ကျပ်) နဲ့အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ဈေးနှုန်းအောက် တစ်ပိဿာ ၃၀၀ ကျပ် (တစ်တန် ၁၈၃၇၁၇ ကျပ်)ဈေးအေးသလို အရောင်းအဝယ်အေးတာကြောင့် နေ့စဉ်သုံးတင်းအိတ် ၁၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ ထောပတ်ပဲ (အသေး) တစ်ပိဿာ ၆၂၂ ကျပ် (တစ်တန် ၃၈၀၉၀၇ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး၊ ရန်ကုန်ဝယ်လက်နဲ့ အိန္ဒိယဝယ်လက်အဆွဲရှိတဲ့ မတ်ပဲဟာ ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၁၆၇ ကျပ် (တစ်တန် ၁၉၃၉၄၃၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ကာလတူထက် တစ်ပိဿာ ၁၃၈၃ ကျပ် (တစ်တန် ၁၀၉၂၅၀၄ ကျပ်) ဈေးမာပြီး နေ့စဉ်သုံးတင်းအိတ် ၄၀၀ ခန့်၊ ပဲစင်းငုံနီတစ်ပိဿာ ၂၁၃၃ ကျပ် (တစ်တန် ၁၃၀၆၂၂၈ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ကာလတူဈေးနှုန်းထက် တစ်ပိဿာ ၉၀၈ ကျပ်(တစ်တန် ၅၅၆၀၅၀ ကျပ်) ဈေးမာနဲ့ အရောင်းအဝယ် ဖြစ်ကြောင်းသိရပါတယ်။

ပြည်တွင်းဈေးကွက်မှာသာ အရောင်းအဝယ်ဖြစ်နေတဲ့ ကုလားပဲဖြူကြီးက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၉၆ ကျပ် (တစ်တန် ၁၂၈၃၅၆၉ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ယခင်နှစ်က တရုတ်ဝယ်လက် ဆွဲအားကောင်းတဲ့ ပြောင်းဖူးစေ့များက ယခုနှစ်မှာ အရောင်းအဝယ် အေးနေပါတယ်။ ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၂၆ ကျပ် (တစ်တန် ၂၆၀၈၇၈ ကျပ်)၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၄၀၇ ကျပ် (တစ်တန် ၂၄၉၂၄၃ ကျပ်)၊ ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ၄၃၁ ကျပ် (တစ်တန် ၂၆၃၉၄၀ ကျပ်)၊ အထွက်တိုးပြောင်း တစ်ပိဿာ ၄၉၁ ကျပ် (တစ်တန် ၃၀၀၆၈၃ ကျပ်)၊ ဆန်ပြောင်းတစ်ပိဿာ ၅၄၀ ကျပ် (တစ်တန် ၃၃၀၆၉၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ကာလတူဈေးနှုန်းရဲ့ အထက်နဲ့ အရောင်းအဝယ်ဖြစ်ပြီး၊ အဆိုပါ ပြောင်းငါးမျိုး နေ့စဉ်သုံးတင်းအိတ် ၉၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြည်ပ (တရုတ်) ဝယ်လက် ပုံမှန်ဝယ်ယူမှုရှိတဲ့ နှမ်းရောင်စုံများက ယခင်နှစ် ကာလတူဈေးနှုန်းအောက်မှာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ နှမ်းဖြူတစ်ပိဿာ ၁၉၇၈ ကျပ်(တစ်တန် ၁၂၁၁၃၀၇ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၆၈၉ ကျပ် (တစ်တန် ၄၂၁၉၃၇ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၁၆၆၇ ကျပ် (တစ်တန် ၁၀၂၀၈၅၄ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ကာလတူ ဈေးနှုန်းအောက်တစ်ပိဿာ ၄၄၄ ကျပ် (တစ်တန် ၂၇၁၉၀၁ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၃၃၃၃ ကျပ် (တစ်တန် ၂၀၄၁၀၉၆ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၃၃၄ ကျပ် (တစ်တန် ၂၀၄၅၃၈ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၂၂၂ ကျပ် (တစ်တန် ၂၅၈၅၅၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၂၂၂ ကျပ် (တစ်တန် ၁၃၅၉၅၁ ကျပ်) နဲ့ ဈေးအေးပြီး အဆိုပါ နှမ်း ၄ မျိုး နေ့စဉ် ၃ တင်းအိတ် ၁၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ မြေပဲဆန် S1 လုံးဆန်မှာ တစ်ပိဿာ ၂၅၅၀ ကျပ် (တစ်တန် ၁၅၆၁၅၉၅ ကျပ်) နှင့် အရောင်းအဝယ်ဖြစ်လို့ ယခင်နှစ်ကာလတူဈေးနှုန်းနဲ့ ကွာဟမှု သိပ်မရှိဘဲ နေ့စဉ်သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပဲအများစုက ယခင်နှစ်ထက် ဈေးမာပေမယ့် အရောင်းအဝယ် အနည်းငယ်အေးသလို ပြောင်းမျိုးစုံမှာလည်း ယခင်နှစ်ကာလတူ ဈေးနှုန်းအထက်မှာရှိပေမယ့် အရောင်းအဝယ်အေးပါတယ်။ ရှမ်းပြည်နယ်ဘက်ကထွက်တဲ့ ပြောင်းဖူးစေ့များ မန္တလေးကိုအဝင်မရှိဘဲ ထိုနယ်များမှ တိုက်ရိုက်တင်ပို့မှုရှိကြောင်း၊ နှမ်းရောင်စုံများ ယခင်နှစ်ဈေးနှုန်း အောက်ကိုရောက်နေပေမယ့် ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း ကုန်သည်ပွဲစားကြီးတစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

# မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာစတုတ္ထပတ် ပဲဈေးကွက် ငုံနီအသစ် အဝင်အနည်းငယ်သွက်လာ

မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာလစတုတ္ထပတ် ပဲဈေးကွက်မှာ ပြီးခဲ့တဲ့တစ်ပတ်ကထက် ငုံနီအသစ် ပိုမို ဝင်ရောက်ခဲ့ကာ ပေါက်ဈေးလည်း တစ်တင်း ၂၃၀၀ ကျပ်အထိကျသွားပြီး ၄၇၂၀၀ ကျပ်နဲ့ တစ်ရက်အိတ် ၂၀၀ ခန့် အရောင်းအဝယ်သွက်လာကြောင်း ပွဲရုံရပ်ကွက်က သိရပါတယ်။ ဈေးကွက်တည်ငြိမ်မှုမရှိသေးပေမယ့် ဒီနေ့ ပေါက်ဈေးဟာ တစ်တင်း ၅၀၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်လုပ်ထားသူတွေအတွက် အချက်ပေး ခေါင်းလောင်းသံတစ်ခုလိုဖြစ်နေလို့ ကြိုပွဲငွေ့သမားတွေ သတိထားသင့်တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။



ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာလည်း နယ်ကပဲတွေ အဝင်သွက်ပေမယ့် ကျဈေးနဲ့သာ အရောင်းအဝယ်သွက်ခဲ့ရာ စိမ်းကြီး တစ်တင်း ၃၆၀၀၀ ကျပ်နဲ့ တစ်ရက် အိတ် ၃၀၀ ခန့် ဖြစ်ခဲ့သလို၊ စိမ်းသေး တစ်တင်း ၃၆၅၀၀ ကျပ်နဲ့ တစ်ရက်အိတ် ၅၀၀ ခန့်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ဒီရက်သတ္တပတ်မှာ မတ်ပဲအသစ်တွေ ဒိုင်ကိုဝင်ရောက်မှုများလာစပြုပေမယ့် တစ်တင်း ၅၅၃၀၀ ကျပ်ထိ ဈေးသိသိသာသာကျဆင်းခဲ့ကာ အရောင်းအဝယ်အားဖြင့် တစ်ရက် အိတ် ၅၀၀ ခန့်အထိ ဖြစ်ခဲ့တယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ် ပဲလွန်းအုပ်စုဈေးကွက်မှာတော့ လွန်းဖြူဟာ တစ်တင်း ၂၉၀၀၀ ကျပ်ဈေးနဲ့ တစ်ရက်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့သလို လွန်းပြာအနေနဲ့ တစ်တင်း ၂၉၀၀၀ ကျပ်အထိ ပြီးခဲ့တဲ့ တစ်ပတ်ကထက် တစ်တင်း ၄၀၀၀ ကျပ်ပိုကာ ပေါက်ဈေးမြင့်လာခဲ့ပြီး တစ်ရက်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ် ဒေသသုံးပဲဈေးကွက်မှာတော့ ပဲကြီးမှာ အသစ်မပေါ်သေးဘဲ အဟောင်းဈေး တစ်တင်း ၂၇၀၀၀ ကျပ်-၂၉၀၀၀ ကျပ်တွေမှာ ငြိမ်နေသလို စွန်တာနီအဟောင်း တစ်တင်း ၁၅၀၀၀ ကျပ်နဲ့ ပဲနီလုံးကြား အဟောင်း တစ်တင်း ၁၅၅၀၀ ကျပ်ဈေးတွေမှာ ငြိမ်နေပြီး ကြာဆံစက်သမားနဲ့ ပဲလက်လီအဝယ်ပုံမှန်ရှိတယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။

ကုလားပဲဈေးကွက်အနေနဲ့လည်း ကုန်သည်လက်ဝယ် ပဲဟောင်းမကျန်သလောက်ဖြစ်နေကာ လုပ်ငန်းသုံးအတွက် လိုဝယ်သမား ပုံမှန်ရှိနေလို့ ဈေးဆက်မာနေရာ ထိုင်ဝမ် တစ်တင်း ၃၆၅၀၀ ကျပ်၊ V2 တစ်တင်း ၃၈၅၀၀ ကျပ်နဲ့ 929 တစ်တင်း ၃၈၀၀၀ ကျပ်အသီးသီး ပေါက်ဈေးဖြစ်နေပြီး တစ်ရက် အိတ်၁၀၀မှ ၂၀၀ကြားသာ အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## နနွင်း



### ဒီတစ်ပတ် နနွင်း တန် ၁၅၀ နီးပါး တင်ပို့ခဲ့

ဒီဇင်ဘာလ ၁၃ ရက်မှ ၁၉ ရက်သီတင်းပတ်အတွင်း နနွင်း ၁၄၉ ဒသမ ၉၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၂၂၃၉၆ ဒသမ ၅၀တန်ဖိုးရှိ နနွင်း ၃၁ ဒသမ ၉၉၅ တန်ကို စင်ကာပူနိုင်ငံ၊ ကန်ဒေါ်လာ ၄၂၅၇၀ တန်ဖိုးရှိ နနွင်း တန် ၆၀ ကို မလေးရှားနိုင်ငံ၊ ကန်ဒေါ်လာ ၁၀၅၇၅ တန်ဖိုးရှိ နနွင်း ၁၅ တန်ကို ပါကစ္စတန်နိုင်ငံ၊ ကန်ဒေါ်လာ ၁၀၆၅၀ တန်ဖိုးရှိ နနွင်း ၁၅ တန်ကို အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံနဲ့ ကန်ဒေါ်လာ ၁၉၈၈၀ တန်ဖိုးရှိနနွင်း ၂၈ တန်ကို အိန္ဒိယနိုင်ငံကို တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ် နနွင်းတင်ပို့မှုမှာ တန်ချိန် ၁၅၁ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တစ် တန်ကျော်သာ တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ဟိုပုံးဈေးကွက်မှတစ်ဆင့် ပြည်ပအရောင်းအဝယ်ဖြစ်တဲ့ ရှမ်းနနွင်း

ရှမ်းနနွင်းကတော့ အရောင်းအဝယ်နည်းနည်းချင်းစီဖြစ်နေပါတယ်။ ပြည်တွင်းသုံး ဝယ်လက်တွေကတော့ လိုသလောက်သာ ဝယ်ယူကြတာကြောင့် အဝယ်ကလည်း ပုံမှန်မရှိပါဘူး။ တစ်ခါတစ်ရံ အရောင်းအဝယ်ဖြစ်လိုက်၊ မဖြစ်လိုက်နဲ့ ရှိတာကြောင့် အရောင်းအဝယ်ကလည်း သိပ်ပြီးမဆိုးသေးဘူးလို့ ဆိုပါတယ်။ ပြည်တွင်းဝယ်လက်တွေကတော့ အမှုန့်ကြိတ်ဖို့နဲ့ ပရဆေးဖော်ဖို့အတွက်သာ ဝယ်ယူကြပြီး၊ တစ်ခါဝယ်ရင်လည်း ပိဿာချိန် ၁၀၀ မှ ၃၀၀ ခန့်သာဝယ်ယူတယ်လို့ သိရပါတယ်။ အခုနှစ်တော့ နှစ်စပိုင်းလောက်ကစပြီး မူဆယ်ဝယ်လက်တွေ အဝယ်ရှိလာပြီး နှစ်လယ်လောက်မှာတော့ ရန်ကုန်ဝယ်လက်တွေပါ ဝယ်ယူမှုရှိလာပါတယ်။ ဒီတစ်ပတ်မှာလည်း မူဆယ်ဝယ်လက်နဲ့ ရန်ကုန်ဝယ်လက်အဝယ်ရှိနေတာကြောင့် တစ်ပတ်အတွင်းမှာ နနွင်းပိဿာချိန် တစ်သောင်း ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

အောင်ပန်းနနွင်းကတော့ ပြည်ပဝယ်လက်က တိုက်ရိုက်ဝယ်အားနည်းပြီး ဟိုပုံးဈေးကွက်ကို ပြန်တင်ပို့လို့ ဟိုပုံးဈေးကွက်ကနေတစ်ဆင့် အရောင်းအဝယ်ဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီနှစ်နနွင်း တစ်ပိဿာ ပေါက်ဈေး တွေကတော့ အောင်ပန်းနနွင်း(တောင်ပို့လစ)က ၁၅၀၀ ကျပ်မှ ၁၆၅၀ ကျပ်၊ ဆင်တောင်နနွင်းက ၁၈၀၀ ကျပ်နဲ့ ဟိုပုံးနနွင်းက ၁၈၅၀ ကျပ်ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

| ၂၁-၁၂-၂၀၁၅ မှ ၂၄-၁၂-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 150 | 7,138,640.468 |
| 2 | Form D | 26 | 1,829,501.920 |
| 3 | Form E | 66 | 1,868,782.800 |
| 4 | Korea GSP | 7 | 288,031.100 |
| 5 | Form AK | 50 | 2,395,397.630 |
| 6 | Form AJ | 3 | 122,593.710 |
| 7 | Form AI | 33 | 1,294,585.060 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **335** | **14,937,532.688** |

## ချင်း

### ပြည်ချင်းအဝင်များလို့ ဈေးဆက်လက်ကျ

ဒီဇင်ဘာလ စတုတ္ထပတ်မှာတော့ ပြည်ချင်းဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၂၇၀ ခန့် ဝင်ရောက်မှုရှိပြီး ဈေးဆက်လက်ကျလာပါတယ်။ ချင်းထွက်ရှိရာ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းအသစ်များ အဝင်များပေမယ့် ရောင်းအားကတော့ သိပ်ပြီးမကောင်းလှဘူးလို့ ချင်းပွဲရုံများမှသိရပါတယ်။အခုဆိုရင် ပုံမှန်ဝယ်နေကျ လက်လီ၊ လက်ကားရောင်းဝယ်သူများသာ ဝယ်ယူနေတာကြောင့် ပစ္စည်းများပြီး ဈေးကတော့ ကျလာပါတယ်။ ဈေးနှုန်းမှာလည်း ချင်းတစ်ပိဿာကို (ရှယ်) ၇၀၀ ကျပ်၊ (ဂွန်) ၅၀၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိတာကြောင့် ယခင်တစ်ပတ်ကထက် တစ်ပိဿာကို ၂၀၀ ကျပ်ခန့် ဈေးကျသွားခဲ့ပါတယ်။ ဈေးကျသွားသော်လည်း အရောင်းအဝယ်မှာ တစ်နေ့ကို ပိဿာချိန် ၂၀၀ ခန့်သာရှိပြီး ဈေးကွက်မှတစ်ဆင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဘက်သို့ စားသုံးမှုအဖြစ် တစ်နေ့ကို ပိဿာချိန် ၂၅၀ ခန့် တင်ပို့နေတယ်လို့ ချင်းပွဲရုံများမှတစ်ဆင့် သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### အောင်ပန်းချင်းဈေးကွက်မှာ ပြည်ပဝယ်လက်အေးနေ

အောင်ပန်းဈေးကွက်ရဲ့ အဓိကသီးနှံဖြစ်တဲ့ ချင်းက ဒီနှစ်မှာတော့ လအတော်အတန်ကြာ ပြည်ပဝယ်လက်မရှိတာကြောင့် ဈေးကောင်းမရသေးပါဘူး၊ ပုံမှန်အဝင်ရှိနေပေမယ့်ဝယ်လက်ကတော့ နည်းပါတယ်။ ဒီတစ်ပတ်ဆိုရင် ရန်ကုန်၊ စစ်တွေ ဝယ်လက်တွေက ပိဿာချိန် ထောင်ချီပြီးဝယ်ခဲ့လို့ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ပုံမှန်ဝယ်လက်တွေဖြစ်တဲ့ ချင်းထိုးသမားတွေကတော့ အဝယ်နည်းနည်းရပ်သွားပါတယ်။ ဒီလိုအဝယ် ပါးနေတဲ့ အချိန်မှာ ချင်း(စို)ကို အခြောက်ပြုလုပ်လိုပေမယ့် ဈေးကလည်း အခြောက်ပြုလုပ်ဖို့အထိ မကိုက်သေးတာကြောင့် သိပ်လည်း မလုပ်ဖြစ်သေးဘူးလို့ ဈေးကွက်ကသိရပါတယ်။ ယခင်နှစ်တွေက နနွင်းရောင်းမကောင်းပေမယ့် ချင်းကရောင်းအားရှိနေတော့ တောင်သူတွေအနေနဲ့ အခြေအနေသိပ်မဆိုးပါဘူး။ ဒါပေမယ့် ဒီနှစ်က ချင်းပါလိုက်ပြီး အရောင်းအဝယ်ကအေးနေတော့ ပစ္စည်းလက်ကျန်တွေလည်း အတော်များများရှိနေပါတယ်။ဒီတစ်ပတ်မှာ အောင်ပန်းဈေးကွက်က ချင်းတွေကို ရန်ကုန်နဲ့ စစ်တွေဝယ်လက်တွေက ပိဿာချိန် ကိုးသောင်းခန့် ဝယ်ယူသွားတယ်လို့လည်း သိရပါတယ်။ ချင်းတစ်ပိဿာ ပေါက်ဈေးကတော့ အနိမ့်ဆုံး ၃၅၀ ကျပ်မှ အမြင့်ဆုံး ၄၇၀ ကျပ် ဈေးရှိပါတယ်။ အဲဒီဝယ်လက်တွေကပဲ ချင်းစိုနဲ့အတူ ချင်းခြောက်ကို ဝယ်ယူခဲ့လို့ ချင်းခြောက်ကလည်း ပိဿာချိန် ငါးသောင်းငါးထောင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ချင်းခြောက် ပေါက်ဈေးကတော့ တစ်ပိဿာ ၂၀၀၀ ကျပ်မှ ၂၈၀၀ ကျပ်ဈေးရှိပါတယ်။ **ဧခိုင်-တောင်ကြီး**

## ကြက်သွန်



### ကြက်သွန်နီဈေးနှုန်း ထက်ဝက်ခန့် ကျဆင်း

ပြည်တွင်း ကြက်သွန်နီဈေးနှုန်းမှာ နိုဝင်ဘာ တတိယပတ်တွင် လက်ကား ပျမ်းမျှတစ်ပိဿာကို ကျပ် ၃၀၀၀ မှ ၄၀၀၀ နီးပါးထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ယခုရက်ပိုင်း လက်ကားတစ်ပိဿာကို ၁၅၀၀ ကျပ်လောက်ထိ ပြန်လည်ကျဆင်းလာပြီလို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရပါတယ်။

ဒီဇင်ဘာ တတိယပတ်မှာတော့ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၂၆၅၂ တန်ဖိုးရှိ ကြက်သွန်နီ ၄ တန်ခွဲ တင်သွင်းလာခဲ့ပြီး ကန်ဒေါ်လာ ၂၀၇၈၅ တန်ဖိုးရှိကြက်သွန်ဖြူ ၁၄ တန်ကို တင်ပို့ခဲ့ပါတယ်။

ကြက်သွန်နီဈေးများ ထက်ဝက်ခန့် ပြန်လည်ကျဆင်းလာရခြင်းမှာ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံတို့မှ ပြည်ပကြက်သွန်နီများ ဝင်ရောက်မှုများခြင်း၊ မိုးစိုက်ကြက်သွန်နီ အဝင်များခြင်း၊ ဝယ်လိုအား နည်းနေခြင်းတွေကြောင့် ယခုရက်ပိုင်းအတွင်း ဈေးပြန်လည်ကျဆင်းလာရတာလို့ ကြက်သွန်နီ လက်ကားအရောင်းဒိုင်များမှ သိရပါတယ်။

**မော်မော်အောင်**

## ကြက်သွန်

### ပြည်ကြက်သွန်နီသစ် ဈေးမာဆဲ

ဒီဇင်ဘာလစတုတ္ထပတ်အတွင်း ပြည်ကြက်သွန်နီအသစ်ဈေးတွေ ကျတော့မလိုလိုနဲ့ ဈေးအနည်းငယ်မာနေ ပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်နေပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီ (ပွဲရုံဈေး) တစ်ပိဿာလျှင် (ကြီး) ၁၉၀၀ ကျပ်၊ (လတ်) ၁၇၀၀ ကျပ်နဲ့ (သေး) ၁၅၀၀ ကျပ်တို့ဖြစ်ပြီး ဒေသတွင်းလက်လီဈေး (ကြီး) ၂၂၀၀ ကျပ်၊ (လတ်) ၂၀၀၀ ကျပ်နဲ့ (သေး) ၁၇၀၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိကြပါတယ်။ အရည်အသွေးညံ့ ကြက်သွန်နီ အသစ်များဖြစ်ပေမယ့် ရှားပါးချိန်မှာ ဈေးနှုန်းအမြင့်နဲ့ သုံးစွဲကြရခြင်းဖြစ်ပါတယ်။ ကြက်သွန်နီ (ပွဲရုံ)နဲ့ ကုန်သည် များဟာ လှောင်ရန်ကြက်သွန်စမဟုတ်လို့ အရောင်းအဝယ်ဖြစ်ရန်နဲ့ ဒေသတွင်းသုံးစွဲမှုအဆင်ပြေရန်အတွက်သာ ပွဲရုံမှာ ထားရှိကြောင်းလည်း သိရပါတယ်။ တစ်ရက်ကို ရေနံချောင်း၊ ပခုက္ကူမှ ကြက်သွန်များ ကားကြီးတစ်စီးပါ အိတ် ၈၀၀ ခန့်အဝင်ရှိပြီး ဒေသတွင်း အိတ်ဆွဲသမားများကြောင့် အိတ်ရေ ၂၅၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**



### မုံရွာမြို့နယ်(မြေနဲ၊ ကျွဲရဲ) မိုးစိုက်ကြက်သွန်နီများ ဈေးကွက်သို့ စတင်ဝင်ရောက်လာ

မုံရွာမြို့နယ် မြေနဲကျေးရွာနဲ့ ကျွဲရဲကျေးရွာများမှ မိုးစိုက်ကြက်သွန်နီများ ဒီဇင်ဘာတတိယပတ် အတွင်းထွက်ပေါ်လာပြီဖြစ်၍ ဈေးကွက်သို့ စတင် တင်ပို့နေပြီဖြစ်ကြောင်း မြေနဲကျေးရွာကြက်သွန်နီ တောင်သူဦးအောင်ထူးထံမှ သိရပါတယ်။ ယခုနှစ်အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး တစ်ပိဿာ လက်ကားဈေး ကျပ် ၁၀၀၀ခန့်ရရှိကြောင်း သိရပါတယ်။ ဒီဇင်ဘာဒုတိယပတ်အထိ ဒေသတွင်းစိုက် ကြက်သွန်နီအထွက်မလှိုင်သေးသဖြင့် မြစ်သား၊ ပခုက္ကူ မိုးကြက်သွန်နီများ မုံရွာဈေးကွက်သို့ တစ်ရက်လျှင် ပိဿာချိန် ၂၀၀၀၀ ခန့်ဝင်ရောက်လျက်ရှိရာ ဈေးနှုန်းများမှာ လက်လီဈေးအမြင့် ၁၈၀၀ ကျပ်၊ အလတ် ၁၆၀၀ ကျပ်၊ အနိမ့် ၁၅၀၀ ကျပ်ဈေးဖြစ်ပေါ်လျက်ရှိပါတယ်။ ဒီဇင်ဘာ တတိယပတ်မှစတင်၍ ဒေသတွင်းစိုက်ပျိုးတဲ့ ကြက်သွန်နီများ တစ်ရက်ပိဿာချိန် ၅၀၀၀ခန့် စတင်ဝင်ရောက်လာပြီဖြစ်၍ အထွက်လှိုင်ပါက ဈေးဆက်လက်ကျဆင်းဖွယ်ရှိကြောင်း ကြက်သွန်ပွဲရုံများက သိရပါတယ်။

**အောင်မင်း-တန့်ဆည်**

# ပျိုးပင်နှင့် ပေါင်းပင်

|မောင်မောင်အေး - လှိုင်ကော်|

ရည်ရွယ်ချက်ရှိရှိနဲ့ သစ်ပင်တစ်ပင်စိုက်မယ်ဆိုရင် အတော်လေး လုံ့လဝီရိယထားရပါတယ်။ မျိုးစေ့ကစပြီး စိုက်မလား၊ ကိုင်းကူးပြီးပျိုးမလား၊ ကိုင်းဖြတ်ပြီး စိုက်မလား စသည်ဖြင့်ပေ့ါ။ မျိုးစေ့ကစပြီး စိုက်မယ်ဆိုကြပါစို့၊ သန်မာထွားကြိုင်းပြီး အပြစ်မဲ့တဲ့ မျိုးစေ့ကိုအရင် ရှာရမယ်၊ ပြီးတော့မြေဓာတ်လည်းရှိရမယ်၊ ရေဓာတ်လည်းပေးရမယ်၊ အလင်းဓာတ်လည်းပေးရှိရမယ်။ ဒါတွေစုံရင်တော့ အဲဒီမျိုးစေ့က အပင်တစ်ပင် ဖြစ်ထွန်းရှင်သန်ဖို့ ရာနှုန်းတော်တော်များပြီလို့ ပြောနိုင်ပါတယ်။ ဆက်လက်ရှင်သန်ကြီးထွားပါမယ်လို့ အာမခံလို့ မရသေးဘူးနော် ဘေးပယောဂတွေက ရှိသေးတယ်မဟုတ်လား။

ဒါကမျိုးစေ့တစ်စေ့ကနေ အပင်၊ ပျိုးပင်တစ်ပင်ရရှိဖို့ အခြေခံလိုအပ်ချက်များဖြစ်ပါတယ်။ လူကြီးတွေရဲ့ ရှေးဆိုစကားလို အိမ်နောက်ဖေးဈေးဆိုင်တည်တဲ့ အဆင့်အထိ မလုပ်ပါနဲ့ဦး။ ပန်းအိုးထဲမှာပဲ ပျိုးပင်တစ်ပင်ရအောင် ပျိုးထောင်ကြည့်ရအောင်ပါ။ ပဲပင်တစ်ပင်ဆိုပါတော့ မြေဓာတ်နဲ့ ရေဓာတ်ဝလို့ ကုန်းကုန်းကောက်ကောက်နဲ့ ကုန်းရုန်းထမလို့ကြံကာရှိသေး ဘေးမှာစိမ်းစိမ်းသေးသေးပေါင်းပင်ကလေးတွေ ရာနဲ့ချီပြီး ထကြွလာတာ တွေ့ရပါ လိမ့်မယ်။ သူတို့ဟာ မျှော်လင့်ထားသူများမဟုတ်ကြပါဘူး၊ ရှိနေမှန်းလည်း မသိခဲ့ကြပါဘူး။

ဒီလိုပါပဲ ကျွန်တော်တို့တစ်တွေနေ့စဉ်ဖြတ်သန်းနေတဲ့ လောကကြီးထဲမှာ ကိုယ်ဖြစ်စေချင်တာက တစ်ခုပေ့ါ၊ ကိုယ်လိုချင်တာက တစ်ခုပေ့ါ၊ ကိုယ်ရည်ရွယ်တာက တစ်ခုပေ့ါ၊ ဒါပေမဲ့ မရည်ရွယ်တဲ့ အခြားအကြောင်းအရာပေါင်းစုံက ဘေးထွက်ပစ္စည်းတွေ၊ ဘေးထွက်ဆိုးကျိုးတွေဟာ ခေါင်းတထောင်ထောင်နဲ့ မင်းမူနေကြတာ တွေ့ရပါ လိမ့်မယ်၊ ဒါတွေဟာ သတိမထားမိရင်တော့ မမြင်နိုင်ပါဘူး၊ သာမန်မျက်စိနဲ့ မမြင်နိုင်သော်လည်း ဉာဏ်မျက်စိနဲ့ဆိုရင်တော့ မြင်နိုင်စွမ်းရှိပါတယ်။ ဒီလိုဉာဏ်မျက်စိရှိဖို့က အသိပညာဆိုတာ လိုလာပြန်ပါတယ်။

ယနေ့ နေ့စဉ်ဖြတ်သန်းမှုများထဲက ကဏ္ဍပေါင်းစုံအကြောင်းပြောရင် ပြောမဆုံးပေါင်တောသုံးထောင်မို့ နေ့စဉ်ပြုကျင့်နေရတဲ့ စားသောက်မှုအကြောင်းကိုပဲ ပြောကြည့်ကြရအောင်. . . . . . .

အစားအသောက်ဆိုတာ လူတွေအတွက် ကြီးထွားဓာတ်၊ သက်စောင့်ဓာတ်၊ အာဟာရဓာတ်တွေကို ပေးတယ်။ ဒါတွေအတွက် ရည်ရွယ်ပြီး စားကြရတာပါပဲ၊ ဒါပေမယ့် လူ့စိတ်ဆိုတာ အလိုမှ မပြည့်နိုင်ဘဲ။ ချက်စားလို့ ရိုးသွားရင် ပေါင်းစားမယ်၊ ကင်စားမယ်၊ ကြော်စားမယ်၊ မကျက်တကျက်ကလေးတွေစားမယ်၊ အစိမ်းတိုင်းစားမယ်၊ သဘာဝအရောင်နဲ့ရိုးသွားရင် အရောင်တင်မှုန့်နဲ့ အရောင်တင်ရတာနဲ့ ဆေးဆိုးရတာနဲ့၊ ဝါးနေကျ အစားအစာကိုပဲ ကြွပ်ကြွပ်ရွရွကလေးဖြစ်အောင် ကြော်ရတာနဲ့၊ သဘာဝအတိုင်း ချဉ်တာကို ချိုနေအောင်၊ ချိုပြီးသားကို ဆိမ့်နေအောင် မွမ်းမံရတာနဲ့ တာရှည်ခံအောင် ဆေးနဲ့ပြုပြင်ပေးရတာနဲ့၊ စိမ်းနေတာကို တော်ကြာ ဝင်းမှည့်နေအောင် ဆေးသုံးရတာနဲ့ စားသုံးသူတွေရဲ့ လိုအင်ဟာ အတောမသတ်နိုင် အောင်ပါပဲ။

ဒီစားသုံးသူတွေရဲ့ လိုအင်တွေကို ထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းရှင်တွေကလည်း သမားရိုးကျနည်းလမ်းအတိုင်း လိုက်လို့ မမီနိုင်တော့ ဖြတ်လမ်းနည်းပေါင်းစုံနဲ့ ထုတ်လုပ်ကြပါတော့တယ်။ အဲဒီမှာ ပျိုးပင်ဘေးမှာ ပေါင်းပင်တွေအများကြီး ထကြွလာကြသလိုပါပဲ။

ပုံမှန်သဘာဝ ထန်းလျက်အချို၊ သကြားအချိုထက် ဓါတုဗေဒဆေးသကြားတွေ သုံးလာကြတယ်။ အစားအသောက်မှာမသုံးရတဲ့ အခြားလုပ်ငန်းသုံးအန္တရာယ်ရှိတဲ့ ဆိုးဆေးတွေကို အစားအစာတွေမှာ အရောင်ဆိုးပြီး ရောင်းချကြတယ်၊ အမြန်မှည့်ဆေး၊ အသီးထွားဆေး၊ အမြင်လှရေး ဓါတုဆေးတွေ သုံးလာကြတယ်။ တာရှည်ခံဆေးဆိုတာတွေ၊ ကြွပ်ရွဆေးဆိုတာတွေ လှိုင်လှိုင်သုံးလာကြတယ်၊ အကျိုးရလဒ်ကတော့ ချက်ချင်းလက်ငင်းခံစားရတာရှိသလို၊ ရောဂါဘယတွေမွေးမြူမိပြီး ကိုယ်ခံအားကောင်းသူများမှာ ဘာမျှလက္ခဏာမပြဘဲ၊ ကိုယ်ခံအားလျော့နည်းချိန်မှာတော့ ကိုယ်တွင်းရောဂါတွေ ခေါင်းထောင်လာကြတာပါပဲ။

ဒီလိုဖြတ်လမ်းနည်းနဲ့ နှိပ်စက်တာက ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေသာမက ပြည်ပကလည်း ပါဝင်ဆင်နွှဲ နှိပ်စက်လိုက်ကြ သေးတယ်၊ နည်းပညာကလည်း သာနေတော့ပိုဆိုးတာပေ့ါ။ သူတို့ရဲ့ဗျူဟာက ထုပ်ပိုးမှုကို အမြင်အာရုံမှာ လှလှပပလုပ်မယ်၊ အဆင်ဆန်းဆန်း ထုတ်လုပ်မယ်၊ အထဲကရောင်းကုန်ကတော့ ဖြစ်ကတတ်ဆန်းနဲ့ ပြီးပြီးရော၊ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုတဲ့ တစ်နပ်စားဉာဏ်တွေနဲ့လုပ်မယ်။ ပြည်တွင်းကသစ္စာဖောက် ဖြန့်ဖြူးရေးအရောင်းအဝယ်သမားများကလည်း တွင်တွင်ကြော်ငြာပြီး တင်သွင်း ရောင်းချကြတယ်၊ သူတို့ရောင်းကုန်တွေက စဉ်းစားဝေဖန်ဉာဏ်နုနယ်သေးတဲ့ ကျောင်းသူကျောင်းသား လူမမယ်တွေကို ဈေးကွက်ပစ်မှတ်ထားတယ်။

ကလေးဆိုတော့ အပြိုင်အဆိုင်အနိုင်ယူလိုစိတ်၊ အသစ်အဆန်းလက်တည့်စမ်းလိုတဲ့စိတ်၊ လှရင် ဝယ်လိုချင်တဲ့စိတ်၊ အခြားသူများထက် အရင်စားပြီးသားဖြစ်ချင်တဲ့စိတ်၊ အဲဒီစိတ်ကလေးတွေနဲ့ စားဖြစ်ကြရော၊ ချောင်းဆိုးကြ၊ အဝလွန်ကြ၊ ရင်ကြပ်ကြ၊ ပန်းနာရောဂါရကြ၊ အချိန်မတိုင်မီ အရွယ်ရောက်ကြ၊ ရှူနာရှိုက်ကုန်းကလေးတွေဖြစ်ပြီး ငယ်ငယ်ရွယ်ရွယ် မျက်မှန်ကလေးတဝင်းဝင်းနဲ့ မှတ်ဉာဏ်ချို့တဲ့ကြနဲ့သူတို့ ကြီးလာတော့ နိုင်ငံတော်ကို ဘယ်လိုဘယ်ပုံ ဦးဆောင်ကြမှာလဲ။

ဒါတွေဆက်မဖြစ်အောင် ဒီကလေးတွေရဲ့ အနာဂတ်နိုင်ငံတော်ကို ခဏယူပြီးထိန်းသိမ်းပေးထားတဲ့ ကျွန်တော်တို့လူကြီးတွေမှာ ကြပ်မတ်ထိန်းသိမ်းရမယ့် တာဝန်ရှိပါတယ်။ သူတို့မသိသေးရင် သိအောင်လုပ်ရမယ်၊ သူတို့မမြင်သေးရင် မြင်အောင်ပြပေးရပါမယ်၊ လိုအပ်ရင်ယခုလိုပညာရေး စနစ်သစ်အစပျိုးတဲ့ သင်ရိုးအသစ်တွေမှာ စားသုံးသူ အကာအကွယ်ပေးရေး ဘာသာရပ်သင်ခန်းစာတွေကို သူငယ်တန်းကထဲကစပြီး သူတို့နားရည် ဝအောင် ပို့ချပေးနိုင်ရင် ပိုကောင်းမယ်ထင်ပါတယ်။ ဒီဘာသာရပ်ခေါင်းစဉ်နဲ့ စာစီစာကုံးပြိုင်ပွဲ ဆောင်းပါးပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲတွေ ကျင်းပပေးရင်သူတို့ ဉာဏ်ရည်မြင့်လာမယ်လို့ ယူဆပါတယ်။

ပျိုးပင်နှင့်အတူ ပေါက်ရောက်လာတဲ့ ပေါင်းပင်တွေကို အချိန်မီ မနှိမ်နင်းနိုင်ရင် ပျိုးပင်ရဲ့ ကြီးထွားဖွံ့ဖြိုးမှုနှုန်း ထိခိုက်မယ်၊ ရောဂါပိုးတွေကျပြီး ကျုံ့လှီသွားမယ်။ ဒါကြောင့် သန်သန်မာမာပျိုးပင်ကို လိုချင်ရင် ပေါင်းပင်တွေကို နိုင်အောင်နှိမ်နင်းမှ ဖြစ်မှာပါ။

ဒီလိုနှိမ်နင်းရကောင်းမှန်းလည်း နိုင်ငံတကာမှာ ခေတ်မီနိုင်ငံကြီးတွေက အရင်စောသိပြီး အရင်တားဆီးနှိမ်နင်း ဥပဒေထုတ်ကြပ်မတ်ခဲ့ကြလို့ သူတို့နိုင်ငံကို သက်ရှိဝင်ဝင်၊ သက်မဲ့ဝင်ဝင်၊ မျိုးစေ့ဝင်ဝင်၊ အပင်ပေါက်ဝင်ဝင်၊ စားသောက်စရာကုန် ပစ္စည်းဝင်ဝင် အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ်စစ်ဆေးမှုပြုပြီးမှ ခွင့်ပြုပေးကြပါတယ်။ ဒါကြောင့်လည်း သူတို့နိုင်ငံသားတွေ ရောဂါဘယကင်းဝေးပြီး ဉာဏ်ပညာတွေ ထက်မြက်ကာ တီထွင်စဉ်းစား နိုင်စွမ်းရှိကြပါတယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း ခေတ်ကာလအဆက်ဆက် အခြားအရာတွေဦးစားပေးလုပ်ခဲ့ကြရလို့ ဒီကိစ္စကို မေ့လျော့နေပေမယ့် ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်ထားမယ့် ပြည်သူ့အစိုးရတက်လာပြီးချိန်မှာတော့ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှာ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို အတည်ပြုထုတ်ပြန်ပြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ပေးအပ်ထားပါတယ်။ အဲဒီဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနကလည်း အဓိကလုပ်ငန်းတစ်ရပ်ထဲမှာ ထည့်သွင်းပြီး အနယ်နယ်အရပ်ရပ်က ဝန်ထမ်းတွေဟာ ကျောင်းတွေ၊ ဈေးတွေ၊ လူထုတွေအကြားမှာ စီမံချက်များရေးဆွဲပြီး အသိပညာဗဟုသုတတွေပေးလျက် ရှိပါတယ်။ ဒါပဲတတ်နိုင်တာကို။ အမျိုးသားအစားအသောက်ဥပဒေကို ကိုင်စွဲတဲ့ ကျန်းမာရေးဝန်ကြီးဌာနကလည်း နေရာဒေသတိုင်းမှာ လက်တွေ့ မစစ်ဆေးနိုင်ရှာပါဘူး။

ကျွန်တော်တို့စားသုံးသူတွေရဲ့ ရှေ့ရေးကို မျှော်တွေးလိုက်ရင် နေကပူပူ သောက်စရာရေကလည်းပြတ်၊ မိုးကခေါင်ခေါင် ပတ်ကြားတွေကအက်၊ တံလျှပ်တွေကလည်း တကယ်လိုလို အဟုတ်လိုလို ပြိုခနဲ၊ ဖျတ်ခနဲလက်၊ ပန်းတိုင်ကဘယ်ဆီဘယ်ဝယ်မသိ မြန်မာ့ဇာတ်သဘင်ထဲက မင်းသားကြီးတွေလို အံမယ်မင်းဆိုပြီး ငိုချလိုက်ချင်တော့တာပါပဲ. . . ။

## ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒဂုံမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများသည် ဒီဇင်ဘာလ ၁၄ ရက်နေ့၊ နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံသီရိခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဟောပြောပွဲမကျင်းပမီ အဖွဲ့ဝင်များသည် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချလျက်ရှိသည့် မုန့်များတွင် ကျောင်းသားကျောင်းသူများကို ဘေးဥပဒ်အန္တရာယ်ဖြစ်စေမည့် ဆိုးဆေးများဖြင့် ပြုလုပ်ထားသည့် မုန့်များရောင်းချခြင်းမပြုရန်၊ သန့်ရှင်းသပ်ရပ်မှုကို အဓိကထားရောင်းချရန်၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါပြဋ္ဌာန်းချက်တွင်ပါရှိသည့် အချက်များအတိုင်းလိုက်နာ၍ ရောင်းချရန် အသိပညာပေး စစ်ဆေးကြည့်ရှုဆောင်ရွက်ခဲ့ပါသည်။

ဟောပြောပွဲတွင် ဒဂုံမြို့နယ်၊ မြို့နယ်ပညာရေးမှူး ဒေါ်မြမြသင်းက စားသုံးသူ၏အဓိပ္ပာယ်၊ စားသုံးသူ၏ အခွင့်အရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေသော စားသောက်ကုန်များကို ရွေးချယ်စားသုံးတတ်စေရန်နှင့် ဟောပြောပွဲမှ ရရှိသော အသိပညာဗဟုသုတများကို သေချာနားထောင်ပြီး လိုက်နာစေလိုကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်ပါ အကြောင်းအရာများ အားလည်းကောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ဗဟုသုတရှိစေရန် အကျယ်တဝင့် ရှင်းလင်းဟောပြောဆွေးနွေးပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ညွှန်ကြားရေးမှူး ဒေါက်တာဇင်ဇင်နွယ်က အာဟာရမျှတပြီး ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များကို ရွေးချယ်စားသောက်သင့်ကြောင်း၊ ဆိုးဆေးများတွင် ခွင့်မပြုဆိုးဆေးနှင့်ခွင့်ပြုဆိုးဆေးဟူ၍ နှစ်မျိုးရှိကြောင်း၊ အဝတ်အထည်တွင်သုံးသော ဆိုးဆေး များကို အစားအသောက်များတွင် ထည့်သွင်းသုံးစွဲထားသောကြောင့် အန္တရာယ်ရှိကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန (ကိုယ်စား) မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရွှေပြည်က ကမ္ဘာတွင်ကင်ဆာရောဂါအများဆုံးဖြစ်ပွားနေသော ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံ ပါဝင်နေကြောင်း၊ ဆိုးဆေးများကို အစားအသောက်များတွင် သုံးသင့်သည်ထက်ပိုမိုသုံးစွဲထားကြောင်း၊ ပလပ်စတစ်၊ ဖော့ဘူးများအသုံးပြုထားခြင်း၊ ပြန်ကြော်ဆီများ အသုံးပြုထားခြင်းကြောင့် ကင်ဆာရောဂါပိုမိုဖြစ်ပွားလာနိုင်သည့် အခြေအနေတို့ကို အသေးစိတ်ရှင်းလင်း ဆွေးနွေးသွားပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ရုံးမှ အရာထမ်း၊ အမှုထမ်းများ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ဒဂုံမြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး/ ဆရာမကြီးများ၊ ဆရာ/ ဆရာမများ၊ ကျောင်းသား/သူများ၊ ကျောင်းမုန့်ဈေးတန်းရှိ ဈေးသည်များ စုစုပေါင်း ၃၂၀ ဦးတက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါကြောင်း သတင်းရရှိပါသည်။

**မြင့်မြင့်ဇော်(စားသုံးသူ)ရန်ကုန်**

■

# ခာတ်ဆီ/ဒီဇယ်

## ခာတ်ဆီ၊ ဒီဇယ် အဝင်နည်း

ဒီဇင်ဘာ ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၆၁၁၇၂၈ ဒသမ ၇၁ တန်ဖိုးရှိ ဒီဇယ် ၁၁၂ ဒသမ ၃၁၉ တန်နဲ့ ကန်ဒေါ်လာ ၂၉၅၈၈၂၄ တန်ဖိုးရှိ ခာတ်ဆီ၄၉ ဒသမ ၂၈တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အဆင့်မြင့် ဒီဇယ်နဲ့ အောက်တိန်း (92) တင်သွင်းမှုများခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ တန်ချိန် ၅၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန်၄၅၀ကျော် အဝင်လျော့သလို ယခင်တစ်ပတ် ခာတ်ဆီအဝင်မှာ တန်ချိန် ၂၉၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ ယှဉ်ရင် တန်ချိန် ၂၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရော ခာတ်ဆီပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဒီဇင်ဘာ ပထမပတ်အတွင်း ရောင်းချနေတဲ့ခာတ်ဆီ၊ ဒီဇယ်ဈေးများက မော်လမြိုင်မှာ ဈေးငြိမ်နေပြီးတောင်ကြီးနဲ့ ရန်ကုန်မှာ ဈေးအပြောင်းအလဲ အနည်းငယ်ရှိခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချ နေတဲ့ဒီဇယ်၊ ခာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ခာတ်ဆီဈေးအနည်းငယ်မြင့်ခဲ့ပြီး ဒီဇယ်ဈေးအနည်းငယ်ကျခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း(95) မှာ ဈေးငြိမ်နေခဲ့ပါတယ်။ အဆင့်မြင့်ဒီဇယ်ဈေးအနည်းငယ်မြင့်ခဲ့ပြီး ဒီဇယ်မှာ ဈေးအနည်းငယ်ကျခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာဒီဇယ် ၆၂၀ ကျပ်၊ အောက်တိန်း (92) ၆၄၀ ကျပ်၊ အောက်တိန်း (95) ၇၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၆၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာလ ၂၁ ရက် ခာတ်ဆီဝယ်ဈေး ၁၅၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ဝယ်ဈေး ၃၀၀၀ ကျပ်၊ ရောင်းဈေး ၂၀၀၀ ကျပ် ဈေးမြင့်လာပါတယ်။ ဒီဇယ်ဈေးက ဒီဇင်ဘာ ၂၁ ရက်မှာ ဝယ်ဈေး ၁၂၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ် ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဝယ်ဈေး၊ရောင်းဈေးများမှာ ခာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ခာတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမား တစ်ဦးထံမှ စုံစမ်း သိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ခာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခာတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၆၂၅ကျပ်၊ ဒီဇယ် ၆၂၅ ကျပ်၊အဆင့်မြင့်ဒီဇယ် ၇၁၀ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာဒီဇင်ဘာလ ၂၁ ရက်နေ့မှာ ဒီဇယ်ဝယ်ဈေး ၁၂၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ခာတ်ဆီဈေးမှာ ဒီဇင်ဘာ ၂၁ ရက်မှာ ဝယ်ဈေး ၁၄၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေးအနည်းငယ်ကျလာပြီး ခာတ်ဆီဈေး ငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန် ဈေးမှာ ဒီဇယ် ၃၁၀၀ ကျပ်၊ ခာတ်ဆီ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ခာတ်ဆီ ဈေးငြိမ်ခဲ့ပြီး၊ ဒီဇယ်ဈေးကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ဈေးမှာ ခာတ်ဆီ တစ်ဂါလန် ၂၈၀၀ ကျပ်၊ ဒီဇယ် ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ခာတ်ဆီ ၂၉၀၀ ကျပ်၊ ဒီဇယ် ၃၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ခာတ်ဆီတစ်ဂါလန် ၃၁၅၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၀၁၅ ကျပ်၊အောက်တိန်း ၃၁၅၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလန် ၃၂၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၁၀၀ ကျပ်၊အောက်တိန်း ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

### Energy NYMEX 24-12-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 37.71 | 0.21 | 0.56 |
| Brent Crude Futr (USD/bbl) | 37.64 | 0.28 | 0.75 |
| Gasoline Rbob Fut (Cent/gal) | 125.75 | 1.61 | 1.30 |
| Natural Gas Futr (USD/MMBtu) | 2.00 | 0.01 | 0.66 |
| Heating Oil Futr (Cent/gal) | 112.63 | 0.71 | 0.63 |

# နိုင်ငံတကာတွင် ငွေလဲနှုန်းများ မြင့်တက်လာမှုကြောင့် ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်လာ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

အမေရိကန်ဗဟိုဘဏ်မှ ၎င်း၏ ဘဏ်တိုးနှုန်းများကို မြှင့်တင်လိုက်သဖြင့် နိုင်ငံတကာတွင် ငွေလဲနှုန်းများ မြင့်တက်လာသည့်နည်းတူ ပြည်တွင်းတွင်လည်း ငွေလဲနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ သိရှိရသည်။

"အမေရိကန်ဗဟိုဘဏ်က သူ့ရဲ့ ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်ပေးလိုက်တဲ့အတွက် ကမ္ဘာ့နိုင်ငံတွေမှာလည်း အမေရိကန်နဲ့လဲလှယ်နှုန်းတွေ မြင့်တက်လာတယ်။ အဲဒီလိုမြင့်တက်လာတော့ မြန်မာနိုင်ငံဗဟိုဘဏ်ကလည်း သူ့ရဲ့ရည်ညွှန်းငွေလဲနှုန်းကို နေ့စဉ်လိုက်ပြီး မြင့်တက်ခဲ့တဲ့အခါကျတော့ ငွေလဲစင်တာတွေမှာပါ လိုက်ပြီးမြင့် တက်လာရတာပါ။ နောက်ပြီးခရစ္စမတ်ကာလ အားလပ်ရက်မှာ ခရီးသွားကြတဲ့သူတွေကလည်း ခါတိုင်းနှစ်ထက်ပို များလာတယ်။ မော်တော်ယာဉ်တင်သွင်းတဲ့သူတွေကလည်း မူဝါဒအကူးအပြောင်းကြားကာလမှာ တင်သွင်းလာကြတဲ့အတွက် ငွေကလည်း အဝယ်လိုက်လာတယ်။ အဲဒါကြောင့် ဈေးတက်လာရတာပါ။ ပို့ကုန်ပိုင်းမှာအားနည်းနေတာတွေကလည်း ဒေါ်လာဈေးကို မြင့်တက်စေတဲ့အကြောင်းအရင်းတစ်ခုဖြစ်လာနိုင်ပါတယ်"ဟု ငွေလဲစင်တာတစ်ခုမှ သိရှိရသည်။

ငွေလဲစင်တာများတွင် ဒီဇင်ဘာလ ၂၁ ရက်က ရောင်းဈေး ၁၃၁၁ ကျပ် ဝယ်ဈေး ၁၃၀၈ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ပြီး ဒီဇင်ဘာ ၂၃ ရက်တွင် ရောင်းဈေး ၁၃၁၀ကျပ်၊ ဝယ်ဈေး ၁၃၀၇ ကျပ်ဖြင့်လည်းကောင်း၊ ဒီဇင်ဘာလ ၂၄ ရက်တွင် ရောင်းဈေး ၁၃၁၀ကျပ်၊ ဝယ်ဈေး ၁၃၀၇ကျပ်ဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံဗဟိုဘဏ်မှ သတ်မှတ်ခဲ့သည့် ရည်ညွှန်းငွေလဲနှုန်းမှာ ဒီဇင်ဘာ ၂၁ ရက်က ၁၃၀၇ ကျပ်သာရှိခဲ့သော်လည်း ဒီဇင်ဘာလ ၂၃ရက်တွင် ၁၃၁၁ကျပ်သို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။

**မယ်သီတာ**

# မြန်မာ့ရွှေဈေး အကျဈေးဖြင့် ဈေးငြိမ်နေမှုကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လာ



ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်အတွင်း ဈေးအတက်အကျနည်းပါးခဲ့ပြီး ဈေးအနည်းငယ်တန့်နေမှုကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ ဖြစ်နေခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးသည်လည်း မြင့်တက်လာခဲ့သဖြင့် မြန်မာ့ရွှေဈေး မြင့်တက်မည်ဟု ခန့်မှန်းထားသော်လည်း တစ်ထောင်ခန့်သာ ဈေးမြင့်တက်ခဲ့သဖြင့် အရောင်းအဝယ်ဖြစ်နေခြင်းပင်ဖြစ်ကြောင်း ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

"ရွှေဈေးကွက်ထဲမှာ ရွှေအရောင်းအဝယ် ပြန်လိုက်လာတယ်။ ဈေးက တက်မယ်လို့မှန်းထားပြီးမှ သိပ်တက်မသွားတော့ အရောင်းအဝယ်ဖြစ်လာတယ်လို့ထင်ပါတယ်။ ဒီရက်ထဲမှာဆို ဈေးက တစ်ပတ်လုံးမှာမှ တစ်ထောင်ကျော်လောက်ပဲတက်သွားတာဆိုတော့ ဒါကို ဈေးတက်တယ်လို့ ပြောလို့မရပါဘူး။ ဈေးတန့်သွားတယ်လို့ပြောရမယ်။ ဒီရက်ထဲမှာ ပိတ်ရက်တွေကလည်း များသလို အလည်အပတ်သွားမယ့်သူတွေကလည်း များတဲ့အတွက် ဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ကောင်းလာသလို ဈေးငြိမ်နေတဲ့အတွက်လည်း ပုံမှန်ထက် ဈေးကွက်သွက်လာတယ်လို့လည်း ဆိုရမှာပါ"ဟု ရွှေကုန်သည် ဦးစံမြင့်က ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် ဒီဇင်ဘာလ ၂၁ ရက်နေ့က ကျပ် ၇၄၆၀၀၀ ရှိခဲ့ပြီး ဒီဇင်ဘာလ ၂၄ရက်တွင် ကျပ် ၇၄၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးသည် ဒီဇင်ဘာလ ၂၁ ရက်က ၁၀၆၇ ဒေါ်လာရှိခဲ့ပြီး ဒီဇင်ဘာ ၂၃ရက်တွင် ၁၀၇၄ ဒေါ်လာရှိခဲ့ကာ ဒီဇင်ဘာလ ၂၄ ရက်တွင် ၁၀၇၃ ဒေါ်လာသို့မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

December 24, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.38 |
| BDT | Bangladesh Taka | 78.61 |
| CAD | Canada Dollars | 1.38 |
| CNY | China Yuan Renminbi | 6.48 |
| EUR | Euro | 0.91 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 65.99 |
| I DR | Indonesia Rupiahs | 13638.91 |
| JPY | Japan Yen | 120.49 |
| MYR | Malaysia | 4.29 |
| PKR | Pakistan Rupees | 104.77 |
| PHP | Philippines Pesos | 47.20 |
| RUB | Russia Rubles | 69.46 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1169.52 |
| LKR | Sri Lanka Rupe | 143.82 |
| THB | Thailand Baht | 36.04 |
| GBP | United Kingdom Pounds | 0.67 |
| VND | VietnamDon | 22532.67 |

*Source : xe.com*

### World Gold Price

December, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 21 | 1067 | 1067 | 1067 |
| 22 | 1075 | 1076 | 1075 |
| 23 | 1067 | 1068 | 1070 |
| 24 | 1072 | 1072 | 1072 |
| 25 | - | - | - |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 21-12- 2015 | 746.00 | 745.50 |
| 22-12- 2015 | 747.00 | 746.70 |
| 23-12- 2015 | 747.50 | 747.00 |
| 24-12- 2015 | 745.50 | 745.60 |
| 25-12- 2015 | - | - |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 21 | 6 .48 | 36.13 | 78.55 | 66.31 |
| 22 | 6. 48 | 36.08 | 78.58 | 66.26 |
| 23 | 6 48 | 36.07 | 78.52 | 66.20 |
| 24 | 6 .48 | 36.04 | 78.61 | 66.99 |
| 25 | - | - | - | - |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 21- December | 14.14 | 1544.93 | 1547.39 | 4756.86 | 859.00 |
| 22- December | 14.26 | 1529.25 | 1538.43 | 4771.87 | 875.00 |
| 23- December | 14.24 | 1541.12 | 1548.29 | 4743.67 | 872.00 |
| 24- December | 14.31 | 1556.80 | 1570.46 | 4751.04 | 874.00 |
| 25- December | - | - | - | - | - |

Source:kitco.com

## ဘိလပ်မြေ

### ယခင်တစ်ပတ်ထက် တန်ချိန် ၃၄၀၀ ကျော် အဝင်နည်း

ဒီဇင်ဘာ ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ် အတွင်းပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၂၉၄၇၃၇၅ တန်ဖိုးရှိ ဘိလပ်မြေ ၃၄၅၇၆ဒသမ၄၈ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူမှ ၁၇၅ တန်၊ တရုတ်မှ ၁၁၂ တန်နဲ့ ထိုင်းနိုင်ငံမှ ၃၄၂၈၉ ဒသမ ၄၈ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဝင်လာတဲ့ တံဆိပ်များက စိန်၊ ဆင်တံဆိပ်များနဲ့ အခြားတံဆိပ်များ ဝင်လာခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာတန်ချိန် ၃၈၀၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၃၄၁၇ တန်ကျော် အဝင်နည်းခဲ့တယ်လို့ သိရပါတယ်။

### အရောင်းအဝယ်သွက်နေတဲ့ ဘိလပ်မြေဈေးကွက်

ဒီဇင်ဘာ ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၃၄၇၅၆ တန် ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေ အဝင်မှာ ၃၈၁၇၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ၃၄၁၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၃၆၁၈ တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၆၆၇၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၃၀၅၀ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါအဝင် လျော့ခဲ့ပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်မှာ ရောင်းအားကောင်းပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၆၆၅၀ ကျပ်၊ အပါချီ (ထိုင်း) ၅၅၀၀ ကျပ်၊ မက်စ်(မြန်မာ) ၄၇၀၀ကျပ်၊ ဆင်(မြန်မာ) ၅၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ် အရောင်းအဝယ်ကောင်းပေမဲ့ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၅၀၀ ကျပ်၊ စိန်(ထိုင်း) ၅၄၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်း အဝယ် လိုက်တယ်။ အဝင်အထွက်မျှနေတာကြောင့် ဈေးကငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၃၀၀ ကျပ်၊ မြန်မာဆင် ၄၆၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်) ၄၇၀၀ ကျပ်၊ ကျားခေါင်း၄၆၀၀ ကျပ်၊ မြင်းခေါင်း ၄၆၀၀ ကျပ်၊ စိန် ၆၈၀၀ ကျပ်၊ ဆင် ၆၉၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်း သိရှိခဲ့ပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### မြေဆီတန်ချိန် ၈၆၀၀ ကျော်ဝင်

ဒီဇင်ဘာ ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၄၂၈၅၁၈ တန်ဖိုးရှိမြေဩဇာ ၈၆၁၁ ဒသမ ၁၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူမှတန်ချိန် ၃၀၀၅ တန်၊ ဘီလာရုစ်မှ ၅၂၂ ဒသမ ၅၀ တန်၊ထိုင်းနိုင်ငံမှ ၁၄၇၈ တန်၊ မလေးရှားမှ တန်ချိန်၁၀၀၊ အိုင်ယာလန်နိုင်ငံမှ ၇၂ တန်၊ ဂျာမနီမှ ၂၀၄ ဒသမ ၅ တန်၊ တရုတ်နိုင်ငံမှ ၂၈၈၁ ဒသမ ၁၉ တန်၊ ဗီယက်နမ် မှ၃၄၈ တန်သိရပါတယ်။ ကွန်ပေါင်း၊ အာမို ၊ယူရီးယား၊ပိုတက်ဆီယမ်နိုက်တြိတ်၊ အမိုးနီးယား ဆာလဖိတ်၊ နိုက်တြိုဂျင်၊ ဩဂဲနစ်၊ Golden Buffalo Head စတဲ့ မြေဆီတံဆိပ်များဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်မြေဆီအဝင် မှာ တန်ချိန် ၈၅၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၃၇ တန်ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီဇင်ဘာပထမအပတ်မှစပြီး မြေဆီအဝင်မှာ တစ်ပတ်ပျမ်းမျှ တန်ချိန် ၈၃၀၀ ကျော် အဝင်ရှိခဲ့တယ်လို့ သိရပါတယ်။

### အရောင်းအေး၊ ဈေးငြိမ်နေတဲ့ မြေဩဇာဈေးကွက်

ဒီဇင်ဘာ ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၈၆၁၁ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၈၅၇၃ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၇ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာ အဝင်မှာ ၂၀၀၁၇ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၅၉၅၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၀၆၀ ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းပါအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာက အရောင်းအေးသလို ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၈၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၃၀၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ -ထိုင်း)၂၉၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပိုတက်၊ တီစူပါနဲ့ ယူရီးယားက ဈေးနည်းနည်း မြင့်လာပြီး ဓာတ်ဆားကဈေးကျကာ ကျန်မြေဩဇာများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေး ကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်) ၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၁၀၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၈၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၆၅၀၀ကျပ် ၊ဓါတ်ဆား (တရုတ်)၁၆၀၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၇၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါ တယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃(အပြာ) (အစိမ်း) ၁၆၀၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၅၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၂၀၀ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၂၁၀၀၀ ကျပ်၊ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၂၀၅၀၀ ကျပ်၊ အောင်ကမ္ဘာ၁၀း၁၀း၅ ၁၇၂၀၀ ကျပ်၊ တီစူပါ ၂၂၀၀၀ ကျပ်၊ တောင်သူမ ၁၅၅၀၀ ကျပ်၊ သီးစုံ (စိမ်းပြာ) ၁၅၅၀၀ ကျပ်၊မြား ၁၅း၇း၈ ၁၈၅၀၀ ကျပ်၊ ဇာမဏီ ၁၇၀၀၀ ကျပ် ဈေးရှိတယ်လို့မြေဩဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာက အရောင်းအေးသလို ဈေးလည်းကျလာတယ်လို့ စိုက်ပျိုးရေး အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။ ယူရီးယားက ၄၂၀၀ ကျပ်၊ တီစူပါက ၄၄၀၀ ကျပ်၊ ပိုတက်က ၅၀၀ ကျပ် ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၀၃၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၀၃၀၀ ကျပ်၊ တီစူပါ(သံကွင်း-တရုတ်)၂၀၆၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ)၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည်(နေရွက်လှေ-တရုတ်) ၃၄၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၇၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန်၃၇၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၂၂၀ကျော်ဝင်

ဒီဇင်ဘာ ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၅၃၃၇၂ ဒသမ ၆၉ တန်ဖိုးရှိ နို့ဆီ ၂၈၇ ဒသမ ၁၈၄ တန်ကို တင်သွင်းခဲ့ပါတယ်။

ဒီတစ်ပတ်မှာ အိုကေနို့ဆီနဲ့ နို့စိမ်း ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်နို့ဆီအဝင်မှာ တန်ချိန် ၃၇၀ ကျော်ရှိ ခဲ့တာ ကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၈၄ တန်ကျော် အဝင်လျော့ခဲ့ပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၂၉ ဒသမ ၆၉၁ တန်၊ ဗီယက်နမ်နိုင်ငံမှ ၁၂ ဒသမ ၆၄၈တန်နဲ့ နယူးဇီလန်မှ ၁၅၅ ဒသမ ၃၅၅ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၂၂၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၆၆ တန်ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

#### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁၂ မှ ၁၈/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၁၂ မှ ၁၁/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၂၆၀၇၅ | ၈၇၃၀၆၅ | (+) | ၅၃၀၁၀ |
| ၂။ | လွယ်ဂျယ် | ၅၀၆၀၀၀ | ၅၉၄၀၀၀ | (-) | ၈၈၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၀၄၅၀၀၀ | ၃၃၉၀၀၀ | (-) | ၁၃၄၅၀၀၀ |
| ၅။ | တာချီလိတ် | ၇၅၀၀၀၀ | ၄၀၀၂၀၀၀ | (-) | ၃၂၅၂၀၀၀ |
| ၆။ | မြဝတီ | ၁၁၇၉၀၃၉ | ၆၄၄၀၄၄ | (+) | ၅၃၄၀၉၅ |
| ၇။ | ကော့သောင်း | ၈၁၁၁၀၀၀ | ၁၅၇၃၇၀၅၀ | (-) | ၇၆၂၆၀၅၀ |
| ၈။ | မြိတ် | ၁၀၀၀၀၀ | ၁၄၃၅၀၀၀ | (-) | ၁၃၃၅၀၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၃၆၁၈၀၁၄ | ၂၆၆၇၆၀၅၉ | (-) | ၁၃၀၅၈၀၄၅ |

မြင့်မြင့်မာ MIRT

#### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၁၂ မှ ၁၈/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၁၂ မှ ၁၁/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၉၄၇၀၃၀၀ | ၁၂၉၈၈၀၅၀၀ | (+) | ၅၉၅၈၀၈၀၀ |
| ၂။ | လွယ်ဂျယ် | - | ၄၆၀၀၀၀ | (-) | ၄၆၀၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၄၀၀၂၅၀ | ၁၃၅၉၀၇၅၀ | (-) | ၁၂၁၉၀၅၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၃၀၀၀၀၀၀ | ၃၅၈၀၇၇၈ | (-) | ၅၈၀၇၇၈ |
| ၆။ | ကော့သောင်း | ၁၃၀၀၀၀၀ | ၁၆၃၀၀၀၀ | (-) | ၃၃၀၀၀၀ |
| ၇။ | မြိတ် | - | ၈၄၀၀၀၀ | (+) | ၈၄၀၀၀၀ |
| ၈။ | ရိုဒ် | ၅၀၀၀၀၀ | ၂၀၀၀၀၀ | (+) | ၃၀၀၀၀၀ |
| | စုစုပေါင်း | ၂၀၀၁၇၀၅၅၀ | ၁၅၉၅၆၀၂၈ | (+) | ၄၀၆၁၀၅၂၂ |

တင်တင်ထွန်း MIRT

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## နှမ်း

# စခန်းစုံမှ နှမ်းရောင်စုံ တင်ပို့

ဒီဇင်ဘာလ တတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၆၀ သန်းတန်ဖိုးရှိ နှမ်းဖြူ(အခွံချွတ်) ၃၉ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၉၆၁ သန်းဖိုးရှိ နှမ်းနက် ၁၆၃၄ တန်၊ ကန်ဒေါ်လာ သုည ဒသမ ၆၉၄ သန်းဖိုးရှိ နှမ်းဖြူ ၅၃၄ တန်၊ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၁၈၈ တန်ဖိုးရှိ နှမ်းနက် တစ်တန်နီးပါး တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၁၅၁၀ တန်နဲ့ မြဝတီမှ နှမ်းနက် ၂၈ တန် တင်ပို့ခဲ့ပြီး မူဆယ်ကုန်သွယ်ရေးဇုန်ကတော့ ယခင်တစ်ပတ်က နှမ်းတင်ပို့မှုမရှိခဲ့ပါဘူး။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန်ကို ၁၅၉၅၀၈၅ ကျပ်နဲ့ နှမ်းနက် ၁၉၉၆၂၈၉ ကျပ်ဈေးပေါက်နေရာမှ ယခုတစ်ပတ်တွင် နှမ်းဖြူဈေးများ ထပ်မံကျဆင်းနေတာ တွေ့ရပါတယ်။ ဒီဇင်ဘာလဆန်းပိုင်းက နှမ်းနက် ၄၅ ပိဿာဝင် တစ်အိတ်လျှင် ၂၀၅၀၀၀ ကျပ် ဈေးရှိခဲ့ပေမယ့်လက်ရှိမှာ ၁၉၅၀၀၀ ကျပ်ဈေးသာပေါက်နေတယ်လို့ မန္တလေးကုန်စည်ဒိုင်မှသိရပါတယ်။

"နှမ်းနက်ကို တရုတ်ဝယ်လက်ကပဲ အဓိကဝယ်တယ်။ ပစ္စည်းလည်းပေါတော့ ရောင်းမယ့်သူတွေဆီကနေဈေးဆစ်ပြီး ဝယ်ယူကြတယ်။ဒါကြောင့် ဈေးကျလာကာ အရောင်းအဝယ် လည်းဖြစ်နေပြီး ရန်ကုန်ဝယ်လက်ကတော့ ရှားနေတယ်"ဟု နှမ်းဝယ်ရောင်းလုပ်နေသူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

## ပြည်ဆီထွက်သီးနှံများ ဝင်ရောက်မှုများပြီး အရောင်းအဝယ်ဖြစ်လျက်ရှိ

ဒီဇင်ဘာ စတုတ္ထပတ် ပြည်ဈေးကွက်သို့ ဆောင်းဆီထွက်သီးနှံများ ဝင်ရောက်မှုများပြီး အရောင်းအဝယ် သွက်နေပါတယ်။ နှမ်းဈေးလည်း အနည်းငယ်ဈေးကျလာတာ တွေ့ရပါတယ်။ မြန်အောင်၊ ကြံခင်း၊ ပန်းတောင်းတို့ဘက်မှလည်း တစ်နေ့ အိတ် ၁၀၀ ကျော်ဝင်ရောက်လာပါတယ်။

ဆီစက်သမားများကလည်း အဝယ်ရှိနေတာ ကြောင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ လက်ကျန်များနေပြီး ဆောင်းနှမ်းအသစ်များ ဈေးကွက်အဝင်လှိုင်နေတာကြောင့် ဈေးအနည်းငယ်အေးပြီး အရောင်းအဝယ်ဖြစ်နေတာတွေ့ရပါတယ်။ ယခုတစ်ပတ် ဆောင်းနှမ်း အသစ်ဈေး နှမ်းနီ တစ်တင်းကို ၂၆၆၀၀ ကျပ်၊ နှမ်းနက်အသစ် တစ်တင်းကို ၄၃၀၀၀ ကျပ်၊ စမုံနက်နှမ်း တစ်တင်းကို ၆၀၀၀၀ ကျပ်ဖြစ်သော်လည်း မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာ ၁၉၇၅ ကျပ်နဲ့ လုံးဆန် တစ်ပိဿာ ၂၃၇၅ ကျပ်ဖြင့် ဝယ်လက်များ အဝယ်လိုက်လာတာ တွေ့ရပါတယ်။

မြေပဲဆီဆန်အသစ်များ ဈေးအနည်းငယ် မြင့်လာသဖြင့် ယခုတစ်ပတ် မြေပဲဆီဈေး အနည်းငယ်တက်လာတာ ဖြစ်ပါတယ်။ ပဲဆီ (ရှယ်) ၄၆၀၀ ကျပ်ဖြစ်ပြီး ပဲဆီ (ရိုးရိုး) တစ်ပိဿာ ၄၄၀၀ ကျပ်ဖြစ်ပါတယ်။ နှမ်းဈေးအနည်းငယ်အေးလာသဖြင့် နှမ်းဆီတစ်ပိဿာ ၄၇၀၀ ကျပ်မှ ၄၅၀၀ ကျပ်ထိ ဈေးကျလာပါတယ်။ မြေပဲဆန်အသစ်များ တစ်နေ့ကို အိတ် ၄၀၀၊ ၅၀၀ အရောင်းအဝယ်ဖြစ်နေပြီး ပြည်ဒေသတွင်းနှင့် အောင်လံတို့ဘက်မှ ဝင်ရောက်နေကြောင်း သိရပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

# ၁၈ လအတွင်း မလေးရှားစားအုန်းဆီဈေးများ အမြင့်ဆုံးနှုန်းသို့ရောက်ရှိ

ဒေသတွင်း စားအုန်းဆီအသင်းမှ ထုတ်ပြန်တဲ့စာရင်းများအရ စားအုန်းဆီထုတ်လုပ်မှု ကျဆင်းလာတာကို တွေ့ရတဲ့အတွက် ဒီဇင်ဘာ ၂၃ ရက်နေ့မှာ မလေးရှားစားအုန်းဆီဈေးက တတိယမြောက်နေ့အဖြစ် ဆက်လက်မြင့်တက်ပြီး ၁၈ လအတွင်း အမြင့်ဆုံးနှုန်းကို ရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထား ပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange)မှာ မတ်လအတွက် ရောင်းချတဲ့ မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးနှုန်းက ဈေးပိတ်ချိန်မှာ တစ်ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၄၆၈ ရင်းဂစ်(အမေရိကန်ဒေါ်လာ ၅၇၅ ဒသမ ၂၉ ဒေါ်လာ) နှုန်းရှိခဲ့ပါတယ်။

ဈေးဖွင့်စအချိန် စောစောပိုင်းက တစ်ရက်အတွင်း အမြင့်ဆုံးနှုန်းဖြစ်တဲ့ တစ်တန်ကို ၂၄၇၃ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ရာ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

မလေးရှားနိုင်ငံ တောင်ပိုင်းမှာ ထုတ်လုပ်မှုအကြီးအကျယ် ကျဆင်းတဲ့သတင်းကြောင့် ဒီဇင်ဘာလ ၂၄ရက်နေ့ နံနက်ပိုင်းဈေးကွက်ထဲမှာစားအုန်းဆီဈေးနှုန်းတွေမြင့်တက်ခဲ့ကြောင်း မလေးရှားကျွန်းဆွယ်တောင်ပိုင်း ပြည်နယ်ဖြစ်တဲ့ ဂျိုဟိုးပြည်နယ်မှာ အထွက်နှုန်းကျဆင်းနေတာကို ရည်ညွှန်းပြီး ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။ နိုဝင်ဘာ ကာလတူအခြေအနေနဲ့ နှိုင်းယှဉ်ရင် ဒီဇင်ဘာ ၁ ရက်မှ ၂၀ ရက်အတွင်း စားအုန်းဆီ ထုတ်လုပ်မှု ၂၂ ရာခိုင်နှုန်း ကျဆင်းပါတယ်။

" ပို့ကုန်ဝယ်လိုအားက အပြောင်းအလဲမရှိနိုင်ပါဘူး။ အပြောင်းအလဲရှိရင်လည်း ဇန်နဝါရီလမှာ အနည်းငယ်မြင့်တက်တာလောက်ပဲရှိနိုင်ပါတယ်။ ဒါကြောင့် စားအုန်းဆီဈေးက တစ်တန်ကို ရင်းဂစ် ၂၃၀၀ နဲ့ ရင်းဂစ် ၂၅၀၀ ကြားမှာသာရှိနိုင်ပါတယ်။ ဒီဇင်ဘာ ၂၂ ရက် ဈေးပိတ်ချိန်မှာ စုစုပေါင်း ကုန်သွယ်မှုပမာဏက ၂၅ တန်ရှိ အတွဲ ၃၂၆၁၆ တွဲရှိခဲ့ပါတယ်။

စားသုံးသူ ဝယ်လိုအားကျဆင်းမှုကြောင့် ယခုလအတွင်းမှာ စားအုန်းဆီတင်ပို့နိုင်မှု ပမာဏကျဆင်းခဲ့ပါတယ်။ ဒီလို ကျဆင်းရတဲ့အကြောင်းရင်းများအနက် ယခင်နိုဝင်ဘာလအကုန်က စားအုန်းဆီလက်ကျန် အခြေအနေက စံချိန်တင်မြင့်တက်ပြီး တန်ချိန် သုံးသန်းအထိရောက်ရှိခဲ့တာလည်း ပါဝင်ပါတယ်။

နိုဝင်ဘာလ ကာလတူအခြေအနေနဲ့ နှိုင်းယှဉ်ရင် ဒီဇင်ဘာ ၁ ရက်မှ ၂၀ ရက်အထိ စားအုန်းဆီ ပြည်ပတင်ပို့မှုက ၂၅ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေး အဖွဲ့တွေဖြစ်တဲ့ Intertek Testing Services နဲ့ Societe Generale de Surveillance တို့ရဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။

အခြား ဟင်းသီးဟင်းရွက်ဆီဈေးကွက်ဖြစ်တဲ့ အမေရိကန် ပဲပုပ်ဆီရဲ့ ဇန်နဝါရီအတွက် ချုပ်ဆိုတဲ့ စာချုပ်ဈေးနှုန်းက သုည ဒသမ ၀၃ ရာခိုင်နှုန်းကျဆင်းပါတယ်။ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် (Dalian Commodity Exchange ) မှာ မေလအတွက် ချုပ်ဆိုတဲ့ စားအုန်းဆီကြိုရောင်းဈေးက တစ်ရာခိုင်နှုန်း မြင့်တက်ပါတယ်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၄-၁၂-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၀၀ | ၁၅၅၀ | ▽ |
| ရန်ကုန် | ၅၂၀၀ | ၃၈၀၀ | ▽ | ၄၂၀၀ | ၃၇၀၀ | ▽ | ၁၃၃၀ | ၁၃၈၅ | △ |
| မန္တလေး | ၃၈၀၀ | ၃၈၀၀ | □ | ၃၆၀၀ | ၃၄၀၀ | ▽ | ၁၄၃၀ | ၁၄၉၀ | △ |
| ပဲခူး | ၂၈၀၀ | ၃၀၀၀ | △ | ၄၉၀၀ | ၄၉၀၀ | □ | ၁၄၀၀ | ၁၄၀၀ | □ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၄၀၀၀ | ▽ | ၃၅၀၀ | ၃၄၀၀ | ▽ | ၁၄၇၀ | ၁၅၂၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၄-၁၂-၂၀၁၅ US$/Ton

| အမျိုးအစား | ဒီဇင်ဘာတတိယပတ် | ဒီဇင်ဘာစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၁၈.၅၀ | ၅၂၁.၀၀ | △ |
| RBD P.Olein | ၅၃၈.၅၀ | ၅၃၄.၀၀ | ▽ |
| RBD P.Strarin | ၄၇၆.၀၀ | ၄၇၉.၅၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၄- ၁၂ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၇၄.၅၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၈.၀၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၃၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၉၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၃.၂၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၄.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၄၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၁၅.၄၄ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၄-၁၂ -၂၀၁၅နေ့ (CIFဈေး Cloud Point 8 ˚C Max ၅၉၅ ဒေါ်လာ၊ FOB ၅၇၀ ဒေါ်လာနှင့် USD ဈေး ၁၃၁၁ ကျပ်ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၂၄-၁၂-၂၀၁၅နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၃၁၁ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။



# စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများမှ လက်များအလက်ာ - မျက်နှာကဇာတ်လမ်းများ

| မြင့်ဦး ( ပခုက္ကူ ) |

ငယ်ရွယ်နုစဉ်တုန်းက စာပေပဲ ဖတ်ဖတ်၊ ရုပ်ရှင်ပဲကြည့်ကြည့်၊ ရေဒီယိုပဲ နားထောင်ထောင်၊ ဖျော်ဖြေ ရေးလို့ပဲ ပြောပြော၊ အကြား အမြင် ဗဟုသုတပဲရရ၊ စာဖတ်သူအပေါ် မှာ လွှမ်းမိုးမှုရှိတာ၊ သတိ တရဖြစ်တာ ၊ မှတ်သားထားတာဟာ တိုက်ဆိုင်မှုဆိုတာ ရှိလာရင် ပြန်လည် ပေါ်ပေါက်ခံစားရပါတယ်။ ကိုယ်တွေ့တစ်ခုကတော့ ဒီဇင် ဘာလ ၈ ရက်နေ့က ပခုက္ကူမြို့နယ် ကျွဲတဲကျေးရွာ မူလွန်ကျောင်း အ. မ. က (၃၄)မှာ စားသုံးသူ အကာအကွယ်ပေးရေး သွားရောက် ဟောပြောခဲ့ကြပါတယ်။ ကိုယ်နဲ့အတူ ဝန်ထမ်းသုံးဦး ၊ (အမျိုးသား ၁ ဦး၊ အမျိုးသမီး ၂ ဦး)၊ စုစုပေါင်း လေးဦးသွားရောက်ဟောပြောခဲ့ ကြပါတယ်။ ဦးစွာပထမ ကိုယ်ကစပြောပါတယ်။ မိမိတို့ စားသောက် နေတဲ့ ပတ်ဝန်းကျင်မှာ အစားအသောက်တွေဟာ ဓါတုဆိုးဆေးတွေ ကြာရှည်ခံဆေးတွေ၊ မသန့်ရှင်းသော မလတ်ဆတ်သော အသီးအနှံ အစားအသောက်တွေ ရှိနေတာဖြစ်တဲ့အတွက် အန္တရာယ်ဖြစ်စေတဲ့ အစားအသောက်တွေကို အသိ၊ သတိနဲ့ ယှဉ်ပြီး စားသောက်ကြဖို့ ၊ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ ဒုတိယလိုက်နေတယ်။ မူလွန်ကျောင်း ကလေးဆိုတော့ ဘာကို ကမ္ဘာမှာ ဒုတိယလိုက်နေတာလဲဆိုတာ ပြန်လည် မမေးကြဘဲ ကမ္ဘာမှာ မြန်မာဟာ ဒုတိယ လိုက်တယ်။ ကျောင်းသားတို့အတွေးနဲ့ ဒုတိယရရင် တော်တဲ့အထဲမှာ ပါနေတာ ဆိုတော့ အားလုံးက ဝိုင်းဝန်းဖြေကြပါတယ်။ "ကောင်းပါတယ်ဗျ - ရှင့်" ပေါ့လေ။ ဒီတော့မှကိုယ်က ရယ်ရင်း ပြန်ပြောရ တယ်။ "သားတို့ သမီးတို့ကမ္ဘာပေါ် မှာ မြန်မာနိုင်ငံဟာ ဒုတိယနေရာရနေတယ် ဒုတိယ လိုက်နေတယ်ဆိုတာ ကင်ဆာရောဂါအဖြစ်များနေလို့" ဒုတိယလိုက် တယ်လို့ ပြောတော့မှ ဟာ-ဟင် ဆိုတာတွေ အသံတွေ ထွက်လာပါ တယ်။ "သားတို့သမီးတို့ ကင်ဆာဆိုတဲ့ ရောဂါကို သိကြသလား" ဆို တော့ "သိပါတယ် ဗျ-ရှင့်" "ဒါဆိုရင် ကင်ဆာဆိုတာဘာလဲ" "သေ တယ်ဗျ-ရှင့်"လို့ပြန်ပြောကြပါတယ်။ ဒီတော့မှ သားတို့သမီးတို့ အစားအစာတွေဟာ ကင်ဆာရောဂါဖြစ်စေတဲ့ ဓါတုဆိုးဆေးတွေ ပါတယ်။ ဒါကြောင့်မို့ သားတို့သမီးတို့ကို စားသုံးသူဆိုတာဘာလဲ၊ ဘာတွေကို ရှောင်ကြဉ်ကြရမလဲဆိုတာတွေကို နောက်က အန်တီ တွေ ဦးတွေက ဆက်ပြောမယ်။ သေသေချာချာ နားထောင်မှတ်သား ကြဆိုပြီး မိတ်ဆက်ပြောပေးပြီး နောက်က ကလေးတွေကို အလှည့် ပေးပါတယ်။

ကျန်တဲ့ဝန်ထမ်းများကလည်း လေ့လာမှတ်သား ကြိုးစားလေ့ ကျင့် ထားသလောက် ဟောပြောကြ တာပေါ့။ တစ်နေရာမှာ မနီဟာ ရောင်းချသူဖြစ်ပြီး ၊ မဖြူဟာ ဝယ်သူဖြစ်ရင် စားသုံးသူ ဘယ်သူဖြစ် မလဲ။ နောက်တစ်ခါ မနီဟာ သူရောင်းချတဲ့၊ သူထုတ်လုပ်တဲ့ သူအလို ရှိတဲ့ ပစ္စည်းကို ဝယ်ယူစားသုံး သုံးစွဲမယ်ဆိုရင် မနီကလည်း ဝယ်ယူ စားသုံးသူဖြစ်ကြောင်း၊ဒီနေရာမှာ ရောင်းချသူ ဒါပေမယ့် ဟိုနေရာ မှာ ဝယ်ယူသုံးစွဲသူဖြစ်မယ်ဆိုရင် မနီဟာလည်း စားသုံးသူထဲမှာ ပါကြောင်း၊ "စားသုံးသူရဲ့ အခွင့်အရေး" ဟောပြောတဲ့နေရာမှာ နား ထောင်သူအနေအထား သက်အရွယ်အပိုင်းအခြားအရ ဟောပြော ကြပါတယ်။ နောက်တစ်ဦးကတော့ စားသုံးသူအကာအကွယ်ပေးရေး အကြောင်းပြောရင်း ပုံပြင်တစ်ပုဒ်ပါထည့်ပြောပါတယ်။ ငါနဲ့ ဘာမှ မဆိုင်ဘူးဆိုတဲ့ အတွေးမတွေးကြဖို့ ပုံပြင်လေးပေါ့။ ပုံပြင်ကတော့ အိမ် တစ်အိမ်မှာ နွားရယ်၊ ဝက်ရယ်၊ ကြက်ရယ်၊ ကြွက်ရယ်ဆိုပြီး တိရစ္ဆာန် လေးကောင်ရှိပါတယ်တဲ့။ တိရစ္ဆာန်ရဲ့ သဘာဝ ကြွက်ဆိုတာမျိုးက စားဖို့တင်မက သူ့ရဲ့သွားတွေ ရှည်ထွက်မလာအောင် ကိုက်ရတယ်။ ပစ္စည်းတွေကို ဖျက်ဆီးရတယ်ပေါ့။ ဒီမှာ အိမ်ရှင် ယောကျ်ားက ဒီကြွက်ကို နှိမ်နင်းမယ်။ သတ်မယ်ပေါ့ဗျာ။ ဈေးကိုသွား ကြွက် ထောင်ချောက်တစ်ခုသွားဝယ်။ ကြွက်ထောင်ချောက်ဝယ်တာကို သိတော့ ကြွက်က ငါသေရတော့မယ်ဆိုပြီး ပထမဦးစွာ ကြက်ဖကြီး ကို သွားပြောတယ်။ အိမ်ရှင်ကတော့ ကျွန်တော့်ကိုသတ်ဖို့ ထောင် ချောက်ဝယ်လာတယ်။ ကျွန်တော့်ကို သတ်တော့မယ်ဗျာဆိုတော့ ကြက်ဖကြီးက ပြန်ပြောပါတယ် "ငါနဲ့ ဘာဆိုင်သလဲ"။ ထိုနည်းတူစွာ ဒုတိယ ဝက်ကြီးကလည်း "ငါနဲ့ ဘာဆိုင်သလဲ"။ တတိယ နွားကြီးက လည်း "ငါနဲ့ ဘာဆိုင်သလဲ"ပေါ့၊ ဒီတော့ ကြွက်ကလေးက စိတ် ပျက်စွာနဲ့ သူ့နေရာကို ပြန်လာခဲ့တယ်။ ကြွက်ကလေး သူ့နေရာ ပြန်လာတာကို အစာရှာနေတဲ့ မြွေတစ်ကောင်က လှမ်းမြင်တယ်။ ကြွက်ဟာမြွေရဲ့အစားအစာ "ဒီကြွက်တော့ ဒီအိမ်မှာနေတယ်" ညကျရင် ဒီကြွက်ကိုဖမ်းဖို့ ဒီအိမ်ကို ငါလာမယ်ပေါ့၊ ချုပ်ရရင် အိမ်ရှင်ယောကျ်ားက ညမှာ ကြွက်ထောင်ချောက်ထောင်မယ်၊ မြွေက ကြွက်ကို လာချောင်းတယ်၊ ရှာတယ်၊ ကြွက်ထောင်ချောက်အပေါ် ဖြတ်အထွက် ကြွက်ထောင်ချောက် မောင်းပြုတ်ပြီး မြွေကိုညှပ်မိတယ်။ မသေမရှင်ဖြစ်နေချိန် အိမ်ရှင်မိန်းမ နံနက်စောစော ထမင်းထအချက် ထောင်ချောက်မိနေတဲ့ မသေမရှင်မြွေက အိမ်ရှင်အမျိုးသမီးကို ကိုက်လိုက်ခဲလိုက်တယ်။ မြွေကိုက်တယ်ပေါ့ဗျာ။ မြွေကိုက်တော့ ဆေးကုသဖို့ ပထမ ဝက်ကိုသတ်ရောင်းတယ်။ ထပ်မလောက်လို့ နွားကို နွားသတ်သမားထံ ရောင်းရတယ်၊ အိမ်မှာရှိတဲ့ ကြက်ဖကို လူမမာအားရှိအောင် စားဖို့သတ်လိုက်ရတယ်။ မြွေ၊ ကြက်၊ ဝက်၊ နွား သေခဲ့ကြရတယ်။ "ငါနဲ့ သို့မဟုတ် ကိုယ်နဲ့ ဘာဆိုင်သလဲ" လို့ပြောသူ အစားအစာကို သတိထားမစားဘဲ အစားအစာ လောဘကြီးသူတွေ အားလုံးသေကြတယ်။ ဒီတော့ အစားအသောက်တွေကို စားသောက် ရာမှာ အိမ်က သို့မဟုတ် မိဘ ၊ ညီအကိုမောင်နှမအကြီးတွေက ကျွေး တာဆိုပြီး မသက်ဆိုင်ဘူးဆိုပြီး နေလို့မရဘူး ပုံပြင်လေးနဲ့ပြောပါတယ်၊ ပုံပြင်နဲ့ ကလေး၊ ကလေးနဲ့ ပုံပြင်ဆိုတာ ကိုယ်လည်း ငယ်ရာက ကြီးလာတဲ့သူဆိုတော့ ပိုပြီးစိတ်ဝင်စားကြတာပေါ့ဗျာ။ အောင်မြင်မှု တစ်ခုပါပဲ အမျိုးသမီး ဝန်ထမ်းနှစ်ဦးစလုံး ပုံတို၊ ပတ်စ ဥပမာ၊ ဥပမေယျ တွေလည်းပါ အသံကိုက အမျိုးသမီး တော်တော်များများဟာ မွေးရာပါ အရည်အချင်း အသံ (သာယာနာပျော်ဖွယ် ကောင်းသော ငါးပေါက်အသံများ) များဆိုတော့ ဒါလည်းအားသာချက်တစ်ခုပါဗျာ။ နောက်ပြီး အမျိုးသား ဝန်ထမ်းတစ်ဦး ထပ်ပြောတယ် နောက်ဆုံး ကျွန်တော် ပိတ်သိမ်းပါတယ်။ "ကျောင်းသားမှသည် မိဘဆီသို့" လို့ဦးတို့ပြောတဲ့ ဆောင်ပုဒ်နဲ့အညီ ဒီမှာ ဟောတာပြောတာကို မှတ်သားပြီး သတိ အသိနဲ့ ယှဉ်ပြီး ဝယ်ယူစားသောက်ဖို့ မြန်မာ့ ဒေသထွက် မုန့်တွေ ဝယ်စားဖို့ ကိုယ်တင်မက အိမ်မှာရှိတဲ့ အစ်ကို၊ အစ်မ၊ အဖေ၊ အမေ၊ ဦးကြီး၊ ဒေါ်လေးတွေကို ပြန်လည်ပြောပြဖို့ နိဂုံးချုပ်ပြီး လက်ကမ်းစာစောင်တွေကို ဖြန့်ဝေပါတယ်။ ဒီနေရာမှာ ဒီစာစု စတင်ဖြစ်ပေါ် လာရတော့တာပါပဲ။ ကိုယ့်မှာပါလာတာက လက်ကမ်းစာစောင် အရေအတွက်က ၁၅၀ စာ၊ ကျောင်းသားက သူငယ်တန်းမှ သတ္တမတန်းအထိ ၄၁၇ ဦး၊ ဒီတော့ ကျွန်တော်တို့ တစ် တွေ ကျောင်းသားကြီးတွေကို ဦးစားပေးဝေပါတယ်။

ဟောပြောတဲ့ ကျောင်းက မူလွန်ကျောင်း၊ ကျောင်းပင်မတစ်ခု ထဲမှာ စုပေါင်းထိုင်ကြတာဆိုတော့ တန်းကြီး၊ တန်းငယ် ရောထိုင် ကြတာဆိုတော့ ကျောင်းသားကြီးတွေကို ပေးရင် ကျောင်းသား ငယ်တွေက လက်ကမ်းကြတယ်။ တချို့တလေက မျက်လုံးကလေးတွေ ကလယ်ကလယ်နဲ့ မော့ကြည့်နေကြတယ်။ သူတို့မျက်နှာလေးတွေ မျှော်လင့်ချက်၊ လိုချင်မှု၊ ရလိုမှုတွေနဲ့ အပြည့်ပေါ့ဗျာ။ သူတို့ မျှော်မှန်းသလို လက်ကမ်းစာစောင် ကလေးများ မရတဲ့အခါမှာ စိတ်ပျက်အားငယ်သွားကြတဲ့ မျက်နှာကလေးတွေ၊ ညှိုးငယ်သွားတဲ့ မျက်နှာကလေးတွေ တွေ့ရတော့ စိတ်ထဲမှာ မကောင်းဖြစ်မိပါတယ်။ သူတို့ရဲ့ ကမ်းလှမ်းမှု၊ မျက်နှာအမူအရာ စတာတွေကို ကြည့်ရင်း "ဦးကြီးရယ်-သူတို့ကြတော့ ပေးပြီး၊ ကျွန်တော့်ကြတော့ ၊ သားတို့ တော့ ဘာကြောင့်မပေးတာလဲဗျာ" လို့ကျွန်တော်ကို မေးနေသလို ခံစားရပါတယ်။ ရင်ထဲမှာ နင့်နင့်နဲနဲ ခံစားရပါတယ်။ သူတို့ကလေး တွေကို ကြည့်ပြီး ရင်ထဲမှာ အလုံးဆို့လို့ ငိုချင်စိတ်တောင် ပေါက်လာ ပါတယ်-----အဲဒီလို ခံစားရင်း ငယ်စဉ်က စွဲလမ်းခဲ့ရတဲ့ စာသားများ၊ အဆိုအမိန့်များ၊ အလင်္ကာရသများကို ပြန်လည်အမှတ်ရမိပါတယ်။

အဲဒီစာသားကတော့ "ချေမှာစကား၊ လက်ဖျားကအလင်္ကာ၊ မျက်နှာမှာ ဇာတ်လမ်း" ဆိုတာကိုပါပဲ။ ငယ်ငယ်က ဖတ်တယ်၊ မှတ်တယ်၊ စာသားရဲ့ အဓိပ္ပါယ်ကို လုံးစေ့ပတ်စေ့နားလည်လို့တော့ မဟုတ်ပါဘူး။ အလင်္ကာဆန်သော စာတမ်း၊ စာသားကို ကြိုက်နှစ် သက်လို့ပါပဲ။ "ကိုယ့်အသက်အရွယ်၊ အတွေ့အကြုံ၊ ခံစားမှု၊ ရင့်ကျက် မှုစတာတွေကြောင့် ပိုမိုခံစားရတယ်ဗျာ"။

ဒီဟောပြောအသိပညာပေးသော လုပ်ငန်းသည် မိမိဌာနရဲ့ တာဝန်ဖြစ်ပါတယ်။ ကိုယ့်အနေနဲ့က တာဝန်ကျေ၊ တာဝန်ရှိမှု၊ တစ်ခုထဲမှာပင်မနေဘဲ တာဝန်ရှိမှု၊ သိမှု၊ နားလည်မှု၊ တာဝန်ယူမှု၊ တာဝန်ကျေပြွန်မှု အပေါ် မှာ စေတနာ အပြည့်အဝ ထပ်လောင်းပြီး ဌာနကပေးတဲ့ အကောင်းစား စာရွက်ကြွေသားအပြင် မိမိတို့ဌာနမှာ ရှိတဲ့ ဝန်ထမ်းများကို အဆင့်အလိုက် ကောက်ယူစုဆောင်းပြီး ဌာနက ပေးတဲ့ အကောင်းစား ကြွေသားစာရွက် လက်ကမ်း စာစောင်အပြင် ဌာနကပေးတဲ့ အသိပညာ၊ အပြင်ကရတဲ့ အသိပညာ၊ ဗဟုသုတတွေ ပေါင်းစပ်ပြီး (ဥပမာ-တောင်တွင်းကြီးက မုန့်တိုက်ပွဲ အခွေတွေနား ထောင်) ပြီးရှာဖွေထားတဲ့ ဗဟုသုတတွေကို စုပေါင်းပြီး အဖြူအမည်း စာရွက်ကလေးတွေနဲ့ လက်ကမ်းစာစောင်များလည်း ရိုက်နှိပ်ငွေကြေး အကုန်အကျခံ (တတ်နိုင်သလောက်ပေါ့ဗျာ) စေတနာထားခဲ့ပေမယ့် ဟောပြောရတဲ့ ကျောင်းသားကျောင်းသူ၊ ဆရာ/ဆရာမ၊ ကျောင်းဈေးသည်ဆိုတဲ့ အရေအတွက်က များနေတော့ ဌာနက ပေးတာရယ်၊ ကိုယ်ပိုင်စိုက်ထုတ်ထားတာရယ်ဟာ မညီမျှလေတော့၊ မလောက်မငတော့ ကျောင်းသား၊ ကျောင်းသူတိုင်း အပြည့်အဝ အကုန်လုံး မဝေငှနိုင်လေတော့ စဉ်းစားမိပါတယ်။ ကျောင်းသားကြီး တွေကို ဝေငှရင်း လက်ကလေးလှမ်းတောင်းခံလာတဲ့ လက်ဖျားက အလင်္ကာ၊ သူများရသလို ကိုယ်မရတော့ ဖြစ်ပေါ်ခဲ့တဲ့ မျက်နှာပေါ်က ဇာတ်လမ်းတွေ ကြည့်ရှုခံစားရင်း စဉ်းစားမိတာပါ။ ဒီကလေးအများစု ကျွန်တော်တို့တစ်တွေ ဝေငှပေးသော လက်ကမ်းစာစောင်လေးတွေကို မြတ်မြတ်နိုးနိုး တန်ဖိုးထားချင်လို့လား။ တကယ်ကို စာတွေထဲက အတိုင်း လေ့လာမှတ်သား လိုက်နာဆောင်ရွက်ချင်လို့လားဆိုတဲ့ အတွေး။ ဒီလိုမှ မဟုတ်ဘဲ သူများရလို့ ရချင်တာလား၊ သူရရင်

➲ စာမျက်နှာ ၁၃ သို့

# ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့တွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက် ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာသင်တန်းဖွင့်လှစ်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံး (ကျိုင်းတုံ)နှင့် ကျိုင်းတုံကုန်သည်ကြီးများအသင်းတို့ ပူးပေါင်းပါဝင်ကူညီမှုဖြင့် British Council နှင့် Stardand Chartered Bank Myanmar မှ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသဖြစ်သော ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်ဒေသတို့ရှိ ဒေသခံစီးပွားရေးလုပ်ငန်းရှင် ၈၁ ဦးအား ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့ထိ ကျိုင်းတုံမြို့၊ တိုင်းလိခန်းမတွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက် ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာသင်တန်းအား တက်ရောက် သင်ကြားဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်ဝန်ထမ်းများ၊ လုပ်ငန်းရှင်ဆရာဝန်များ စုစုပေါင်း ၈၁ ဦးမှ စိတ်ပါဝင်စားစွာ တက်ရောက်သင်ကြားခဲ့ပြီး အခြားဒေသများတွင် သင်တန်းပို့ချမှုအနေဖြင့် မထူးခြားခဲ့သော်လည်း သင်တန်းပို့ချနေချိန်တွင် ကျိုင်းတုံမြို့ ဒေသခံလူငယ်များမှ E4E Foundation တည်ထောင်၍ ဘဏ္ဍာရေးနှင့်စီးပွားရေးဆိုင်ရာ အသိပညာများအား ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်လျက်ရှိနေခြင်းအတွက် သင်တန်းနည်းပြ ဦးမျိုးသန်းထွန်းမှ အသိအမှတ်ပြုပါကြောင်းနှင့် သင်တန်းကာလတွင် အမှတ်ရဂုဏ်ယူစွာဆောင်ရွက်နိုင်ခဲ့ပြီး ကျိုင်းတုံဒေသစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုကဏ္ဍများတွင် ပိုမိုဆောင်ရွက်၍ စီးပွားဖွံ့ဖြိုးတိုးတက်လာနိုင်စေရေး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုအခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်မြှင့်တင်ရေးကဏ္ဍများတွင် ပိုမိုတိုးတက်လာစေရေး၊ ပြည်ပ NGO အဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

**မြင့်ကြည် -ကျိုင်းတုံ**

➲ စာမျက်နှာ ၁၂ စားသုံးသူအကာအကွယ် . . . မှ အဆက်

ကိုယ်ရချင်တယ် ဆိုတာကြောင့်လား ဆိုတာကတော့ စာရှုသူများ စဉ်းစားကြစေလိုပါတယ်။ ကိုယ်ငယ်စဉ်ကာလ ဖြတ်သန်းလာခဲ့ရတဲ့ ကလေးဘဝ အတွေ့အကြုံများကို ပြန်လည်စဉ်းစားမိရင်း ငယ်စဉ် ကာလ ကိုယ့်ဒေသ ရုပ်ရှင်ရုံမှာ ဇာတ်ကားပြောင်းရင် ရုပ်ရှင်ဇာတ် ကားကို ကြော်ငြာတဲ့အနေနဲ့ ကြော်ငြာစာရွက်ကို ကားသို့မဟုတ် မြင်းလှည်းတွေနဲ့ လိုက်ဝေတတ်ပါတယ်။ ကားပေါ် သို့မဟုတ် မြင်းလှည်းပေါ်က ဒီနေ့ ရုပ်ရှင်ရုံကြီးမှာ ပြသမယ့်ဇာတ်ကားကတော့ ဘာဇာတ် ကားပါ၊ မင်းသားက ဘယ်သူ၊ မင်းသမီးက ဘယ်သူပါ၊ ဇာတ်ကြမ်း၊ ဇာတ်လွမ်းကြီး ပါလို့ အသံချဲ့စက်နဲ့ (အညာလေနဲ့ ပြောရရင် လော်ကြီးနဲ့ ပေါ့ဗျာ) အော်ပြီဆို ကတည်းက ဒီကြော်ငြာကား သို့မဟုတ် မြင်းလှည်းနောက်ကို အပြေးအလွှား လိုက်ပြီး အပေါ်ကဖြန့်ဝေတဲ့ ကြော်ငြာစာရွက်ကို အများနဲ့လုကောက်ခဲ့ရတာ ပုဆိုးပြဲ ၊ ဒူးကွဲပါပဲ။ ရလာတဲ့ ကြော်ငြာ စာရွက်ကလေး ခဏပဲ ကိုင်လိုက်ရတာပါပဲ၊ ပြီးတော့လည်း မေ့မေ့ပျောက်ပျောက်ပေါ့ဗျာ။ ကလေးဘဝ ကလေးအတွေးနဲ့ သူများလိုသလို ၊ သူများရသလို ဒီစိတ်နဲ့ ကိုယ်တောင် ငယ်စဉ်ကဖြတ်သန်းခဲ့ဖူးတော့ ဒီတစ်ခါ ကိုယ်က ဖြန့်ဝေသူ "အောက်ကရတဲ့ကလေး" မရတဲ့ကလေး မျက်နှာကလေးတွေ ကြည့်ပြီး ခံစားရတာပေါ့ဗျာ။---ကဲ --- ကျွန်တော်တို့ဖြန့်ဝေတဲ့ လက်ကမ်း စာစောင်ရသွားတဲ့ ကလေးက အမြတ်တနိုးနဲ့ တန်ဖိုးထားမလား ဒါမှမဟုတ် အိမ်က လူကြီးတွေက ဖတ်ရှုသဘောပေါက် လိုက်နာဆောင်ရွက်မယ်ဆိုတဲ့ ကျန်းမာရေး အသိရှိမလား --လား --- လား --- လား --- ဆိုတာကတော့ ရရှိသူအပိုင်းပါ "ဘာပဲပြောပြော ရရှိသူအပိုင်းက ပျော်တယ်" မရရှိသူအပိုင်းက ဝမ်းနည်းတယ်။ ဒါတွေပင်လျှင် သူတို့ကလေးတွေ (ကျောင်းသား/သူ) တွေရဲ့ မျက်နှာများက ပြော သော ဇာတ်လမ်းစကားပါ။ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲ သွားတဲ့ ကျောင်းတွေမှာ မူလတန်းဆို အနည်းဆုံးကျောင်းသားဦးရေ ၂၀၀-၂၅၀ ဦး၊ မူလွန်ကျောင်းတွေမှာ ၃၀၀-၄၀၀ ဦး၊ အလယ်တန်းကျောင်းတွေမှာ ၅၀၀-၇၀၀ ဦး၊ အထက တွေမှာ ဆိုရင်တော့ ၉၀၀-၁၀၀၀ ဦး အရေအတွက်တွေရှိနေပါတယ်။ လိုနေတဲ့ ကွက်လပ်ကိုတော့ ဖြည့်ဆည်းနိုင်အောင် ဆက်လက်ကြိုးစား အကောင်အထည်ဖော် ဆောင်ရွက်ကြမှာ မလွဲပါဘူး။

ဒီစာစုကို ဒီမှာပဲအဆုံးသတ်ရတော့မှာပါ ခေါင်းစဉ်အနေနဲ့ ကတော့ "စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲများမှ ပြောသော လက်ဖျားအလက်ာ-မျက်နှာမှာ ဇာတ်လမ်းများ"လို့တင်ပြပါရစေ -------

# SPA Group နှစ်ကုန်အခမ်းအနားကျင်းပ

ပြက္ခဒိန်နှစ်ပိတ်သိမ်းတဲ့ကာလရောက်ရှိလာပြီဖြစ်လို့ SPA Group ရဲ့ နှစ်ကုန်အခမ်းအနားပွဲကို Yoma Strategic Holdings ရဲ့ အမှုဆောင်အရာရှိချုပ်နဲ့ အမှုဆောင်ဒါရိုက်တာမစ္စတာ Melvyn Pun က ဦးဆောင်ပြီး၊ ဒီဇင်ဘာလ ၁၄ ရက်က ကမ္ဘာ့အေးဘုရားလမ်းရှိ Port Autonomy မှာ ကျင်းပခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ ၂၀၁၅ ခုနှစ်အတွက် ကူညီထောက်ပံ့ပေးခဲ့မှုတို့အပေါ် ကျေးဇူးတင်ဂုဏ်ပြုတဲ့အနေနဲ့ အကြီးတန်းစီမံခန့်ခွဲမှုတာဝန်ခံများနဲ့ စကားစမြည်ပြောဆိုပြီး စားမြိန်ဖွယ်ရာများနဲ့ ဧည့်ခံရန်လို့ သိရပါတယ်။

နှစ်ကုန်အခမ်းအနားပွဲမှာ Yoma Strategic Holdings ရဲ့ အမှုဆောင်အရာရှိချုပ်နဲ့ အမှုဆောင်ဒါရိုက်တာဖြစ်တဲ့ Melvyn Pun က တက်ရောက်လာကြတဲ့ ဧည့်သည်တော်များနဲ့ မီဒီယာများကို SURGE PUN ASSOCIATION (SPA) , YOMA STRATEGIC HOLDINGS (YSH) နဲ့ FIRST MYANMAR INVESTMENT (FMI) တို့ အတွက် ၂၀၁၅ ခုနှစ်ဟာ အလွန်အရေးပါတဲ့ နှစ်ဖြစ်ကြောင်း၊ ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့ပြီး အောင်မြင်မှုများလည်း ရရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်မှာ အလုပ်တွေလည်း ပိုမိုများပြားလာမှာဖြစ်ပြီး အဆင်သင့်လည်း ပြင်ဆင်ထားပြီးဖြစ်ကြောင်း ရရှိခဲ့တဲ့ အောင်မြင်မှုခြောက်ခုကို ထုတ်နုတ်ပြောပြပေးသွားမယ်လို့ ပဏာမ ပြောကြားခဲ့ပါတယ်။

ပထမဦးဆုံးပြောပြလိုတဲ့အောင်မြင်မှုကတော့၊ ပြိုင်ပွဲဝင် ၄၀၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ တတိယအကြိမ် ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မာရသွန်ပြိုင်ပွဲကို ထိပ်ဆုံးတင်ပြောပြရခြင်းကတော့ ရှေ့လာမယ့် စတုတ္ထအကြိမ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကို ကျင်းပတော့မှာဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၆၀၀၀ နဲ့ ကျင်းပသွားရန် စီစဉ်ထားကြောင်း၊ ဒုတိယ အောင်မြင်မှုကတော့ ပန်းလှိုင်ဆေးရုံကို အင်ဒိုနီးရှားမှ Lippo Group နဲ့ ပူးတွဲပြီး ပန်းလှိုင်စီလုံဆေးရုံအဖြစ် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ဆေးရုံကုတင်လည်းယခင်ထက် နှစ်ဆတိုးချဲ့နိုင်ခဲ့ကြောင်း၊အချိန်ပြည့်တာဝန်ကျဆရာဝန် ၂၅ ဦးနဲ့ ၂၄ နာရီပိတ်ရက်မရှိ ဖွင့်လှစ်ထားကြောင်း၊တတိယအောင်မြင်မှုကတော့ ရိုးမဘဏ် (Yoma Bank) ကို "ကျင့်ဝတ်မှန်ကန်ရိုးမဘဏ်"အဖြစ် ပြန်လည်မိတ်ဆက်ခဲ့ပြီး လုပ်ငန်းမိတ်ဖက်များ ကမ္ဘာ့ဘဏ်၊တယ်လီနောတို့နဲ့ ပူးပေါင်းပြီး ဝန်ဆောင်မှုအသစ်တွေနဲ့ လုပ်ဆောင်ပေးနေပြီဖြစ်ကြောင်း ပြောကြားပါတယ်။

စတုတ္ထအောင်မြင်မှုကတော့ KFC ကို မြန်မာနိုင်ငံသို့ သယ်ဆောင်ပေးလာနိုင်ခြင်းဖြစ်ကြောင်း၊ဖခင်ဖြစ်သူက သူငယ်စဉ်ဘဝမှာ မွေးနေ့ပွဲကို KFC မှာကျင်းပပေးခဲ့တာကို ယနေ့တိုင်အမှတ်ရနေပါကြောင်း ၊ မိတ်ဆွေတို့ရဲ့ သားသမီးမြေးမြစ်များကိုလည်း KFC ရဲ့အရသာကိုသိရှိခံစားစေချင်တဲ့အတွက် ယခုကဲ့သို့ KFC ဆိုင်ကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ပဉ္စမအချက်မှာရေဘေး ဒုက္ခသည်များအတွက်လည်း စားသောက်ကုန်၊ ရေသန့်ဆေးဝါးများ ပံ့ပိုးကူညီပေးခဲ့ကြောင်း၊ ကျေးရွာများမှာ ရေသန့်စက်များ တပ်ဆင်ရေး တိုးချဲ့လုပ်ကိုင် နိုင်ခဲ့ကြောင်း၊ ဆဋ္ဌမနဲ့ နောက်ဆုံးအချက်ကတော့ စင်ကာပူ အိမ်ရာဖော်ထုတ်တည်ဆောက်ရေး အကောင်းဆုံးဆု Best award for Civil နဲ့ Best Management Board ဆုများကို ရရှိခဲ့ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားခဲ့ပါတယ်။

၂၀၁၆ ခုနှစ်မှာ ၂၀၁၅ ခုနှစ်ထက် အလုပ်တွေ ပိုများမှာဖြစ်တဲ့အတွက် ပြင်ဆင်ထားပြီး ဘဏ်တွေ KFC ဆိုင် တွေ တိုးချဲ့ဖွင့်လှစ်မယ်၊ မန္တလေးနဲ့ ရန်ကုန်မှာ ဆေးရုံအသစ်တွေထပ်တည်မယ်၊ပန်းလှိုင်ဂေါက်ကွင်းကို ဟိုတယ်အသစ်ထပ်တည်မယ်၊ Star City မှာ International School ပါထည့်ဆောက်ထားကြောင်းနဲ့ Yangon Stock Exchange မှာ FMI က ကနဦးစာရင်းသွင်းခံခဲ့ရတဲ့ ကုမ္ပဏီဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

SPA ဟာ အုပ်စုတွင်း အဖွဲ့ဝင်ဖြစ်တဲ့ ကုမ္ပဏီများနဲ့ ဖက်စပ်လုပ်ကိုင်မှုတွေကတော့ FMI နဲ့ ဆိုရင် မြန်မာနိုင်ငံရှိ အများပိုင်ကုမ္ပဏီ ထူထောင်နိုင်ခဲ့ပြီး စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများ၊ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများ၊ အိမ်ရာဖော်ထုတ်တည်ဆောက်မှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများကို လုပ်ဆောင်လျက်ရှိပါတယ်။ ၁၉၉၂ ခုမှာ FMI ကုမ္ပဏီကိုထူထောင်ခဲ့တာဖြစ်ပါတယ်။ Yoma Strategic Holding Ltd ရဲ့ လုပ်ဆောင်မှုတွေကတော့စင်ကာပူနိုင်ငံရှိ Sax စာရင်းဝင်အများပိုင်ကုမ္ပဏီအဖြစ်ထူထောင်နိုင်ခဲ့တယ်။အိမ်ရာဖော်ထုတ် တည်ဆောက်ခြင်း၊ စားသုံးသူဝန်ဆောင်မှု၊ မော်တော်ယာဉ်လုပ်ငန်း၊ရင်းနှီးမြှုပ်နှံမှု (စိုက်ပျိုးရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး) ခရီးသွားလုပ်ငန်းနဲ့ Telecoms Towers များကို လုပ်ဆောင်လျက်ရှိတယ်လို့ သိရပါတယ်။

**CMK**

# ရင်းနှီးမြှုပ်နှံမှုနဲ့ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများအသွင်းပို၍ ယခင်နှစ်ကာလတူထက် သွင်းကုန် ကန်ဒေါ်လာ ၁၀၆ သန်းကျော် ပိုမိုဆောင်ရွက်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလ ၁၈ ရက်နေ့ထိ သွင်းကုန်ကန်ဒေါ်လာ ၁၁၇၂၆ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပြီး ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၁၀၇ သန်းခန့် ပိုမိုခဲ့ပါတယ်။ ထိုကဲ့သို့ ပိုမို ရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်တဲ့ သင်္ဘောနဲ့ သင်္ဘောအပိုပစ္စည်းများ၊ တယ်လီဖုန်းနဲ့ ဆက်သွယ်ရေး ကိရိယာများ၊ မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနဲ့ တပ်ဆင်ရေးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်ပစ္စည်းများနဲ့ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ သံနဲ့ သံမဏိပစ္စည်းများ၊ လုပ်ငန်းသုံးသီးနှံဆီများ၊ အခြားစက္ကူများ၊ ကုန်ထုတ်စက္ကူများနဲ့ သုတ်ဆေးပေါလစ်များ ယခင်နှစ်ကာလတူထက် ပိုမိုတင်သွင်းခဲ့တဲ့အတွက်လို့သိရပါတယ်။

ပို့ကုန်ပိုင်းမှာတော့ ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ ၇၅၆၉ သန်းခန့်လျော့နည်းတင်ပို့ခဲ့ပါတယ်။ လယ်ယာထွက်ကုန် ပစ္စည်းအုပ်စုအနေနဲ့ ဆန်၊ ပြောင်း၊ နှမ်း၊ ပဲအမျိုးမျိုး (ပဲလွန်းဖြူ ထောပတ်ပဲ၊ ပဲကြီး၊ ပဲကတ္တီပါ(စွန်တာနီ/ပြာ)၊ ပဲဖြူလေး၊ ဘိုကိတ်ပဲ၊ ပဲနီကြား၊ မြေပဲဆံ)တို့ ယမန်နှစ်ကာလတူထက် အပို့လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ အုပ်စုအလိုက်ကို နှိုင်းယှဉ်ကြည့်ရာမှာတော့ လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်၊ သတ္တုတွင်းထွက်၊ စက်မှုကုန်ချောနဲ့ အခြားအုပ်စုများ၊ ယမန်နှစ်ကာလတူထက် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလ ၁၂ ရက်ထိ ပို့ကုန် ကန်ဒေါ်လာ ၅၇၀၃ သန်းခန့်၊ သွင်းကုန် ကန်ဒေါ်လာ ၁၃၅၉၂ သန်းကျော်၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၉၂၉၅ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပြီး ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းလျော့နည်းခဲ့သော်လည်း သွင်းကုန်ပိုင်း ပိုမိုဆောင်ရွက်နိုင်ခဲ့တယ်လို့ သိရှိရပါတယ်။

**MIRT**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၈-၁၂-၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီ (သစ်)တွေ စတင်ဝင်ရောက်လာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်ပဲစင်းငုံနီ(သစ်)တွေ ဈေးကွက်ထဲ စတင်ဝင်ရောက်လာသလို ပြည်ပဝယ်လက်တွေကလည်း ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)က ယခင်နှစ်ကဈေးထက် ဒီနှစ်ဈေးက ပိုရကြောင်း အဓိကကတော့ ပြည်ပရဲ့ဝယ်လိုအား သွက်တာကြောင့် အခုလို ဈေးကောင်းရတာဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို အနိမ့်ဆုံး ၁၅၅၂၀၀၀ ကျပ်မှ အမြင့်ဆုံးတစ်တန်ကို ၁၆၀၅၀၀၀ ကျပ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ(သစ်) ဆက်လက်ဝင်ရောက်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်)တွေ ဈေးကွက်ထဲ စတင်ဝင်ရောက်လာပေမယ့် အဝင်မလှိုင်သေးကြောင်း ဝင်သလောက်တော့ ရန်ကုန်ဝယ်လက်က ပုံမှန်အဝယ်ရှိနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၄၇၅ ကျပ် (တစ်တန်ကို ၁၅၁၅၆၆၅ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ပုံမှန်အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်နှင့် လုပ်ငန်းသုံးသမားများက ဝယ်လိုအား ပုံမှန်ရှိပေမယ့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၉၅၀ ကျပ် (တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်) ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၁၈၄၀ ကျပ် (တစ်တန်ကို ၁၁၂၆၇၉၇ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းနှင့် ပဲစင်းငုံနီ(သစ်) အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီး နယ်အဝင်လျော့သွားပေမယ့် တရုတ်အတွက် ဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့်တစ်ပိဿာ ၁၈၇၅ ကျပ်(တစ်တန်ကို၁၁၄၈၂၃၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)တွေကတော့ နယ်စုံမှ ပုံမှန်ဝင်ရောက်နေသလို ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာ ၂၅၀၀ ကျပ်(တစ်တန်ကို ၁၅၃၀၉၇၅ တန်)ဈေးဖြင့် တစ်ရက်ကို အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မကွေးမှာ ပဲတီစိမ်း ပုံမှန်အရောင်းအဝယ်ဖြစ် ပဲစင်းငုံနီ(သစ်)ဆက်လက်ဝင်ရောက်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၄၀ ကျပ် (တစ်တန်ကို ၁၁၂၆၇၉၇ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)ကတော့ ဈေးကွက်ထဲ ဆက်လက်ဝင်ရောက်နေသလို ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၂၅၀၀ ကျပ်(တစ်တန်ကို ၁၅၃၀၉၇၅ ကျပ်)ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲအရောင်းအဝယ်ပါး ပြောင်းသီးနှံအနည်းငယ်အရောင်းအဝယ်ဖြစ်

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲလက်ကျန်ပြတ်သလောက် ဖြစ်နေသလို ပဲအရောင်းအဝယ်လည်း မဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပြောင်းသီးနှံကို ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၄၀၀ ကျပ်ဈေးဖြင့် ဝယ်လိုအားအသင့်အတင့်ရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ပြည်ဈေးကွက်မှာ ပဲစင်းငုံနီ(သစ်)နှင့် ပဲလွန်းဖြူ(သစ်)ဈေးကွက် စတင်ဝင်ရောက်လာ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်)တွေ ဈေးကွက်ထဲ ဆက်လက်ဝင်ရောက်နေသလို ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၂၅၂၅ ကျပ် (တစ်တန်ကို ၁၅၄၆၂၈၄ ကျပ်)ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူ(သစ်)အနေဖြင့် ဈေးကွက်သို့ စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၁၄၀၀ ကျပ် (တစ်တန်ကို ၈၅၇၃၄၆ ကျပ်)ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း အခုပေါက်ဈေးက အရင်နှစ်ဈေးထက် ဈေးပိုရခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီ၊ ပဲလွန်းဖြူနှင့် ပဲလွန်းပြာ(သစ်)တွေ စတင်ဝင်ရောက်လာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်)၊ ပဲစင်းငုံနီ(သစ်) ပဲလွန်းဖြူ(သစ်)နှင့် ပဲလွန်းပြာ(သစ်)တွေ ဈေးကွက်ထဲစတင်ဝင်ရောက်လာသလို ပြည်ပဝယ်လက်တွေကလည်း အရည်အသွေးအလိုက် ဈေးကောင်းပေးအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ(သစ်)တွေ ဈေးကွက်ထဲ စဝင်လာပေမယ့် အဝင်တော့ နည်းနေသေးကြောင်း အဖွင့်ဈေးက တစ်ပိဿာ ၃၄၀၀ ကျပ်(တစ်တန်ကို ၂၀၈၂၁၂၆ ကျပ်)ဈေးဖြင့် အရောင်းရှိခဲ့သလို ဝယ်လက်တွေကလည်း ဈေးကောင်းပေးအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)တွေ ဆက်လက်ဝင်ရောက်နေပြီး တစ်ပိဿာကို ၂၄၅၀ ကျပ်(တစ်တန်ကို ၁၅၀၀၃၅၅ ကျပ်) ဈေးဖြင့် ပုံမှန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူ(သစ်) တွေ ဒီတစ်ပတ်မှာ ဈေးကွက်ထဲဝင်ရောက်လာပြီး တစ်ပိဿာ ကို ၁၄၅၀ ကျပ် (တစ်တန်ကို ၈၈၇၉၆၅ ကျပ်) ဈေးဖြင့် ဈေးဖွင့် အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ ဒ့ါအပြင် ပဲလွန်းပြာ(သစ်) တွေလည်း ဈေးကွက်ထဲစတင်ဝင်ရောက်လာသလို ပြည်ပ ဝယ်လက်တွေကလည်း တစ်ပိဿာကို ၁၃၀၀ ကျပ် (တစ်တန်ကို ၇၉၆၁၀၇ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီ(သစ်) စတင် ဝင်ရောက်လာ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ(သစ်)တွေ ဈေးကွက်ထဲ စတင်ဝင်ရောက်လာပေမယ့် အဝင်မများသေးကြောင်းသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၁၄၀ ကျပ် (တစ်တန်ကို ၁၃၁၀၅၁၄ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကိုတော့ တရုတ်ဝယ်လက်က တစ်ပိဿာ ၁၉၅၆ ကျပ် (တစ်တန်ကို ၁၁၉၇၈၃၄ ကျပ်)ဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကိုတော့ ပဲခွဲစက်နှင့် လုပ်ငန်းသုံးသမားများက တစ်ပိဿာကို ၂၀၉၆ ကျပ် (တစ်တန်ကို ၁၂၈၃၅၆၉ ကျပ်)ဈေးဖြင့် အိတ် ၈၀၀ ခန့် ဝယ်အားရှိပေမယ့် ကုန်သည်လက်ဝယ်မှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။

×××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေး ဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များ ပုံမှန်အဝယ်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်-မန္တလေး ဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်-မန္တလေး ဝယ်လက်က ပြောင်းတစ်ပိဿာကို ၃၉၀ ကျပ်ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့သလို အစာစပ်လုပ်ငန်းရှင်များကလည်း တစ်ပိဿာကို ၄၃၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန်လေးသိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းသီးနှံအဝင်လှိုင် တရုတ် အဆွဲသွက်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံအဝင်လှိုင်နေသလို တရုတ်ဘက်ကလည်း ဝယ်လိုအားသွက်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၀၀ကျပ် ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၃ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါ တယ်။

×××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်များ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအဝင်အနေဖြင့် တစ်ပတ်အတွင်း တန်ချိန် လေးသောင်းခန့် ဝင်ရောက်ခဲ့လို့ ယခင်တစ်ပတ်ထက် အဝင်ပိုလာကြောင်း အဝင်ရှိသလောက်လည်း တရုတ်ဘက်က ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၇၈ ယွမ်မှ အမြင့်ဆုံး ၈၀ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



သင့်ကျန်းမာရေး

# အစားအစာနှင့် နာတာရှည်ရောဂါများ

ဒေါက်တာလွင်သန့်

**မေး။ -** ဆရာခင်ဗျား။ နာတာရှည်လူနာများအတွက် အစားအစာရဲ့ ပါဝင်ပတ်သက်မှု ဘယ်လောက်ရှိနိုင်မလဲ။ ပျောက်ကင်းနိုင်မလားခင်ဗျား။

**ဦးအုန်းမြင့်(ဘိုကလေး)**

**ဖြေ။ -** နာတာရှည်ရောဂါလူနာများအတွက် အစားအစာ (ဓာတ်စာ) ကုထုံးရှိပါတယ်။ မပျောက်ကင်းနိုင်ပေမယ့် ရောဂါမဆိုးရွားအောင်၊ ဒီထက်တိုးမလာအောင် ဆောင်ရွက်နိုင်ပါတယ်။

**(က)နှလုံးနှင့် သွေးကြောရောဂါများ။** နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးကြောသွေးခဲရောဂါ၊ သွေးတိုးရောဂါတို့မှာ အစားအသောက်နှင့်ထိန်းထားနိုင်တယ်။ ခန္ဓာကိုယ်တွင်း ကိုလက်စထရောလျှော့ချလိုရင် အသင့်အမြန်စားအစာ (snap) များဖြစ်တဲ့ ဟမ်ဘာဂါ၊ ပီဇာ၊ ဆင်းဒဝစ်များ ရှောင်ရှားသင့်ပါတယ်။ ယင်းအစားစာတို့ဟာ နှစ်ခါပြန်ကြော်ဆီ၊ စက်ဆီ၊ ဆီအုန်းနဲ့ ပြင်ဆင်ထားတဲ့အပြင် အငန်၊ အချိုကဲတဲ့ အစားအစာများ ဖြစ်နေတယ်။ တိရစ္ဆာန်အဆီ စားသုံးမှုဟာ စားသုံးမှုအားလုံးရဲ့ ၁၀ ရာခိုင်နှုန်း ထက်ပိုတဲ့အခါ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်စေတယ်။ သစ်သီးနှင့်ဟင်း သီးဟင်းရွက်ပါတဲ့ အမျှင် (Fibre) တို့ဟာ ကိုလက်စထရောကို လျော့နည်း စေတယ်။ သက်သက်လွတ်စားသူများမှာ နှလုံးသွေးကြောကျဉ်းဖြစ် ပွားနှုန်း လျော့စေတယ်။

အရက်သောက်သူများနဲ့ အငန်၊ အချိုမှုန့်စားသူများ မှာ သွေးတိုးရောဂါပိုမိုဖြစ်ပွားစေတယ်။ အဝလွန်ခြင်း၊ သွေးတိုးရောဂါမဖြစ်စေဖို့ အဆီလျှော့စားခြင်း၊ အငန်၊ အချိုမှုန့်လျှော့ခြင်း၊ အရက်လျှော့သောက်ခြင်း၊ ဆေးလိပ်ဖြတ်ခြင်းတို့ ဆောင်ရွက်သင့်ပါတယ်။

**(ခ) ကင်ဆာရောဂါများ။ -** ကင်ဆာရောဂါဖြစ်ပွားနေတဲ့ အမျိုးသား ၄၀ ရာခိုင်နှုန်းနဲ့ အမျိုးသမီး ၆၀ ရာခိုင်နှုန်းတို့ဟာ စားသုံးတဲ့ အစားအစာနဲ့ ဆက်နွယ်နေ တယ်။ အရက် ဆေးလိပ်နဲ့ ကွမ်းစားသူတို့ဟာ ခံတွင်း၊ လည်မျို၊ လည်ချောင်းနဲ့ အစာရေမျိုကင်ဆာရောဂါ ဖြစ်ပွားမှုနဲ့ ဆက်စပ်လျက်ရှိတယ်။ အစာရေမျိုကင်ဆာဟာ ဟင်းသီးဟင်းရွက်၊ လတ်ဆတ်တဲ့သစ်သီး၊ အသား၊ ဗီတာမင်အေနဲ့ ဗီတာမင်စီ စားသုံးမှုနည်းသူများ၊ အသီးအရွက်သနပ်များ၊ ချဉ်ဖတ်များ၊ မှိုတက်အစာစားသုံးသူများ၊ အစားအစာစပ်လွန်း၊ ပူလွန်းခြင်း၊ အဖျော်ယမကာသောက်သုံးခြင်းကြောင့် ပိုမိုဖြစ်ပွားတာ တွေ့ရပါတယ်။

မီးကင်၊ ကျပ်တင် (အကင်ချောင်း၊ အကင်)စားသူများ၊ ဆားစိမ်(သို့)ဆားနဲ့တာရှည်ခံအောင်ထားတဲ့အစာ စားသုံးသူများ၊ လတ်ဆတ်တဲ့ သစ်သီးနှင့်ဟင်းသီးဟင်းရွက်အစားနည်းသူများက အစာအိမ်ကင်ဆာဖြစ်ဖို့ များတယ်။ အဆီနှင့်ကိုလက်စထရော အစားများရင် အဆုတ်ကင်ဆာ၊ ရင်သားကင်ဆာပိုဖြစ်သလို အဆီများလို့ အမျိုးသားများမှာ ဆီးကျိတ်ကင်ဆာပိုဖြစ်ပြီး၊ အရက်ဘီယာက စအိုကင်ဆာဖြစ်တယ်။

**(ဂ) အင်ဆူလင်နဲ့ဆက်နွယ်တဲ့ ဆီးချိုရောဂါ -** ဆီးချိုရောဂါဟာ လူရွယ်လူလတ်ပိုင်းမှာ အများဆုံးဖြစ်တယ်။ နေ့စဉ်စားသုံးတဲ့ ကစီနဲ့အသားဓာတ် (သို့) ခန္ဓာကိုယ်တွင်း ဂလိုင်ကိုဂျင်ဓာတ်၊ အသားဓာတ်များကို ကောင်းစွာ မချေဖျက်နိုင်လို့ဖြစ်တယ်။ ဆီးချိုကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ ကျောက်ကပ်၊ ဦးနှောက်အာရုံကြောနှင့်မျက်စိရောဂါများ ဖြစ်ပေါ်လာနိုင်တဲ့ အန္တရာယ်ပိုများတယ်။ ဝခြင်းနဲ့ ဆီးချိုဆက်စပ်တယ်။

**(ဃ) အခြားရောဂါများ။** သည်းခြေအိတ် ကျောက်တည်ရောဂါဟာ အဝလွန်သူများမှာ အများဆုံးဖြစ်တယ်။ အမျှင်ပေါပြီး ကစီဓာတ်ပါတဲ့အစာကို စားသုံးခြင်းက အဝလွန်မှုကို ဟန့်တားစေတယ်။ သည်းခြေရည်မှာ ကိုလက်စထရောအဆီ ပါဝင်မှုဟန့်တားနိုင်လို့ သည်းခြေကျောက်တည်ရောဂါများ လျော့နည်းစေနိုင်တယ်။

**(င) အဆီနှင့်သွေးကြောပိတ်ရောဂါ။** ပြည့်ဝဆီ(နှစ်ခါပြန်ကြော်ဆီ၊ တိရစ္ဆာန်ဆီ၊ ဆီအုန်း) သုံးရင် သွေးကြောပိတ်စေတယ်။

# ချောင်းဆိုးပျောက်ဆေးများကို အလွန်အကျွံသုံးစွဲပါက ဦးနှောက်ပျက်စီးစေနိုင်

အိပ်ပျော်စေနိုင်သည့် ဓာတုဆေးဝါးများ အလွန်အကျွံထည့်သွင်းထားသည့် ချောင်းဆိုးပျောက်ဆေးများကို ကာလကြာရှည်စွာအလွန်အကျွံသောက်သုံးမိပါက ဦးနှောက်ပျက်စီးနိုင်ကြောင်း ကနေဒါ နိုင်ငံမှ သုတေသနဆရာဝန်အဖွဲ့တစ်ဖွဲ့က သတိပေးချက်ထုတ်ပြန် ထားကြောင်း သိရသည်။




ကနေဒါနိုင်ငံမှဆယ်ကျော်သက်အရွယ်သာရှိသေးသည့်အမျိုးသမီးငယ်လေး တစ်ဦးသည်ကိုဒီနင်းပမာဏများစွာပါဝင် သည့် ချောင်းဆိုးပျောက်ဆေးကို သောက်သုံးမိသဖြင့် ဆရာဝန်များစမ်း သပ်မရသည့်ရောဂါဆန်းတစ်ခုကို ဖြစ် ပေါ်စေခဲ့ကြောင်း အဆိုပါသုတေသနအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းအမျိုးသမီးငယ်သည် ၎င်းလုပ်ပြီးသမျှ အရာအားလုံးကို မလုပ်ရသေးသည်ဟုထင်မြင်နေသည့် အပြင် ၎င်းတွင် မည်သည့်ရောဂါဖြစ်နေသည်ကိုပါ သေချာစွာစစ်ဆေးမေးမြန်း၍ မရသည့်ဖြစ်ရပ်မျိုး ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။

၎င်း အမျိုးသမီးငယ်သည် ကိုဒီနင်းပါဝင်သည့် ချောင်းဆိုးပျောက်ဆေးကို တစ်နေ့လျှင် နှစ်ဇွန်း သုံးဇွန်းနှုန်းဖြင့် ၁၅ရက်ခန့်သောက်သုံးခဲ့ရာမှ ဆေးရုံတက်ရောက်ကာ ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

၎င်းသည် ချောင်းဆိုးပျောက်ဆေးကို သောက်သုံးပြီးနောက် တစ်နေ့လျှင် နာရီ၂၀မျှ အိပ်စက်နေတတ်သဖြင့် မှတ်ဉာဏ်များ ချို့ယွင်းကာအာရုံစူးစိုက်မှု နည်းပါးလာခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်း၏ ဆီးကို စစ်ဆေးရာတွင်လည်း ဆီးအတွင်း၌ မည်သည့်ရောဂါကိုမှ မတွေ့ရဘဲ ကိုဒီနင်းဓာတ်များကိုသာ တွေ့ရှိခဲ့ရကြောင်း ဆရာဝန်များက ထုတ်ဖော်ပြောကြားခဲ့သည်။

"သူ့ကို စစ်ဆေးတော့ သူ ဘာမှ မပြောနိုင်ဘူး။ ဘာကိုမှလည်း မမှတ်မိတော့ဘူး။ ခေါင်းကိုက်တယ်ဆိုတာပဲ ပြောနိုင်တယ်။ ဆီးကိုစစ်တော့လည်း ကိုဒီနင်းကလွဲရင် တခြားဘာကိုမှ မတွေ့ရဘူး။ ဒါကြောင့် ကျွန်တော်တို့အဖွဲ့က သူ ကိုဒီနင်းပမာဏ များစွာပါဝင်တဲ့ ချောင်းဆိုးပျောက်ဆေးကို သောက်သုံး ခဲ့လို့ပဲဖြစ်မယ်လို့ မှတ်ချက်ချ လိုက်ပါတယ်။ အသက် ၁၈နှစ်အောက်ကလေးငယ်တွေအနေနဲ့ ကိုဒီနင်းပါဝင်တဲ့ ချောင်းဆိုးပျောက်ဆေးတွေကို မတိုက်ကျွေးသင့်ပါဘူး"ဟု အဆိုပါသုတေသနအဖွဲ့မှ ဆရာဝန်တစ်ဦးက ပြောကြားခဲ့ သည်။

အဆိုပါ သုတေသနအဖွဲ့၏ အကြံပြုချက်အရ ဖြိတိန်ဆေးဝါးနှင့်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ အနေဖြင့် အသက်၁၈နှစ်အောက်ကလေးငယ်များအား ချောင်းဆိုးပျောက်ဆေးများ တိုက်ကျွေးရာမှာ သတိထားပြီးတိုက်ကျွေးသင့်ကြောင်း အကြံပြုထားသည်ဟုဆိုသည်။ ■

# ကျောရိုးထိခိုက်မှုရှိနိုင်သဖြင့် အိပ် ထ မ တင်လေ့ကျင့်ခန်းကို ပြင်းပြင်းထန်ထန် မပြုလုပ်သင့်ဟု ဆို



ကျောရိုးထိခိုက်မှု ရှိနိုင်သဖြင့် အိပ်ထမတင် လေ့ကျင့်ခန်းများကို ပြင်းပြင်းထန်ထန် မပြုလုပ်သင့်ကြောင်း အမေရိကန်ပြည်ထောင်စုမှကာယလေ့ကျင့်ရေးဆရာများက ပြောကြားလိုက်သည်ဟု ဆိုသည်။

အိပ်ထမတင် လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ကျောရိုးကို ဖိအားသက်ရောက်မှုအလွန်များတာကြောင့် အန္တရာယ်များတဲ့ လေ့ကျင့်ခန်းတစ်ခုဖြစ်တယ်လို့ အမေရိကန်နိုင်ငံကာယဆရာများနှင့် စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်တွေက ယုံကြည်ထားကြောင်း သိရသည်။

ထို့ကြောင့် အမျိုးသားအမျိုးသမီးများအနေဖြင့် အိပ်ထမတင်လေ့ကျင့်ခန်းအား လက်ထောက်မှောက် အနေအထားအတိုင်းပြုလုပ်သည့် ယောဂလေ့ကျင့်ခန်းကိုသာ ပြုလုပ်သင့်ကြောင်း အကြံပြုတိုက်တွန်းထား ကြောင်းသိရသည်။

အမေရိကန်စစ်တပ်သည်လည်း ၎င်းတို့စစ်သားများ၏ ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကိုပြန်လည်စစ်ဆေးခဲ့ပြီးနောက် အသစ်ပြန်လည်ရေးဆွဲထားသည့်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အစီအစဉ်များတွင် အဆိုပါအိပ်ထမတင်လေ့ကျင့်ခန်း အစီအစဉ်ကို ချန်လှပ်ထားခဲ့ကြောင်း သိရသည်။

ကနေဒါနိုင်ငံ ဝါတာလူးတက္ကသိုလ်မှ ကျောရိုးဇီဝလေ့လာမှု ပညာရပ်ဆိုင်ရာ ပါမောက္ခ စတူးဝပ်မက်ဂျီးလ်က "အိပ် ထ မ တင် လေ့ကျင့်ခန်းဟာ ကျောရိုးဆစ်တွေကြားက အရိုးနုလွှာ လေးတွေကို ဖျစ်ညှစ်လိုက်သလိုဖြစ်သွားတာကြောင့် ထိခိုက်မှုရှိနိုင်ပါတယ်။ ဒါကို ကျွန်တော်တို့ လေ့လာဆန်းစစ်ချက်ပေါင်းမြောက်မြားစွာ ပြုလုပ်ပြီးမှ ရရှိထားတာပါ"ဟု ပြောကြားခဲ့သည်။

ယင်းလေ့လာချက်အရ ကနေဒါနိုင်ငံစစ်တပ်တွင် အဆိုပါ အိပ်ထမတင် လေ့ကျင့်ခန်းကို ရပ်ဆိုင်းပစ်လိုက်ကြောင်း သိရသည်။

အမေရိကန်ရေတပ်မတော်က ထုတ်ဝေသည့် Navy Times မှာလည်း အိပ် ထ မ တင်လေ့ကျင့်ခန်း အစီအစဉ်ကို လုံးဝ ပိတ်ပင်တားမြစ်ပေးရန် တောင်းဆိုထားကြောင်း သိရသည်။

## မြိတ်-မှန်လုံယာဉ်ပေါ်မှ ဒေသသုံးကုန်နဲ့ရောနှော သယ်ဆောင်လာတဲ့ ကင်းမွန်ခြောက်များစစ်ဆေးတွေ့ရှိသိမ်းဆည်း

ဒီဇင်ဘာလ ၁၃ ရက်က မြိတ်မှ ရန်ကုန်သို့ ထွက်ခွာတဲ့ မြိတ်-ရန်ကုန် မှန်လုံယာဉ် P/xxxx ပေါ်မှာ ဒေသသုံး ကုန်စည်များနဲ့ ရောနှောသယ်ဆောင်လာတဲ့ ကင်းမွန်ခြောက် ၁၅၄၂ ကီလိုဂရမ်ကျော် (၁၀၄ အိတ်) ကိုစစ်ဆေးတွေ့ရှိခဲ့တဲ့အတွက် စာရွက်စာတမ်း၊ အထောက်အထားများ တောင်းယူစစ်ဆေးမှုပြုလုပ်ခဲ့ပါတယ်။ အထောက်အထား စာရွက်စာတမ်းများကို သံသယဖြစ်ဖွယ်တွေ့ရှိရတာကြောင့် မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်စိစစ်ဆောင်ရွက်စေရာမှာ မှန်ကန်မှု မရှိကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် အကောက်ခွန် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် သိမ်းဆည်းခဲ့ပြီး ဒီဇင်ဘာလ ၁၅ ရက်နေ့မှာ ငါးလုပ်ငန်းဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ခရီးသည်အိတ်များနဲ့ ရောနှောသယ်ဆောင်လာတဲ့ ပိုးသတ်ဆေးများအားဖမ်းဆီးရမိ

နောင်ချို ယာယီအခြေပြုမိုဘိုင်း လရ-၁ အဖွဲ့သည် ဒီဇင်ဘာလ ၁၆ ရက် ၀၆း၀၀ ချိန်မှ ၁၇ ရက်နေ့ ၀၆း၀၀ ချိန်အတွင်း လူစီးယာဉ်ငယ်များအား စစ်ဆေးစဉ် ယာဉ်များပေါ်တွင် ခရီးသည်အိတ်များနဲ့ ရောနှောသယ်ဆောင်လာသော အထောက်အထားမဲ့ တစ်ဖက်နိုင်ငံထုတ် ပိုးသတ်ဆေး (1x25) ၂၅ ဖာအား စစ်ဆေးတွေ့ရှိခဲ့တဲ့အတွက် သိမ်းဆည်းခဲ့တယ်လို့သတင်းရရှိပါတယ်။ သိမ်းဆည်းရမိပစ္စည်းများရဲ့ ခန့်မှန်း တန်ဖိုးမှာ ကျပ် ၆၂၅၀၀၀ ဖြစ်ပြီး အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံရန် စီစဉ်ထားပြီးသုံးစွဲရန် မသင့်က အဖွဲ့စုံနဲ့ မီးရှို့ဖျက်ဆီးသွားမယ်လို့ သိရှိရပါတယ်။

## အသားတုံ၊ အေးခဲအသည်းအမြစ်များလည်း သယ်ဆောင်နေကြဆဲ

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်အနီး ယာယီအခြေပြု၍ စားသုံးသူ အကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးရေးတာဝန် ထမ်းဆောင်နေတဲ့ မိုဘိုင်း လရ-၂ အဖွဲ့သည် ဒီဇင်ဘာလ ၁၅ ရက်က ယာဉ်များကို စစ်ဆေးနေစဉ် ဂျူတီယာဉ်များ၊ ဟိုင်းလတ်ယာဉ်များပေါ်မှ ကျပ် ၆၉၀၀၀၀ တန်ဖိုးရှိ အသားတုံ ၁၃၈၀ ကီလိုဂရမ်နဲ့ ကျပ် ၆၀၀၀၀၀ တန်ဖိုးရှိ အေးခဲအသည်းအမြစ် ၁၂၀ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဒီဇင်ဘာလ ၁ ရက်မှ ၁၅ ရက်ထိကာလအတွင်း လရ-၂ အဖွဲ့က ဘီယာချန်း ၇၄၄ ကာတွန်း၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၁၃ ဒသမ ၂၅၀ သိန်းဖိုးကို အမှုတွဲ ၁၂ မှုနဲ့ အမှုဖွင့်သိမ်းဆည်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

ဒီဇင်ဘာလ ၁၃ ရက်က ရွှေမန္တလာ မှန်လုံယာဉ်ပေါ်မှ ကျပ် ၃၄ ဒသမ ၇၀၀ သိန်းတန်ဖိုးရှိဖြတ်စက်များ၊ လွှဝိုင်း ၃ ဖာ၊ Bench Grinder ၂ ဖာ၊ Wet & Dry Vaccun Cleaner ၂ ခုကို သိမ်းဆည်းရမိမှုရှိခဲ့ပါတယ်။ ဒီဇင်ဘာလ ၁၅ ရက်ကတော့ ၁၂ ဘီးယာဉ်ပေါ်မှ အကောက်ခွန်မဲ့ သယ်ဆောင်လာသော EPSON အမှတ်တံဆိပ် ပရင်တာ ၁၅ ခု၊ ခန့်မှန်းတန်ဖိုးကျပ် ၂၂ ဒသမ ၅၀၀ သိန်းကိုလည်း စစ်ဆေးတွေ့ရှိတဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲများ ဖွင့်လှစ် သိမ်းဆည်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## ကျောက်စိမ်း၊ သတ္တုမှုန့်အိတ်များအား လရ-၁ အဖွဲ့က ရှာဖွေတွေ့ရှိသိမ်းဆည်း

ဒီဇင်ဘာလ ၁၈ ရက်က မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ထုတ်နုတ်မိုဘိုင်းအဖွဲ့က မှန်လုံ၊ယာဉ်ငယ် ကိုယ်ပိုင်ယာဉ်များ စစ်ဆေးခံတဲ့နေရာမှာ ဝင်ရောက်စစ်ဆေးခံ မတ်တူးယာဉ်ပေါ်မှ ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံး ၁၉၀ ကီလိုဂရမ်ကို စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပါတယ်။ ကျောက် စိမ်းဟုယူဆရသော ကျောက်တင်ယာဉ်ကိုလည်း သိမ်းဆည်းခဲ့ပြီး ယာဉ်ရဲ့ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၉၀ ရှိပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ ဒီဇင်ဘာလ ၂၁ ရက် ကလည်း အခြား ယာဉ်တစ်စီးပေါ်မှ သို ဝှက်သယ်ဆောင်လာတဲ့ သတ္တုမှုန့်အိတ်များ စစ်ဆေးတွေ့ရှိထားကြောင်း သတင်းရရှိပါတယ်။ **MIRT**

## ဒီဇင်ဘာလဝက်အတွင်း လရ -၁ မှ ကျပ်သိန်း ၂၀၀၀ ကျော်ဖိုးရှိ တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ၊ ယာဉ်များသိမ်းဆည်းရမိ

ဒီဇင်ဘာလ ၁ ရက်မှ ၁၅ ရက်ထိ ကာလအတွင်း မိုဘိုင်း လရ-၁ အဖွဲ့က ခန့်မှန်းတန်ဖိုး ကျပ် ၂၀၇၇ ဒသမ ၆၅၅ သိန်းတန်ဖိုးရှိတရားမဝင်နဲ့ အကောက်ခွန်မဲ့ပစ္စည်းများ၊ ပစ္စည်းတင်ယာဉ်များကို အမှုတွဲ ၃၂ ခုဖြင့် ဖွင့်လှစ်အရေးယူသိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ သိမ်းဆည်းရမိပစ္စည်းများမှာ ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအရွယ်စုံ ၈၉၀ ကီလိုဂရမ်၊ အသားခြောက် ၅၉၁ ပိဿာ၊ တမလန်းခားရွေ၊ တမလန်း ခွဲသား၊ ပိတောက်သားဂစ်တာပုံကြမ်း ၂ ဒသမ ၁၂၂ တန်၊ ကွဲအရှင် ၁၁ ကောင်၊ ကားပင်နီယံ၊ အင်ဂျင်ဝိုင်၊ ပိုးသတ်ဆေးဘူး၊ ဆေးထုပ်၊ Hot Plate၊ လျှပ်စစ်အကြော်အိုး၊ DVD , Remote Control, body Lotion, ဆံပင်အခြောက်ခံဘီး၊ လေဆာဘီး၊ ညဝတ်အဝတ်အထည်များ၊ ပန်းသီး၊ သစ်တော်သီး၊ လိမ္မော်သီးနဲ့ကား ခုနစ်စီး (မစ်ဆူဘီရှီဖူဆိုကက်စ်၊ တိုယိုတာကိုရိုနာ၊ ဒေါင်နဲဖင်န်၊ မတ်တူး၊ နီဆန်း) တို့ ဖြစ်ကြပါတယ်။

**MIRT**

## မူဆယ် ၁၀၅ မိုင် ထုတ်နုတ်မိုဘိုင်းအဖွဲ့က ကျပ် ၄၇ သိန်းကျော်ဖိုးရှိ တစ်ဖက်နိုင်ငံထွက် စားသောက်ကုန်မျိုးစုံ၊ လူသုံးကုန်အထည်အလိပ်မျိုးစုံ သိမ်းဆည်းရမိ

မူဆယ် ၁၀၅ မိုင်ထုတ်နုတ်မိုဘိုင်းအဖွဲ့က ဒီဇင်ဘာလ ၉ ရက်မှ ၁၁ ရက်အထိ ၃ ရက်တာကာလ အတွင်းမှာ တရားမဝင်သယ်ဆောင်လာတဲ့ တစ်ဖက်နိုင်ငံထွက် စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၄၇ ဒသမ ၄၇၀ သိန်းဖိုးရှိ စားတော်ပဲ၊မှို၊ ကြက်သွန်နီ၊ အဝတ်အထည်မျိုးစုံ၊မှန်ချပ် ၈၀ ကျော် သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။အဆိုပါပစ္စည်းများကို မူဆယ် မှန်လုံ/ယာဉ်ငယ်/ကိုယ်ပိုင်ယာဉ်များနဲ့ တရားမဝင် တင်ဆောင်တာကို စစ်ဆေးတွေ့ရှိခဲ့ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန် အမှုတွဲများ ဖွင့်လှစ်ထားတယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## မူဆယ်နယ်စပ်မှ သီဟိုဠ်စေ့ ၄၇ တန်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလ ၁၂ ရက်မှ ၁၈ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၈၆ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၄၇ တန်ကျော်တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃၂ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းနဲ့မြိတ်ကုန်သွယ်ရေးစခန်းများကလည်း ယခုတစ်ပတ်တွင် သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိသလို ယခင်တစ်ပတ်ကလည်း တင်ပို့နိုင်ခြင်းမရှိဘူးလို့ သိရပါတယ်။ ဒီဇင်ဘာလ ၁ ရက်မှ ၁၈ ရက် အတွင်းမှာတော့ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၅၇၂ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၉၅ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး မြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၅၃ သန်း တန်ချိန် ၇ တန် တင်ပို့နိုင်ခဲ့ပါတယ်။ကော့သောင်းကုန်သွယ်ရေးစခန်းကတော့ တင်ပို့ခြင်း မရှိဘူးလို့ သိရပါတယ်။ **ခင်မြနွယ်**

## မြဝတီ၊ကော့သောင်းနဲ့မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန် တန်ချိန် ၂၃၀၀ကျော် တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်၊ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းတို့မှ ဒီဇင်ဘာလ ၁၂ ရက်မှ ၁၈ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၃ ဒသမ ၃၀၇ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၃၀၂ တန်ကျော်တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၅၀၄ တန်ကျော် လျော့နည်း တင်ပို့ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၂၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၅၇ တန်ကျော်၊ ကဏန်း ၂၅ တန် ကျော်နဲ့ ပုစွန် နှစ်တန်ကျော် တင်ပို့ခဲ့တဲ့တွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ် ပါက တန် ၂၀ ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၆၂၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၆၈၄ တန်ကျော်၊အခြားရေထွက်ပစ္စည်း ၃၃ တန်ကျော်၊ကင်းမွန် တစ်တန်ကျော်၊ပုစွန် နှစ်တန်ကျော်၊ကဏန်း လေးတန်ခန့်၊ ပင်လယ်ငါးရှဥ့် တစ်တန်ခန့်၊ ရေဘဝဲ ၅၁၀ ကီလိုဂရမ်တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၉၃၃ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂ ဒသမ ၂၇၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၃၈၄ တန်ကျော်၊ငါးမှုန့် ၅၀၅ တန်၊ အေးခဲ ကဏန်းပျော့ ၃၄ တန်ကျော်၊ ပုစွန် ၂၉ တန်ကျော်၊ရေငန်ပုစွန် ၁၉ တန်ကျော်၊ကဏန်းနီ ၁၈ တန်၊ ကင်းမွန် တန် ၂၀ ကျော်၊ ပုစွန်ခြောက် သုံးတန်ကျော်၊ ငါးခြောက်ခြောက်တန်နဲ့ ကဏန်းသေး အသေ နှစ်တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၅၁ တန်ကျော် လျော့နည်း တင်ပို့ခဲ့ပါတယ်။ **ခင်မြနွယ်**

## မူဆယ် (၁၀၅) မိုင်မှ ရေထွက်ကုန် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလ ၁၂ ရက်မှ ဒီဇင်ဘာလ ၁၈ ရက်ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၂ ဒသမ ၉၈၄ သန်းဖိုးရှိ ရေထွက်ကုန် ၁၇၈၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့တဲ့ အမယ်တွေကတော့ ကဏန်း တန်၂၄၀ ကျော်၊ ငါးရှဥ့် ၆၅ တန်၊ ရေခဲငါး ၃၂၃တန်၊ ငါးမှုန့် ၆၇တန်ခန့်၊ ငါးလေးခြောက် ၆၆၇ တန်၊ ငါးဆားနယ် ၅၇ တန်၊ ငါးကြင်းစီဖောင်း ၁ တန်ကျော်၊ ငါးဟောက်အရှင် ၆ တန်ခန့်၊ ကင်းမွန်ခြောက် ၁၇၂ တန်ခန့်၊ ငါးခြောက် ၁၄ တန်ကျော်၊ ရေခဲပုစွန် ၁၀၂ တန်နဲ့ ပုစွန်ခြောက် ၆၉ တန်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက်တန် ၄၀၀ ကျော်ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ငါးရှဥ့်ရော၊ ကဏန်းပါ ဈေးတက်နေပါတယ်။ ငါးရှဥ့်တစ်တန်လျှင် ယခင်တစ်ပတ်က ၇၀၃၅၀၀၀ ကျပ်ရှိပြီး ယခုတစ်ပတ်မှာ ၇၀၇၀၀၀၀ ကျပ်သို့လည်းကောင်း၊ ကဏန်းတစ်တန်လျှင် ယခင်တစ်ပတ်က ၇၅၃၇၅၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၈၄၁၆၇၃၄ ကျပ်သို့လည်းကောင်း ဈေးတက်နေကြောင်း မူဆည်ကုန်စည်ဒိုင်မှ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# KBZ Stirling Coleman သည် ရန်ကုန်စတော့ရှယ်ယာစျေးကွက်အတွက် ပထမဦးဆုံးသော ငွေကြေးသက်သေခံလုပ်ငန်းကုမ္ပဏီ ဖြစ်လာ

KBZ Stirling Coleman သည် ဒီဇင်ဘာလဆန်းပိုင်းက ဖွင့်လှစ်ခဲ့သည့် ရန်ကုန်စတော့ရှယ်ယာစျေးကွက်အတွက် ပထမဦးဆုံးသော ငွေကြေးသက်သေခံလုပ်ငန်းကုမ္ပဏီတစ်ခု ဖြစ်လာကြောင်း ဒီဇင်ဘာလ ၁၅ ရက်နေ့က ဆူးလေရှန်ဂရီလာဟိုတယ်တွင် ကျင်းပခဲ့သည့် မိတ်ဆက်ရှင်းလင်းပွဲမှတစ်ဆင့်သိရသည်။




ကမ္ဘောဇအုပ်စုသည် ဘဏ်လုပ်ငန်းရင်းနှီးမြှုပ်နှံခြင်းနှင့်ငွေကြေးသက်သေခံလုပ်ငန်းကုမ္ပဏီဖြစ်သော Stirling Coleman Securities နှင့် ပူးပေါင်း၍ KBZ Stirling Coleman (KBZSC) ကိုထူထောင်ခဲ့ ခြင်းဖြစ်သည်။

KBZSC သည် ရန်ကုန်စတော့စျေးကွက်တွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် ငွေကြေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ပေးအပ်သော အာမခံကြေးသတ်မှတ်ပေးခွင့်လိုင်စင်ကို ရရှိခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသောငွေကြေးသက်သေခံလုပ်ငန်းကုမ္ပဏီဖြစ်ကြောင်းသိရသည်။

KBZSC သည် မြန်မာကုမ္ပဏီများနှင့်မြန်မာပြည်သူများအားပြီးပြည့်စုံ ပြီးယုံကြည်စိတ်ချရသည့်ငွေကြေးသက် သေခံလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ ကို အပြည့်အဝပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Stirling Coleman ကုမ္ပဏီသည် ၁၄ နှစ်တာ လုပ်ငန်းအတွေ့အကြုံကောင်းများရှိထားသည့်ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ်မှစ၍ စင်ကာပူစတော့စျေးကွက်ရှိ ကုမ္ပဏီ ၂၈ခုမှ စတော့ များကို ပထမဆုံးအကြိမ်အဖြစ် အများပြည်သူသို့ ထုတ်ရောင်းချမှု (IPO/RTO) များ ပြုလုပ်ရာတွင် အစုရှယ်ယာရှင်များအတွက် အမေရိကန်ဒေါ်လာ၉၄၆သန်းကျော်အထိတိုးတက်ရရှိခြင်းဖြင့် အောင်မြင်မှုကို ရယူနိုင်ခဲ့ကြောင်း သိရသည်။

"ဒီပူးပေါင်းလုပ်ဆောင်မှုဟာ မြန်မာ့ဘဏ္ဍာရေးစျေးကွက်ရဲ့သမိုင်းမှာ စိတ်ဝင်စားစရာ ကောင်းတဲ့အကြောင်းအရာတစ်ခုဖြစ်လာမှာပါ။ ဒီလိုကောင်းမွန်တဲ့ကုမ္ပဏီနှစ်ခုရဲ့ ဦးဆောင်နိုင်မှုအတိုင်းအတာဟာ ဘယ်အထိ ခရီးပေါက်နိုင်မလဲဆိုတာကို မခန့်မှန်းနိုင်လောက်အောင်ပါပဲ။ ကျွန်တော်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအကြံပေးခြင်း၊ စတော့များကို ပထမဆုံးအကြိမ်အဖြစ် အများပြည်သူထံ ထုတ်ရောင်းချမှုနဲ့ ပတ်သက်တဲ့စီမံခန့်ခွဲမှု(IPO Management) နဲ့ အာရှမှာ ဖြစ်ပေါ်နိုင်တဲ့ ဆုံးရှုံးမှုများအတွက် တောင်းခံကြေးသတ်မှတ်ပေးခြင်းအစရှိသည်တို့နဲ့ပတ်သက်တဲ့ ကျွမ်းကျင်မှုများနဲ့ ရန်ကုန်စတော့ရှယ်ယာစျေးကွက်မှာ ပါဝင်လာမယ့် မြန်မာကုမ္ပဏီများကို ကူညီပေးသွားမှာ ဖြစ်ပါတယ်"ဟုKBZSC၏ မန်နေးဂျင်း ဒါရိုက်တာဖြစ်သူ မစ္စတာရှူဒီရိုးလ်စ်က ပြောကြားခဲ့သည်။

KBZSC သည် တောင်းခံကြေးသတ်မှတ်ပေးခြင်းဝန်ဆောင်မှုမှအပ မြန်မာပြည်သူများအား ၎င်းတို့မှတစ်ဆင့် ရန်ကုန်စတော့စျေးကွက်တွင် စာရင်းပါရှိသောကုမ္ပဏီများ၏ ရှယ်ယာများ ရောင်းခြင်း၊ ဝယ်ခြင်းများကို တစ်ဦးချင်း ပြုလုပ်ရာတွင် ကုန်သွယ်ရေးနှင့်စီးပွားအကျိုးဆောင်ဝန်ဆောင်မှု အပြည့်အစုံကိုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

KBZ အုပ်စုနှင့် Stirling Coleman တို့ပူးပေါင်းခြင်းနှင့်ပတ်သက် ၍ KBZ အုပ်စု၏အကြီးတန်းဒါရိုက်တာ ဦးညီမြင့်က "KBZ ဟာ မြန်မာ့ဘဏ္ဍာရေးစျေးကွက်ကို ဦးဆောင်သူ အဖြစ်ရပ်တည်ခဲ့တာ နှစ်ပေါင်း ၂၀ ကျော်ခဲ့ပြီဖြစ်ပါတယ်။ ပြည်တွင်းစျေး ကွက်ထဲမှာလည်းစျေးကွက်ခေါင်းဆောင် အဖြစ်ရေရှည်တည်တံ့နေအောင် အဆင့်ဆင့်လုပ်ဆောင်နိုင်ဖို့ကလည်း အလွန်အရေးကြီးပါတယ်။ မြန်မာနိုင်ငံဟာ ဘဏ္ဍာရေးခေတ်သစ်တစ်ခုကို စတင်ဝင်ရောက်နေချိန်မှာ KBZ ရဲ့ အာမခံစံချိန်စံညွှန်းတွေကို အကောင်းမွန်ဆုံးပေးစွမ်းနိုင်ဖို့အတွက် ပူးပေါင်း လုပ်ဆောင်ခြင်းကလည်း ပိုမိုထင်ရှားသိသာစေမယ့်အရာပဲဖြစ်ပါတယ်။ကျွန်တော်တို့ဟာ ပွင့်လင်းကာစ မြန်မာ့စီး ပွားရေးကဏ္ဍတစ်ဆင့်မြင့်တက်လာစေ ရေးအတွက် လိုအပ်တဲ့အတတ်ပညာ ကျွမ်းကျင်မှုတွေနဲ့ ရင်းနှီးငွေတွေကို ပံ့ပိုးပေးဖို့ ရည်ရွယ်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

KBZ Stirling Coleman ၏ လုပ်ငန်းများကို ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ Stand Square အဆောက်အဦ (ယခင်ခြောက်ထပ်ရုံး)တွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

# MPT၏ နံပါတ်အလှများ လေလံတင်ရောင်းချပွဲမှ ကျပ်သိန်းသုံးထောင်နီးပါး ရရှိခဲ့

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ၏ နံပါတ်အလှများ လေလံတင်ရောင်းချပွဲကို ဒီဇင်ဘာလ ၁၉ ရက်နေ့ကရန်ကုန်မြို့ရှိParkRoyal ဟိုတယ်တွင် ကျင်းပခဲ့ရာအဆိုပါလေလံတင်ရောင်းချပွဲမှ ကျပ် ၂၉၂၈သိန်း ရရှိခဲ့ကြောင်း သိရသည်။




ယင်းလေလံပွဲသို့ ပါဝင်ဆင်နွှဲသူပေါင်း၁၆၄ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

လေလံပွဲတွင် နံပါတ်အလှပေါင်း ၁၂၆ ခုကို လေလံတင်ရောင်းချခဲ့ရာ တစ်ခုချင်းနံပါတ် ၅၆ခုနှင့်နံပါတ်တွင် ၁၄ တွဲပါဝင်ခဲ့သည်။ အဆိုပါနံပါတ်များတွင် ဂဏန်းခုနစ်လုံးတူများ၊ခြောက်လုံးတူများနှင့်ငါးလုံးတူနံပါတ်တွဲများပါဝင်ကြောင်း သိရသည်။

အဆိုပါလေလံပွဲတွင် ဂဏန်းခုနစ် လုံးတူ နံပါတ်တစ်ခုကို ကျပ်သိန်း ၂၂၀ ဖြင့်အမြင့်ဆုံးလေလံအောင်ခဲ့ပြီး ဂဏန်း ခြောက်လုံးတူနံပါတ်များအနက် အမြင့် ဆုံး ၉၄သိန်းဖြင့်လည်းကောင်း၊ အတွဲ နံပါတ်များအနက် အမြင့်ဆုံး ၇၅ သိန်းဖြင့်လည်းကောင်း လေလံအောင်မြင်ခဲ့ ကြောင်း သိရသည်။

လေလံအောင်မြင်သူ အားလုံးသည် လေလံပွဲနေ့တွင် ဘဏ်ချလန်တစ်ခု ရရှိခဲ့ပြီး ဒီဇင်ဘာလ ၂၈ ရက်နေ့နောက်ဆုံးထားကာ မြန်မာ့စီးပွားရေးဘဏ်တွင်ငွေပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ဘဏ်မှ ငွေပေးသွင်းပြီးကြောင်း သက်သေခံလက်မှတ်နှင့်မှတ်ပုံတင်တို့ကို ပြသကာ ဗိုလ်အောင်ကျော်လမ်းရှိ MPT ရုံးချုပ်တွင် လေလံအောင်မြင်ထားသည့် နံပါတ်အလှများကို ထုတ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

လေလံပွဲတွင် ပါဝင်သူအားလုံးနှင့်လေလံပွဲအောင်မြင်ခဲ့သူများအား MPT က ကျေးဇူးတင်ကြောင်း ဂုဏ်ပြုလက်မှတ်များကို ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လေလံအောင်မြင်သူများ၏ငွေပေးချေမှုများပြီးစီးသွားသည့်အချိန်တွင် အမှန်တကယ်ရရှိငွေများကို MPT မှ အများပြည်သူသို့ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်သည်။

လေလံတင်ရောင်းချခြင်းမှ ရရှိသော ငွေအားလုံးဖြင့် MPT အမှတ်တံဆိပ် ရိုက်နှိပ်ထားသော ပင်နာဆိုးနစ်အမျိုးအစား နေရောင်ခြည်စွမ်းအင်သုံး မီးအိမ်များနှင့် အားသွင်းပစ္စည်းများ ဝယ်ယူကာ လျှပ်စစ်မီးမရရှိသေးသော ဒေသများမှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ မန္တလေးမြို့ရှိ မန္တလေးဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ တစ်ဆင့်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

# နှစ်သစ်ကူးညတွင် မိုင်ဒါကွင်း၌ MPT က နှစ်သစ်ကူးကြိုဆိုပွဲ ပြုလုပ်ပေးမည်

မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေး အော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) က ဒီဇင်ဘာလ ၃၁ ရက်၏နှစ်သစ်ကူးညတွင် ရန်ကုန်မြို့၊ မိုင်ဒါကွင်း၌ နှစ်သစ်ကူးကြိုဆိုပွဲကို ဂီတဖျော်ဖြေပွဲများ မီးရှူးမီးပန်းများဖြင့် ကျင်းပမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာ လိုက်သည်။

၂၀၁၆ ခုနှစ်ကြိုဆိုပွဲကို မြန်မာ ပြည်သူပြည်သားများနှင့် အတူတကွ ပျော်ရွှင်ဆင်နွှဲနိုင်ရန်အတွက် ပါဝင်လို သူတိုင်း ဝင်ကြေးအခမဲ့ဖြင့် ပါဝင်နိုင်မည် ဖြစ်သည်။

ဒီဇင်ဘာလ ၃၁ ရက်နေ့၏ ည ၇ နာရီမှစ၍ ရန်ကုန်မြို့ မိုင်တာကွင်း၌ MPT မှစီစဉ်ထားသော ပျော်ရွှင်စရာ အစီအစဉ်များကို စတင်မည်ဖြစ်ပြီး ဂီတဖျော်ဖြေမှုများကို နာမည်ကျော်တေးသံရှင်များဖြစ်သည့် ရန်ရန်ချမ်း၊ ဂျီ-တုန်း၊ အားတီ၊ ဝေလ၊ အောင်ထက်၊ သားဂန်း၊ Lil!Z၊ ချမ်းအေးဝင်း၊ ဘိုလေး၊ နီနီ ခင်ဇော်၊ ဝိုင်းလေး၊ ဂျနဗီနှင့် အိမ့်ချစ် တို့က ဖျော်ဖြေမည်ဖြစ်သည်။

ဖျော်ဖြေပွဲများပြုလုပ်ကာ ပျော်ရွှင်မှုများရရှိလာသည်နှင့်အမျှ သန်း ခေါင်ယံအချိန်တွင် စိတ်လှုပ်ရှားမှုနှင့် တက်ကြွမှုများဖြင့် နှစ်သစ်ကို ကြိုဆိုနိုင် မည်ဖြစ်သည်။ ပါဝင်ဆင်နွှဲသူများသည် ၁၂ နာရီထိုးသည့် အချိန်တွင် လှပဆန်းကြယ်သော မီးရှူးမီးပန်းများကို ကြည့်ရှုခံစားကာ ၂၀၁၆ နှစ်သစ်ကို အလင်းရောင်များ၊ ပျော်ရွှင်မှုများဖြင့် ကြိုဆိုနိုင်မည် ဖြစ်သည်။

"နှစ်သစ်ကူးညကြိုဆိုပွဲတွေက မြန်မာပြည်မှာလည်း ခေတ်စားလာတဲ့ ဓလေ့တစ်ခုဖြစ်နေပါပြီ၊ မြန်မာ့ဆက်သွယ်ရေးဟာ မြန်မာပြည်သူတွေ အတွက် နှစ်ပေါင်း ၁၃၀ ကျော် ဝန်ဆောင်မှုပေးလာခဲ့ပြီး အခုလည်း အားလုံးနဲ့အတူ နှစ်သစ်ကူးကြိုဆိုပွဲကို ဆင်နွှဲချင်ပါတယ်၊ ၂၀၁၆ မှာလည်း မြန်မာ ပြည်သူတွေအချင်းချင်းဆက်သွယ်နိုင်ဖို့ ပိုပြီး စိတ်လှုပ်ရှားဖို့ ကောင်းတဲ့ အစီအစဉ်အသစ်တွေကို လုပ်ဆောင်ပေးသွားမှာပါ"ဟု MPT-KSGM Joint Operation ၏ Chief Commercial Officer ဖြစ်သူ Mr.Koichi Kawase က ပြောသည်။

ပွဲတော်ကို ကိုယ်တိုင် လာရောက် ဆင်နွှဲနိုင်ခြင်းမရှိသူများအတွက် MRTV-4, Channel – 7, 4HD နှင့် For Tunes တီဗွီများမှလည်း တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။ မိုင်ဒါကွင်းသည် ၆ ဒသမ ၄ ဟက်တာ အကျယ်အဝန်းရှိသော မြို့မကွင်းဖြစ်ပြီး ရန်ကုန်မြို့၏ အထိမ်းအမှတ်ဖြစ်သည့် ရွှေတိဂုံစေတီတော်နှင့်လည်း နှစ်ကီလိုမီတာသာ ကွာဝေးသည်။

## ဂလိုဘယ်လိုက်ဖေးရှင်း

ကျွန်တော်တို့နိုင်ငံတွင် ကျော်ကြားထင်ရှားသော စာရေးဆရာ ဦးကျော်ဝင်း၏ ကမ္ဘာပြားပြီဆိုသော စာအုပ်တစ်အုပ်ရှိခဲ့ပါသည်။ ယင်းစာအုပ်ထွက်စဉ်က နာမည်၏ထူးခြားမှုနှင့် သိချင်စိတ်ကြောင့် ယင်းစာအုပ်မှာ ကျော်ကြားခဲ့ပါသည်။ ယင်းစာအုပ်ကိုဖတ်ရှုပြီး Globalization ကို နားလည်ခဲ့ရပါသည်။ ကမ္ဘာ့စီးပွားရေးတွင် စီးပွားရေးသက်သက်တစ်ခုတည်းဖြင့် စီးပွားရေးတိုးတက်အောင် လုပ်ဆောင်၍ မရတော့သည်ကို တွေ့ရပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နည်းပညာ၊ ပတ်ဝန်းကျင်ဆိုင်ရာအကျိုးဆက်များနှင့် ဥပဒေသများ စသည်တို့ အားလုံးသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကိစ္စရပ်၊တစ်နည်းဆိုရလျှင် Macro economy နှင့်ချိတ်ဆက်လျက်ရှိပါသည်။ သူချည်းရပ်တည်၍ မရနိုင်ပါ။ တစ်နည်းပြောရလျှင် နိုင်ငံတစ်နိုင်ငံသည် သူတစ်နိုင်ငံတည်း ရပ်တည်၍ မရတော့ဘဲ တစ်နိုင်ငံနှင့်တစ်နိုင်ငံသည် မဖြစ်မနေချိတ်ဆက်နေရပြီဟု နားလည်ရပါသည်။ ဥပမာအားဖြင့် အမေရိကန် ဘဏ်တစ်ခု၏ အဖြစ်အပျက်သည် တရုတ်နိုင်ငံကုမ္ပဏီတစ်ခုကို သွားရောက် အကျိုးသက်ရောက်မှုဖြစ်ပေါ်နိုင်ပါသည်။ ယနေ့ခေတ်တွင် အမေရိကန်(KFC)ကြက်ကြော်ကို တရုတ်နိုင်ငံ ပေကျင်းမြို့တွင် လွယ်လင့်တကူ ဝယ်ယူစားသောက်နိုင်ပါပြီ။ ယင်းအဖြစ်အပျက်သည် ၂၁ ရာစု၏ ရောထွေးစီးပွားရေးသီအိုရီကို ပုံဖော်နေခြင်းဟု ဆိုပါသည်။ ရောထွေးစီးပွားရေး ဆိုသည်မှာ ကွန်မြူနစ်နိုင်ငံရေးဝါဒကို ကျင့်သုံးသော တရုတ်ပြည်တွင် ဈေးကွက်စီးပွားရေးစနစ်ကို အောင်အောင်မြင်မြင် ဖော်ဆောင်နေသည်ကို ပြသခြင်းဖြစ်ပါသည်။ အလားတူ ဗီယက်နမ်နိုင်ငံတွင်လည်း တွေ့မြင်နေရပါသည်။ ကမ္ဘာ့ဈေးကွက်ကြီးသည် ကျဉ်းမြောင်းမှုမရှိတော့ဘဲ ကျယ်ပြန့်သထက် ကျယ်ပြန့်လာပြီး တစ်နိုင်ငံပြီးတစ်နိုင်ငံသည် ကမ္ဘာ့ဈေးကွက်ထဲ ပါဝင်နေရပြီ ဖြစ်ပါသည်။

ထိုင်းနိုင်ငံသို့ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလက လေ့လာ ရေးသွားရောက်ရာတွင် Toyota Gate Way စက်ရုံသို့ ရောက်ရှိလေ့လာခဲ့ရပါသည်။ ယင်းစက်ရုံမှာ တိုယိုတာကား ထုတ်လုပ်မှုကို outsourcing အနေဖြင့် ထိုင်းနိုင်ငံတွင် လာရောက်ထုတ်လုပ်နေခြင်းဖြစ်ပြီး မူလက ယင်းကားများကို ဂျပန်နိုင်ငံမှ အခြားနိုင်ငံများသို့ တင်ပို့ရန် ရည်ရွယ်ခဲ့သော်လည်း ယင်းအချက်အပြင် ထုတ်လုပ်မှုကောင်းပြီး စရိတ် သက်သာမှုကြောင့်ဂျပန်နိုင်ငံသို့ပင် ယင်းတိုယိုတာကားများကို re-export လုပ်နေရပြီဖြစ်ကြောင်း သိရပါသည်။ ယင်းအကြောင်းအရာသည်လည်း Globalization နှင့် ဆက်နွယ်လျက်ရှိပါသည်။

## အစိုးရ၏ ပါဝင်ပတ်သက်မှု

ယေဘုယျအားဖြင့် များစွာသောနိုင်ငံများသည် လွတ်လပ်ပြီး တရားမျှတသော ကုန်သွယ်မှုကို လိုလားကြပါသည်။ သို့ရာတွင် အချို့သောနိုင်ငံများသည် မိမိတို့၏ ပြည်ပတင်ပို့မှုကို ပိုမို၍ များသည်ထက် များအောင် တင်ပို့လိုသော်လည်း မိမိတို့ထံ တင်သွင်းသော ကုန်ပစ္စည်းများအတွက်ကိုမူ အလုံးစုံဖွင့်ပေးခြင်းမျိုး မပြုလုပ်လိုဘဲ ပိတ်ဆို့တားမြစ်လိုသည်ကို တွေ့နေရပါသည်။ အစိုးရတချို့သည် နိုင်ငံတွင်းမှ ထုတ်လုပ်သူများအတွက် ပိတ်ဆို့မှုကို ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံရေးအမြတ်ထုတ်မှုကို ရယူတတ်ကြပါသည်။ အချို့မှာလည်း ပြည်တွင်းထုတ်လုပ်သူများ၏ ကန့်ကွက်မှုကြောင့် ပိတ်ဆို့ပေးတတ်ကြပါသည်။ ဥပမာ- ကျွန်တော်တို့နိုင်ငံတွင် ယခုနှစ်၌ ကြက်သွန်နီထွက်ရှိမှု နည်းပါးခဲ့ခြင်း၊ ငွေကြေးလဲလှယ်မှုနှုန်း ပြောင်းလဲခြင်းတို့ကြောင့် ကြက်သွန်နီဈေးများ အဆမတန် ကြီးမြင့်ခဲ့ပါသည်။ ကြက်သွန်နီဈေး စတင်ကြီးမြင့်လာပြီး တောင်သူလက်ဝယ်တွင် ကျန်ရှိမှုနည်းပါးချိန် စက်တင်ဘာ၊ အောက်တိုဘာလများတွင် ပြည်ပမှ ကြက်သွန်နီ တင်သွင်းရန် စဉ်းစားချင့်ချိန်ခဲ့သော်လည်း ကြက်သွန်နီဈေး ကျဆင်းမှုမှာ သုံးလေးနှစ် ရှိပြီဖြစ်သဖြင့် ကြက်သွန်နီအသင်းမှ ထုတ်လုပ်သူများအတွက် မျှော်မှန်းပြီး တင်သွင်းမှု မပြုခဲ့ကြပါ။ သို့ရာတွင် မိုးကြက်သွန်နီ ပေါ်စပြုလာသည့်အချိန်တွင်ပင် ကြက်သွန်နီဈေးများ ကျဆင်းမှုမရှိဘဲ နိုဝင်ဘာလကုန်အထိ ဆက်လက် ဈေးမြင့်တက်လျက်ရှိကြောင်း တွေ့နေရပါသည်။ ယင်းအချက်သည် ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်သူများ (သို့မဟုတ်) ကြက်သွန်နီတောင်သူများအတွက် အမှန်တကယ်အကျိုးရှိပါရဲ့လားဟု တွေးတော စဉ်းစားစရာဖြစ်လာပါသည်။ ကြက်သွန်နီ တင်သွင်းခြင်းပြုလုပ်လျှင် တောင်သူများထိခိုက်မှုနှင့် စားသုံးသူများအတွက်အကျိုးရှိမှုကိုချိန်ထိုးပြီး ဒီဇင်ဘာလဆန်းတွင် ကြက်သွန်နီတင်သွင်းမှုကို ခွင့်ပြုပေးခဲ့ခြင်းသည် အစိုးရမှ တောင်သူ၊ ကုန်သည်၊ စားသုံးသူတို့အတွက် Win-Win Situation ကိုဖော်ဆောင်ပေးခြင်းပင် ဖြစ်ပါသည်။ ယင်းအချက်သည် Government Intervention တစ်ခုကို နမူနာပြခြင်းဖြစ်ပါသည်။

အထူးသဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံများရှိ ကုန်ထုတ်လုပ်သူ များသည် မိမိနိုင်ငံမှ ကုန်စည်ကို ကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့ရောင်းချနိုင်သကဲ့သို့ အခြားမှ ကုန်စည်များကိုလည်း ဝယ်ယူစားသုံး နိုင်ကြပါသည်။သို့ဖြစ်၍ မိမိတို့နိုင်ငံမှ ပို့ကုန်တင်ပို့သူ ကုန်သည်များအတွက်လည်းကောင်း၊ ကုန်ထုတ်လုပ်သူများအတွက်လည်းကောင်း အကျိုးကျေးဇူး များစွာရှိသဖြင့် အစိုးရမှ ဝင်ရောက်စွက်ဖက်မှုကို ကုန်သွယ်မှုတွင် ပြုလုပ်ပေးရန် မလိုသကဲ့သို့ တွေ့ရနိုင်ပါသည်။ သို့ရာတွင် မိမိတို့ နိုင်ငံ၏ ကုန်ထုတ်လုပ်သူများအနက်မှ နိုင်ငံရေးအတွက် အဓိကအထောက်အပံ့ဖြစ်သော အုပ်စုဝင် ထုတ်လုပ်သူများအတွက်လည်းကောင်း၊ နိုင်ငံရေးပယောဂဖြင့် ထိခိုက်နိုင်ချေရှိလျှင် လည်းကောင်း ဝင်ရောက်စွက်ဖက် တတ်ပါသည်။ စီးပွားရေးတွင် ထိခိုက်သည့်အချက်ထက် နိုင်ငံရေးတွင် ထိခိုက်နိုင်ချေကို ပိုစဉ်းစားတတ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ယင်းသို့ မိမိနိုင်ငံမှ ကုန်သည်များ (သို့မဟုတ်) ထုတ်လုပ်သူများ အတွက် ကာကွယ်ပေးသည့် စီးပွားရေးစနစ်မျိုးကို "Portectionism" ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒဟု ခေါ်ဝေါ် ခဲ့ပါသည်။ ယင်းအတွက် အစိုးရများ ကျင့်သုံး တတ်သည့် နည်းလမ်းများမှာ အကောက်ခွန်များ၊ ထောက်ပံ့ကြေးပေးခြင်းများ (Subsidies)၊ တင်သွင်းမှု ခွဲတမ်းစနစ် (Import Quotas)၊ ပြည်ပတင်ပို့မှု အကန့်အသတ် စနစ်၊ ပြည်တွင်းတွင် လိုအပ်သလောက်သာ ထုတ်လုပ်စေ သည့်စနစ်တို့ ဖြစ်ပါသည်။

## အကောက်ခွန်များ

Tariffs ခေါ် အကောက်ခွန်သည် တင်သွင်းကုန်ပေါ် ကောက်ခံစည်းကြပ်သည့် အခွန်တစ်မျိုး ဖြစ်ပါသည်။ အကောက်ခွန်များကို ရောင်းရငွေများ၊ ဝင်ငွေများဖြင့် ပေးချေနိုင်ပါသည်။ မိမိတို့နိုင်ငံတွင်းမှ ကုန်ထုတ်လုပ်သူများ၊ ကုန်သည်များ စက်ရုံအလုပ်ရုံများမှ ထုတ်လုပ်သည့် ကုန်စည်တစ်ခုကို ပြည်တွင်းတွင် ထုတ်လုပ်မှု မပျောက်ရေး၊ မကျဆင်းရေးအတွက် ယင်းနှင့်ယှဉ်ပြိုင်ဖက် အခြားနိုင်ငံများမှ တင်သွင်းမည့် အမျိုးအစားတူ ကုန်စည်များကို တင်သွင်းခွန် (သို့မဟုတ်) အကောက်ခွန်ကို မြင့်မားစွာ ကောက်ခံခြင်းဖြင့် ဒေသတွင်းကုန်ထုတ်လုပ်သူများကို ကာကွယ်တတ်ပါသည်။ ဥပမာ-မိမိနိုင်ငံမှ ဆန်တစ်တန်ပြည်တွင်း ရောင်းဈေးသည် အမေရိကန်ဒေါ်လာ ၃၅၀ ရသည့် အချိန်တွင် မိမိနိုင်ငံသို့ တင်သွင်းလာမည့် ဆန်သည် အရည်အသွေးတူကို တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၃၄၀ ဖြင့် ရောင်းချနိုင်သည် ဆိုပါက အကောက်ခွန် (Tariff) ကို အမေရိကန်ဒေါ်လာ ၂၀ (သို့မဟုတ်) ၁၅ ရာခိုင်နှုန်း ပိုမိုကောက်ခံလိုက်မည်ဆိုပါက ပြည်ပမှတင်သွင်းမည့် ဆန်တစ်တန် မိမိနိုင်ငံတွင်း ရောင်းဈေးသည် အမေရိကန်ဒေါ်လာ ၃၅၀ ကျော်မည်ဖြစ်သဖြင့် အခြားနိုင်ငံမှ ဆန်များ တင်သွင်းနိုင်တော့မည်မဟုတ်ဘဲ ပြည်တွင်း ဆန်စပါးထုတ်လုပ်သူများ အထူးသဖြင့် ဆန်စပါးကုန်သည်၊ ဆန်စက်ပိုင်ရှင်များ၏ အကျိုးစီးပွားကို အစိုးရမှ အကောက်ခွန်ဖြင့် ထိန်းသိမ်းပေးခြင်းပင်ဖြစ်ပါသည်။ ယင်းသို့ အခြေအနေ ဖြစ်ပေါ်ပါက ကုန်ထုတ်လုပ်သူများမှာ အောင်နိုင်သူ၊ အကျိုးရှိသူဖြစ်ပြီး ပြည်ပမှ ထုတ်လုပ်သူ၊ မိမိနိုင်ငံသို့ တင်သွင်းသူနှင့်ပြည်တွင်း စားသုံးသူများမှာ ရှုံးနိမ့်ကြသူများ ဖြစ်လာပါသည်။ အကောက်ခွန်တွင် အခြေခံအားဖြင့် နှစ်မျိုးရှိပါသည်။ တစ်မျိုးမှာ - ကိန်းသေ အကောက်ခွန်ဖြစ်ပြီး တင်သွင်းထားသော ကုန်စည်ယူနစ် တစ်ခုခြင်းအတွက် ကိန်းသေအကောက်စံနှုန်း တစ်ခုသာထားပြီး ကောက်ခံခြင်း ဖြစ်ပါသည်။ အခြားတစ်ခု မှာ Ad Valorem Tariff ဟုခေါ်သော ထပ်ဆောင်းကိန်းရှင်ဖြင့်တွက်သော အကောက်ခွန်စနစ် ဖြစ်ပါသည်။ တင်သွင်းထားသော ကုန်စည်၏ တန်ဖိုးပေါ်မူတည်ပြီး နှုန်းရှင်ဖြင့်တွက်ခြင်း၊ ကောက်ခံခြင်း ဖြစ်ပါသည်။ မည်သည့်အကောက်ခွန်မဆို နိုင်ငံတကာကုန်သွယ်မှုနှင့် ကမ္ဘာ့စီးပွားရေး တစ်ခုလုံး၏ ထက်မြက်မှုအတိုင်းအတာကို လျော့ကျစေသည်မှာ အမှန်တရားဖြစ်ပါသည်။ မိမိတို့ နိုင်ငံမှ တရုတ်နိုင်ငံသို့ တင်သွင်းသော ဆန်များသည် မိမိတို့နိုင်ငံဘက်မှ တရားဝင်တင်ပို့ခြင်း ဖြစ်သော်လည်း တရုတ်နိုင်ငံဘက်မှ အကောက်ခွန်မြင့်မားသောကြောင့် တရုတ်နိုင်ငံဘက်မှ ကုန်သည်များသည် တရားဝင်တင်သွင်းပြီး အကောက်ခွန် ပေးဆောင်မည်ဆိုပါက တရုတ်နိုင်ငံတွင် ထုတ်လုပ်သူများနှင့် ယှဉ်ပြိုင်နိုင်ဖွယ်မရှိသဖြင့် တရားဝင်အကောက်ခွန် ပေးချေခြင်းမရှိဘဲ မြန်မာနိုင်ငံဘက်မှ ကုန်သည်များနှင့်ညှိနှိုင်းပြီး တရုတ်နိုင်ငံဘက်သို့ တရားမဝင် (အကောက်ခွန် မပေးဆောင်ဘဲ) တင်သွင်းနေခြင်း ဖြစ်ပါသည်။ နိုင်ငံတကာ ဆန်ဈေးများမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ခန့်သာ ရှိသော်လည်း တရုတ်ကုန်သည်များမှုဆယ်ဈေးကွက်တွင် ပေးချေဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ခန့် ဈေးပေါက်သဖြင့် မြန်မာဆန်ကုန်သည် အသီးသီးသည် ပင်လယ်ရေကြောင်းမှ တရားဝင် တင်ပို့ခြင်းအစား တရုတ်နယ်စပ်မှ ကုန်သည်များနှင့် ပူးပေါင်းကာ တရုတ်ဘက်သို့ တရားမဝင်တင်သွင်းမှု ပြုလျက်ရှိပါသည်။ အဆိုပါ အခြေအနေကြောင့် တရုတ်နိုင်ငံဘက်မှ ကုန်သည်များ အခွန်တိမ်းရှောင်မှုဖြင့် ဖမ်းဆီးခံရခြင်း၊ တရားမဝင် ဖြစ်နေသော ဆန်များသိမ်းဆည်းခံရခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားနေရခြင်း ဖြစ်ပါသည်။ ထိုကိစ္စအား နှစ်ဖက်အစိုးရဌာနများ ညှိနှိုင်းလျက်ရှိသော်လည်း လုံးဝ ပြေလည်သည့် အခြေအနေသို့ မရောက်ရှိကြောင်း တွေ့ရှိနေရပြီး နယ်စပ်ရှိ နှစ်ဖက်ကုန်သည်များမှာ တရားမဝင် တင်ပို့/ တင်သွင်းခြင်းကို အားသန်လျက်ရှိသကဲ့သို့ဖြစ်ပါသည်။ ယင်းအချက်သည် ရေရှည်တွင် နှစ်ဖက်စလုံး ထိခိုက်နစ်နာမည်ဖြစ်သဖြင့် တရုတ် အစိုးရ၏ အကောက်ခွန်စည်းကြပ်မှုအား ပြန်လည်စဉ်းစားရေးကို WTO ကဲ့သို့ ကမ္ဘာ့အဖွဲ့အစည်းများမှတစ်ဆင့် ကြိုးစားသင့်ပါသည်။



## ထောက်ပံ့ကြေးပေးခြင်း (subsidies)

ထောက်ပံ့ကြေးပေးခြင်း (Subsidies)ဆိုသည်မှာ သက်ဆိုင်ရာ အစိုးရမှ ပြည်တွင်းဒေသခံ ကုန်ထုတ်လုပ်သူများအတွက် ထပ်ဆောင်းဖြည့်ဆည်းပေးသည့် ငွေကြေးပမာဏပင် ဖြစ်ပါသည်။ ယင်းသို့ဖြည့်ဆည်းငွေပမာဏ တစ်ခုကိုပြည်တွင်းကုန်ထုတ်လုပ်သူသို့ (တစ်နည်းအားဖြင့်) တောင်သူသို့ ဈေးကွက် ပေါက်ဈေးတွင် ထပ်ဆောင်းပေးသည့်အခါ ပြည်တွင်းထုတ်လုပ်သူများအတွက် အကျိုးကျေးဇူးရရှိပြီး ပြည်ပတင်ပို့မှုမှာပါ အကျိုးရရှိလာပါသည်။ ဥပမာ- အမေရိကန်နိုင်ငံသည် ပြည်တွင်းကြံစိုက်ပျိုးသူများအား ပေါက်ဈေးထက် ပိုသောဈေးဖြင့် စရိတ်ထောက်ပံ့ ပေးခြင်း ဖြစ်ပါသည်။ ပြည်တွင်း ကြံစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်သူများ ပပျောက်မသွားရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အမေရိကန်ပြည်တွင်းတွင် သကြားထုတ်လုပ်သူများသည် ကြံတစ်တန်ကို




မျိုးသူ (ကုန်သွယ်/မြှင့်)

အမေရိကန်ဒေါ်လာ ၂၀ခန့်ဖြင့် ဈေးသင့်ဝယ်ယူသည့်တိုင် အစိုးရ၏ Subsidies ကို ကြံတောင်သူများမှ ရရှိထားသည်။ ထို့ကြောင့် ယင်းဈေးဖြင့် သကြားစက်ပိုင်များကို ရောင်းချနိုင်သဖြင့် သကြားကို ဈေးပေါပေါဖြင့် ထုတ်လုပ်၍ ပြည်ပသို့ ဈေးနှုန်းချိုသာစွာဖြင့် တင်ပို့နိုင်လျက်ရှိပါသည်။ ယင်းအဖြစ်အပျက်သည် အမေရိကန် ပြည်တွင်းကိစ္စသာ ဖြစ်သည်ဟု ဆိုသော်လည်း အမေရိကတိုက် တွင်ပင် ရှိသည့် ဘရာဇီးနိုင်ငံ၏ သကြားထုတ်လုပ်မှုကို အကြီးအကျယ် ထိခိုက်စေပါသည်။ အဘယ်ကြောင့်ဆိုသော် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀-၂၅၀ ခန့်ဖြင့်သာ ကာလ ရှည်ကြာစွာ ငြိမ်သက်ပြီး အခြားကုန်စည်များ ဈေးတက်ခဲ့သော်လည်း သကြားဈေး မတက်ခဲ့သဖြင့် ပြည်တွင်း ထုတ်လုပ်မှုစရိတ် မြင့်တက်လာသည့်အခါ ဘရာဇီး သကြား ထုတ်လုပ်သူများ၊ ကြံစိုက်ပျိုးသူများအတွက် အရင်းကြီးမြင့်ပြီး ပြည်ပတင်ပို့မှုမှရသည့် ငွေကြေးနည်းပါးသဖြင့် အကျိုးအမြတ် အလွန်နည်းပါးမှုကို ကြုံတွေ့နေရပါသည်။ တစ်နည်းအားဖြင့် အမေရိကန်သကြား တင်ပို့သူများကဲ့သို့ ဈေးလျှော့မရောင်းပါက မိမိထုတ်ကုန်များ လက်ဝယ်တွင် ကျန်ရှိသည့် ပြဿနာကြောင့် ဈေးလျှော့ရောင်းချရသည့်အခါ ဘရာဇီးနိုင်ငံ၏ ကြံစိုက်ထုတ်လုပ်မှု၊ သကြားပြည်ပတင်ပို့မှုတို့ကိုပါ ထိခိုက်ပြီး ဆက်လက်ဖြစ်ပေါ်လာမည့် အကျိုးဆက်မှာ တစ်ကမ္ဘာလုံး၏ သကြားဈေးပါ မတက်ဘဲ အခက်ကြုံလာရခြင်း ဖြစ်ပါသည်။ ယင်းကဲ့သို့ ချမ်းသာသော နိုင်ငံတစ်နိုင်ငံမှ ယင်းနိုင်ငံတွင် ကုန်ထုတ်လုပ်သူ များကို ထောက်ပံ့ပေးခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်မှု ကို သက်ရောက်သည့် အခြေအနေ တစ်ရပ် ဖြစ်လာပါသည်။ ယင်းသို့ထောက်ပံ့ပေးခြင်းသည် ပုံစံမျိုးစုံရှိကြောင်း သိရပါသည်။ ငွေကြေးကို Grants အဖြစ် ထောက်ပံ့ခြင်း၊ အတိုးနှုန်းနည်းနည်းဖြင့် ငွေချေးခြင်း၊ အခွန်ကို ခေတ္တရပ်တန့်ပေးခြင်း၊ အစိုးရ၏အရင်းအမြစ်များ ပေါင်းထည့်ပေးခြင်း၊ ကူညီခြင်း စသည်တို့ ဖြစ်ပါသည်။ ကျွန်တော်တို့သည် အစိုးရ၏ အထောက်အပံ့ ဖြည့်ဆည်းပေးခြင်းကို စိုက်ပျိုးရေးကဏ္ဍတွင် အများအပြား တွေ့နိုင်ပါသည်။ ထင်ရှားသော အခြားနမူနာ တစ်ခုအနေဖြင့် အမေရိကန် ဘိုးအင်းလေယာဉ်ကုမ္ပဏီနှင့် ဥရောပ၏ အဲယားဘတ်စ် လေကြောင်းတို့တွင် တွေ့နိုင်ပါသည်။ သို့ရာတွင် ယင်းကဲ့သို့ အစိုးရမှ ထောက်ပံ့ပေးခြင်းသည် ရေရှည်တွင် အစိုးရအတွက် အခက်အခဲများ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

## တင်သွင်းမှုခွဲတမ်းစနစ် (Import Quotas)

မိမိနိုင်ငံအတွင်းသို့ တင်သွင်းသည့် ကုန်စည်အချို့ကို အရေအတွက် အကန့်အသတ်ဖြင့်သာ တင်သွင်းမှု ပြုခြင်းဖြစ်ပါသည်။ ဤသို့ကန့်သတ်ထားခြင်းသည် ပြည်တွင်းထုတ်လုပ်သူများနှင့် နိုင်ငံတွင်း မရှိမဖြစ်ဟု သတ်မှတ်ကန့်သတ်ထားသော ကုန်စည်များအတွက် ဖြစ်ပါသည်။ ဥပမာအားဖြင့် မိမိတို့နိုင်ငံမှ တရုတ်နိုင်ငံသို့ တင်သွင်းရာတွင် ဆန်နှင့် ပြောင်းဖူးစေ့ကို အခွန်ကင်းလွတ်ခွင့်ဖြင့် တန်ချိန် ၁၀၀၀၀-၂၀၀၀၀ ခန့်စီသာ တင်သွင်း ခွင့်ပြုထားပါသည်။ ယင်းထက်ပိုလျှင် ပုံမှန်သွင်းကုန်ခွန်ကို တရုတ်ဘက်မှ ကောက်ခံပါသည်။ ဆန်သည် တရုတ်နိုင်ငံဘက်မှ သွင်းကုန်ပစ္စည်းစာရင်းတွင် Essential Commodity ဖြစ်သဖြင့် အခွန်ကြီးမြင့်ပါသည်။ မြန်မာနိုင်ငံအတွက် နယ်စပ်မှ အခွန်ကင်းလွတ်ခွင့်ပြုထားသော ဆန်နှင့် ပြောင်းတန် ၁၀၀၀၀ စီမှာ ဘိန်းအစားထိုး သီးနှံ စိုက်ပျိုးသူများအတွက် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ယင်းမှ ခွဲတမ်းစနစ်၏ ပုံစံတစ်ခုသာ ဖြစ်ပါသည်။

## စိတ်ကြိုက်တင်ပို့ခွင့် ကန့်သတ်ခြင်း

ယခု စိတ်ကြိုက်တင်ပို့ခွင့် မပြုဘဲ ကန့်သတ်ခွင့်ပြုခြင်းသည် မိမိနိုင်ငံအစိုးရမှ ခွဲတမ်းစနစ်ဖြင့် ကုန်ပစ္စည်း တစ်ခုခုအား တင်ပို့ခွင့် ကန့်သတ်ထားခြင်း ဖြစ်ပါသည်။ ယင်းအခြေအနေသည် ယင်းကုန်ပစ္စည်းကို တင်သွင်းနေရသည့်နိုင်ငံမှ တင်ပို့သည့်နိုင်ငံသို့ လှမ်း၍ ကန့်ကွက်ချက် (သို့မဟုတ်) တောင်းဆိုချက်ပေါ် အခြေခံပြီး တင်ပို့မှုကို ကန့်သတ်ခြင်းစနစ် ဖြစ်ပါသည်။ ဥပမာအနေဖြင့် ဂျပန် ကားများကို အမေရိကန်သို့ တင်ပို့ရာတွင် အမေရိကန် ကားထုတ်လုပ်သူများ အနေဖြင့် မယှဉ်ပြိုင်နိုင်သဖြင့် အခက်အခဲများစွာ ကြုံတွေ့ရသဖြင့် ဂျပန်ကားများ တင်သွင်းမှုကို ဂျပန်အစိုးရနှင့် အမေရိကန် အစိုးရမှ ညှိနှိုင်းပြီး ဂျပန်မှ မော်တော်ကားများ အမေရိကန်သို့တင်ပို့ခြင်းကို ကန့်သတ်ထားခြင်းမျိုး ဖြစ်ပါသည်။ အခြားဥပမာ တစ်ခုမှာ ကျွန်တော်တို့နိုင်ငံမှ ယခင်နှစ် အနည်းငယ်ခန့်က အေးခဲအမဲသားများ တရုတ်သို့ နယ်စပ်မှ တစ်ဆင့် တင်ပို့မှု ရှိခဲ့သော်လည်း၊ မြန်မာနိုင်ငံမှ အမဲသားများတွင် ခွာနာလျှာနာ ရောဂါပိုးပါလာနိုင်သဖြင့် တင်ပို့ခြင်း မပြုပါရန် တရုတ်အစိုးရမှ အကြောင်းကြားချက်အရ အေးခဲ အမဲသား တင်ပို့မှုကို ကန့်သတ်ခဲ့ရပါသည်။

## ပါဝင်မှု လိုအပ်ချက်အား ဒေသတွင်း ဖြည့်စွက်မှု

ကုန်ပစ္စည်းတစ်ခု တင်သွင်းရာတွင် လိုအပ်ချက်၊ အရေအတွက် ပမာဏတစ်ခုကို အပိုင်းကဏ္ဍငယ် တစ်ခုအနေဖြင့် ပြည်တွင်း/ဒေသတွင်း ထုတ်လုပ်သည့် အခြေအနေမျိုး ဖြစ်ပါသည်။ စီမံခန့်ခွဲမှုမူဝါဒပိုင်းနှင့် ပြည်တွင်းတွင် ရောင်းမစွံသော ကုန်များကို ပြည်ပသို့ လျှော့ဈေးဖြင့် ရောင်းထုတ်သဖြင့် အမှိုက်ပုံကဲ့သို့ ဖြစ်လာမှု ကာကွယ်ရေးမူဝါဒများကို နိုင်ငံတကာကုန်သွယ်မှုတွင် အစိုးရကဏ္ဍမှ ဝင်ရောက်စွက်ဖက်တတ်ပါသည်။ မိမိနိုင်ငံတွင် အချို့ကုန်ပစ္စည်းများ အမှိုက်ပုံကဲ့သို့ မဖြစ်ရေးမှာလည်း အထူးသတိထားသင့်သော မူဝါဒ ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံကဲ့သို့ ဆင်းရဲသော နိုင်ငံများတွင် ကုန်သွယ်မှုအားနည်းချက်များကြောင့် ကုန်ပစ္စည်းများ ဒလဟော စီးဆင်းဝင်မှုဒဏ်ကို ခံစားရတတ်ပါသည်။ ဥပမာ- တရုတ်နိုင်ငံမှ အရည်အသွေးမမီသော Low Price ကုန်ပစ္စည်းများ ဝင်ရောက်ပြီး နိုင်ငံအတွင်း အမှိုက်သဖွယ် ဖြစ်လာသည်အထိ ကြုံရတတ်ပါသည်။ ယခုအချိန်အခါတွင် သကြားဖြူကို re-export အဖြစ် Certificate များ FDA စစ်ဆေးမှုများ ကင်းလွတ်ခွင့်ပေးပြီး ပြည်ပပို့ကုန် တိုးမြှင့်ရေး ဆောင်ရွက်သည့် နည်းလမ်းမှာ ကောင်းမွန်သော်လည်း ဥပဒေအတိုင်း တိတိကျကျ ဆောင်ရွက်နိုင်မှု အားနည်းခဲ့လျှင်ဖြစ်စေ၊ မူလကုန်သည်များက အခွန်တိမ်းရှောင်ပြီး Export ပြန်လည် မပို့ဘဲ ပြည်တွင်းတွင် ရောင်းချခဲ့ပါက အဆိုပါ dumping problem အမှိုက်ကဲ့သို့ စုပုံလာမည့် ပြဿနာနှင့် ကြုံရမည်ဖြစ်ပြီး အကျိုးဆက်အဖြစ် ပြည်တွင်းကြံ စိုက်ပျိုး ထုတ်လုပ်သူများ၊ သကြားစက်များစသည့် သကြားလုပ်ငန်းတစ်ခုလုံး ထိခိုက်နိုင်သည့် အန္တရာယ်ရှိပါသည်။ အစိုးရကဏ္ဍဘက်မှ ပြည်တွင်းသို့ တင်သွင်း တတ်သော ကုန်စည်များနှင့်ပတ်သက်၍ လွယ်လွယ်ကူကူ ဝင်ရောက်မှုမျိုး မဖြစ်အောင် သတိထားဆောင်ရွက်ရမည်သာဖြစ်ပါသည်။

➲ ဆက်လက်ဖော်ပြပါမည်



## ပြောင်း

### ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလ တတိယပတ်တွင် ကန်ဒေါ်လာ ၁၀ ဒသမ ၆၁၂ သန်းတန်ဖိုးရှိပြောင်းဖူးစေ့ ၄၄၄၂၉ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၅၃၈ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၂၅၀ တန်တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်က မူဆယ်မှ ၃၂၇၉၉ တန်ခွဲ၊ ချင်းရွှေဟော်မှ ၈၁၉ တန်သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ပြောင်း ၁၃၀၆၀ တန်ခွဲ ပိုမို တင်ပို့လာတာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို မိမိဘက်ဈေး ၃၁၁၂၃၄ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၃၁၀၇၁၁ ကျပ်သို့ ပြောင်းဈေးများဆက်လက်ကျဆင်းနေပါတယ်။ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးစခန်း နှစ်ခုမှ ယခင်တစ်ပတ်ရော ယခုတစ်ပတ်မှာပါ ပြောင်းတင်ပို့မှု မရှိခဲ့ဘူးလို့ သိရပါတယ်။

**မော်မော်အောင်**

### တရုတ်ပြည်သို့ ပြောင်းကြိတ်ဖတ်မှုန့် တင်ပို့

တရုတ်နိုင်ငံမှာ ပြောင်းကြိတ်ဖတ်မှုန့်ကို တိရစ္ဆာန်အစာအတွက် အသုံးပြုကြတာဖြစ်လို့ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလ ၁ ရက်မှ ၁၅ ရက်အတွင်း ကန်ဒေါ်လာ ၂၇၄၈၉ တန်ဖိုးရှိတဲ့ ပြောင်းကြိတ်ဖက်မှုန့် ၃၅၇ တန်တင်ပို့ခဲ့ပါတယ်။ကာလတူ နိုဝင်ဘာလ ၁ ရက်မှ ၁၅ ရက်အထိမှာတော့ ပြောင်းကြိတ်ဖတ် ၁၁၇ တန်သာတင်ပို့ခဲ့တာတွေ့ရပါတယ်။ပြောင်းကြိတ်ဖတ်တစ်တန်ရဲ့ လိုင်စင်ဈေးမှာ ၇၇ ဒေါ်လာရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## သကြား

### တရုတ်နိုင်ငံတွင် သကြားလိုအပ်ချက်များနေ၍ မူဆယ်ကုန်သွယ်ရေးဇုန်မှ သကြားဖြူများ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလ ၁၂ ရက်မှ ၁၈ ရက်တာသီတင်းပတ်အတွင်းမှာ တစ်ဖက်တရုတ်နိုင်ငံသို့ကန်ဒေါ်လာ ၁၁ ဒသမ ၇၆၇ သန်း တန်ဖိုးရှိ သကြားဖြူ ၂၁၀၉၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် တန်ချိန် ၅၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

တရုတ်နိုင်ငံရှိ သကြားစက်ရုံအများစုရဲ့ သကြားထုတ်လုပ်မှုကျဆင်းခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ ကြံအထွက် နည်းခြင်းတို့ကြောင့် သကြားလိုအပ်ချက်များသဖြင့် မူဆယ်ကုန်သွယ်ရေးဇုန်မှ သကြားဖြူများကို ဆက်တိုက် တင်ပို့နေရတယ်လို့ ကုန်သည်များထံမှ သိရပါတယ်။ လက်လီသကြားဈေးကတော့ ယခင်သီတင်းပတ်ကော ယခုသီတင်းပတ်ပါ တစ်ပိဿာလျှင် ၁၄၀၀ ကျပ်ရှိတယ်လို့သိရပါတယ်။

**မြင့်မြင့်မာ**

## နေကြာ

### ယင်းမာပင်နေကြာ အထွက်ကောင်းမည်ဟု မျှော်မှန်း

ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်မှာ နေကြာကို နှစ်စဉ်ဧကနှစ်သောင်းကျော်စိုက်ပျိုးလျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ မှာလည်း စိုက်ဧက ၂ ဒသမ ၆ သောင်းရှိတဲ့ အတွက် တင်းရေ ခြောက်သိန်းခွဲခန့်ထွက်မယ်လို့ ခန့်မှန်းထားပါတယ်။ နေကြာစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး ကျေးရွာတောင်သူ ဦးဘိုးဌေးက "ဒီနယ်မှာတော့ အများဆုံး ရေဆင်း -၁ ကို စိုက်ပျိုးပါတယ်။ သက်တမ်း သုံးလရှိပါတယ်။ တချို့ စောစိုက်တာရှိတယ်။ နောက်ကျစိုက်တာလည်း ရှိတယ်။ ဖေဖော်ဝါရီလကုန်လောက်တော့ အကုန်ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ဒီနယ်မှာက ဆီကြိတ်ဆုံတွေပေါတော့ သီးနှံအလိုက် ရောင်းတာရှားတယ်။

လှော်ပြီးရောင်းတဲ့သူတွေလည်းရှိတယ်၊ တစ်တင်း ၂၀၀၀၀ ကျပ်ရှိပါတယ်။ ပေါ်ချိန်မှာတော့ ဈေးနည်းနည်းလျော့နိုင်တယ်။ နေကြာတစ်တင်း ဆီကြိတ်မယ်ဆိုရင် ၄ ပိဿာ၊ ၄ ဒသမ ၅ ပိဿာ ထွက်ရှိပါတယ်။ နေကြာဆီသန့်သန့်ကို အဝေးမှာရောက်နေကြတဲ့ ကိုယ့်ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းက စားချင်တဲ့အတွက် ၁၀ ပိဿာ၊ ၁၅ ပိဿာလှမ်း မှာတာမျိုးတွေလည်းရှိပါတယ်။ ဒီမှာက ပိဿာလုံးဈေးရယ်လို့ မရှိဘူး၊ ပုလင်းလိုက်ရောင်းကြတာများတယ်။ တစ်ပုလင်း ၆၀ ကျပ်သားကို ၂၅၀၀ ကျပ်ပါ။ တစ်ပိဿာကို ၄၅၀၀ ကျပ်ဝန်းကျင်လောက်ရှိပါတယ်။ ပြီးခဲ့တဲ့ မိုးကုန်ကတော့ မိုးများလို့ သီးနှံထွက်နည်းခဲ့တယ်။ ခုချိန်မှာတော့ ကျွန်တော်ရဲ့ နေကြာတွေဟာ သက်တမ်း တစ်လခွဲလောက်ရှိပြီး အပွင့်တွေကောင်း၊ အဆန်ထည့်ပြီး ငိုက်နေပါပြီ။ ခုဆောင်းကတော့ ရာသီမဖျက်ပါဘူး။ တစ်ဧက အထွက်တင်းရေ ၂၀-၃၀ ရမယ်လို့ မှန်းကြောင်း "ပြောပါတယ်။

**စွမ်းရည်-ယင်းမာပင်**

## ရော်ဘာ

### မလေးရှား၊ ဂျပန်နဲ့ ပါကစ္စတန်နိုင်ငံများသို့ ရော်ဘာတင်ပို့

ဒီဇင်ဘာလ ၁၃ ရက်မှ ၁၉ ရက်နေ့ထိ ကာလအတွင်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၂၂၄သန်းဖိုးရှိ ရော်ဘာ ၂၄၄တန်ကို တင်ပို့ခဲ့ပါတယ်။ တင်ပို့တဲ့နိုင်ငံတွေကတော့ မလေးရှားနိုင်ငံကို RSS-3 ၁၂၆ တန်၊ ဂျပန်နိုင်ငံကို MSR-20 ၉၈ တန်နဲ့ ပါကစ္စတန်နိုင်ငံကို RSS-3 တန် ၂၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က တင်ပို့မှုထက် တန် ၂၀၀ ကျော် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေးအနည်းငယ်အကျရှိကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားတဲ့ မြန်မာ့ရော်ဘာဈေးကတော့ ယခင်တစ်ပတ်ထက် တစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးကျကြောင်း သိရှိရပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀-၁၀၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀-၁၀၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၈၅၀-၉၅၀** |
| **MSR (3)L** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀-၁၀၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀-၁၀၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၈၀၀ - ၉၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၇၅၀ - ၈၅၀** |
| **Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ ၆၀၀ - ၇၀၀** |

**ယဉ်ယဉ်အေး**

### ကုန်သွယ်ရေးစခန်းများမှ ရက်သတ္တပတ်အတွင်း ရော်ဘာတန် ၂၀၀၀ ကျော်တင်ပို့

နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်ထိ ရက်သတ္တပတ်အတွင်းမှာ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၂ ဒသမ ဝ၉၁ သန်းဖိုးရှိ ရော်ဘာ ၂၁၇၆ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုနဲ့ အမျိုးအစားတွေကတော့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 ၇၄၁ တန်၊ MSR- 20 ၆၃၈ တန်ခန့်နဲ့ MSR- 50 ၁၂၁ တန်ကျော်၊ ချင်းရွှေဟော်စခန်းမှ RSS-3 ၄၅၆ တန်နဲ့ RSS-5 တန် ၂၀၀၊ တာချီလိတ်စခန်းမှ Latex 60% DRC တန် ၂၀ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ရော်ဘာတင်ပို့မှု ၆၉၂ တန်ပိုမိုခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးကတော့ ယခုတစ်ပတ်မှာ အနည်းငယ်အကျရှိပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန် ၁၃၉၄၄၈၃ ကျပ်ဈေးပေါက်ရာမှ ယခုတစ်ပတ်မှာ ၁၃၉၁၆၉၂ ကျပ်ဈေးရှိကြောင်း သတင်းရရှိပါတယ်။ ယမန်နှစ်ကာလတူ ပေါက်ဈေးကတော့ RSS-3 တစ်တန်ကို ၁၄၉၆၉၀၆ ကျပ်ရှိခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

### ခရစ္စမတ်ကာလဖြစ်၍ လာမယ့်သီတင်းပတ်မှာ ရော်ဘာဈေးလက်ရှိအတိုင်းသာဖြစ်နိုင်ဖွယ်ရှိ

မလေးရှားရော်ဘာဈေးကွက်သည် လိုအပ်ချက်နဲ့ထုတ်လုပ်မှု အခြေအနေ အံဝင်နေတဲ့အတွက် လာမယ့်တစ်ပတ်မှာ ရော်ဘာဈေးတန်းနေနိုင်တယ်လို့ မျှော်လင့်လျက်ရှိတယ်လို့သိရပါတယ်။ လာမယ့်တစ်ပတ်မှာ SMR -20 တစ်ကီလိုကို ၄၈၅ မှ ၄၉၅ ဆမ်၊ Latex ဝမ်းပုံစနစ်ကို ၃၅၅ မှ ၃၆၅ ဆမ်နှုန်းထားများနဲ့ အရောင်းအဝယ် ဖြစ်နိုင်တယ်လို့ ရော်ဘာနဲ့ဆက်နွယ်သူများကပြောကြားလာပါတယ်။ ဒေါ်လာဟာ ယန်းဈေးထက် အားပိုကောင်းနေတဲ့အတွက် တိုကျိုကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးဟာ မြင့်တက်လာနိုင်ချေရှိတယ်လို့တော့ ခန့်မှန်းနေကြပါတယ်။

ဒါပေမယ်လည်း လောင်စာဆီဈေး ကျဆင်းနေခြင်းက ရော်ဘာဈေးမြင့်တက်ခြင်းကို အဟန့်အတားဖြစ်စေနိုင်တယ်လို့လည်း စိုးရိမ်နေကြပါတယ်။တောင်အာရှမှာ လာမယ့်တစ်ပတ် ရော်ဘာဈေး ငြိမ်သက်နေမှာဖြစ်ကြောင်း၊ အကြောင်းကတော့ ရော်ဘာကုန်သည်များ ခရစ္စမတ်အနားယူရက်ကို စတင်ခံစားကြတော့မှာမို့ဖြစ်ပါတယ်။ ယခုဒီဇင်ဘာ စတုတ္ထပတ်ပြီးဆုံးတာနဲ့ ပြည်တွင်းမှာ ရော်ဘာအရောင်းအဝယ်များ နားထားကြမှာဖြစ်ပါတယ်။

ရက်သတ္တပတ်အလိုက် မလေးရှားရော်ဘာဘုတ်အဖွဲ့ရဲ့ ခန့်မှန်းဈေးနှုန်းကတာယာထုတ်လုပ်ရာမှာ အသုံးပြုတဲ့ SMR -20 တစ်ကီလိုဂရမ်ကို ၄၉၀ ဆမ်နဲ့ ရော်ဘာစိမ်း ဝမ်းပုံ တစ်ကီလိုဂရမ်ကို ၃၆၀ ဆမ် ပုံသေဈေးသာရှိမယ်လို့ ခန့်မှန်းထားပြီး ယနေ့ညနေမှာ တရားဝင်မဟုတ်တဲ့ ဒိုင်ပိတ်ဈေးတွေကတော့ SMR -20 တစ်ကီလို ဂရမ်ကို ၄၉၅ ဒသမ ၃ ဆမ်နဲ့ ရော်ဘာစိမ်းဝမ်းပုံ တစ်ကီလိုဂရမ်ကို ၃၅၉ ဆမ်နဲ့ အသီးသီးနဲ့ ဈေးပိတ်ခဲ့တယ်လို့ သိရပါတယ်။

**CMK**

### ဧပြီလမှ အောက်တိုဘာလထိ ခုနစ်လတာကာလတွင် ရော်ဘာတင်သွင်းနိုင်မှု ယမန်နှစ်ကာလတူထက် လျော့နည်းကျဆင်း

အိန္ဒိယနိုင်ငံဟာ ဧပြီလမှ အောက်တိုဘာလထိ ခုနစ်လတာကာလအတွင်း ပြည်ပမှ ရော်ဘာတင်သွင်းမှု တန်ချိန် ၂ ဒသမ ၈၈ သိန်းရှိခဲ့ပြီး ယမန်နှစ်ကာလတူထက် ၉ ရာခိုင်နှုန်းလျော့နည်းကျဆင်းခဲ့တယ်လို့ သိရပါတယ်။ ယမန်နှစ်ကာလတူမှာ တန်ချိန် ၃ ဒသမ ၁၆ သိန်းတင်သွင်းနိုင်ခဲ့တယ်လို့ ရော်ဘာဘုတ်အဖွဲ့ရဲ့ ကိန်းဂဏန်း အချက်အလက်များအရ သိရှိရပါတယ်။

ပြည်တွင်းထုတ်လုပ်မှု လျော့နည်းခြင်း၊ ကမ္ဘာ့ရော်ဘာဈေးကျဆင်းခြင်းတို့ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ရော်ဘာတင်သွင်းမှု စုစုပေါင်း တန်ချိန် ၄ ဒသမ ၁၅ သိန်းထိ ရှိခဲ့ပါတယ်။ ကီရာလာပြည်နယ်အစိုးရက ပြည်တွင်းဈေးကွက်မှာ ရော်ဘာဈေးများကျနေတဲ့အတွက် သဘာဝရော်ဘာတင်သွင်းခြင်းကို ထိန်းချုပ်ပေးရန်နဲ့ ရော်ဘာသွင်းကုန်ခွန် စည်းကြပ်နှုန်းကို မြှင့်ပေးရန် ရော်ဘာကုန်သွယ်မှုဌာနကို တောင်းဆိုခဲ့ကြပါတယ်။ ယခုနှစ် ဧပြီလမှာရော်ဘာကုန်သွယ်မှုဌာန အနေနဲ့ ရော်ဘာစိမ်းတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း သို့မဟုတ် တစ်ကီလိုဂရမ်လျှင် ၃၀ ရူပီး နည်းရာနှုန်းနဲ့ စည်းကြပ်ပေးခြင်းဖြင့် စိုက်ပျိုးသူများ အရေးကိုအကာအကွယ်ပေးခြင်း၊ယမန်နှစ်က ရော်ဘာတင်သွင်းမှုပမာဏ မမြင့်မားစေရန် ထိန်းချုပ်ပေးရာရောက်စေပါတယ်။ ဧပြီလမှ အောက်တိုဘာလထိ ခုနစ်လတာကာလအတွင်းပြည်တွင်း ရော်ဘာစိမ်း ထုတ်လုပ်မှုကလည်း တန်ချိန် ၃ ဒသမ ၇၇ သိန်းသာရှိပြီး ယမန်နှစ်က တန်ချိန် ၄ ဒသမ ၆၇ သိန်းထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ၁၆ ရာခိုင်နှုန်း လျော့နည်းကျဆင်းလျက်ရှိပါတယ်။

**CMK**

ယခင်တစ်ပတ်မှအဆက်

# စပါးခွံသုံး Gasifier ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၏ အကျိုးဆက်များ

|တင်မာကြည်|

(၃) **Dual စနစ်ဖြင့်နဲ့ လည်ပတ်ခြင်းဖြင့် ဒီဇယ်ဆီ အသုံးလျော့ကျလာခြင်း**

30 KW Gasifier မှ ထွက်လာတဲ့ စပါးခွံဓာတ်ငွေ့နဲ့ ဒီဇယ်ဆီ နှစ်မျိုးစလုံးကိုသုံးပြီး Dual Fuel စနစ်နဲ့ စက်မှုဝန်ကြီးဌာနထုတ် ဒီဇယ်အင်ဂျင်ကို 250 KW Dummy Load နဲ့ မောင်းနှင်ရင် အင်ဂျင်လည်ပတ်မှု တည်ငြိမ်တာကို တွေ့ရပါတယ်။ တစ်နာရီမှာ ဆီစားနှုန်း 2.45 Liter သက်သာတာလည်း တွေ့ရပါတယ်။

(၄) **ရေဆိုးသန့်စင်နိုင်မှု နည်းလမ်းများကို တွေ့ရှိလာခြင်း**

- Gasifier ကနေထွက်လာတဲ့ ရေဆိုးတွေကို ရေစစ်ကန်သုံးပြီး အနည်အနှစ်တွေကို စစ်ယူရပါမယ်။ အနည်စစ်ပြီး ရေသန့်ကန်ထဲ ရောက်လာတဲ့ ရေတွေထဲမှာ ပေဒါစိုက်ပြီး စွန့်ပစ်ရေကနေ အဆိပ်အတောက်တွေကို ဖယ်ရှားတဲ့နည်းလမ်း
- ဒီနည်းမှာ ရေစစ်ကန်မှထွက်လာတဲ့ရေတွေကို ဓာတ်ပြုကန်ထဲထည့်ရပါမယ်။ နာရီ ၁၀၀ ကျော် စက်မောင်းပြီးတိုင်း ဓာတ်ပြုကန်ထဲသို့ ထုံး၊ ကျောက်မှုန့်နဲ့ Activated Carbon တွေကို သတ်မှတ်အချိုး အတိုင်း ထည့်ရမယ်။ ပြီးရင် ရေပန့်အားနဲ့ နှံ့စပ်အောင် မွှေပြီး ရေသန့်စေတဲ့ နည်းလမ်း
- Master Batch နဲ့ လုံးဝလောင်ကျွမ်းပြီးတဲ့ စပါးခွံပြာ (အဖြူရောင်ပြာ) တို့ကို ဆတူရောစပ်ပြီး ရေစစ်ကန်မှထွက်လာတဲ့ ရေသန့်ကန်ရှိ ရေပမာဏရဲ့ သုည ဒသမ ၁ ရာခိုင်နှုန်း ထည့်ကာနှံ့စပ် အောင်မွှေပေးပြီး ရေသန့်စင်တဲ့နည်းလမ်းတွေကို သုတေသနပြု စမ်းသပ်ခဲ့ပါတယ်။

ဖော်ပြပါ နည်းလမ်း သုံးသွယ်စလုံးမှာ ထိုက်သင့်တဲ့ ကုန်ကျစရိတ် ရှိပါတယ်။ အထူးသဖြင့် Master Batch ကို အသုံးပြုမယ်ဆိုရင် မြန်မာနိုင်ငံမှာ စီးပွားဖြစ်ထုတ်လုပ်နိုင်မှသာ အဆင်ပြေနိုင်မှာပါ။ ဒါကြောင့် ကုန်ကျစရိတ်နည်းပြီး စီးပွားရေးအရ တွက်ခြေကိုက်ရန်၊ လက်ရှိလည်ပတ်နေတဲ့ Gasifier များ ရေရှည် လည်ပတ်နိုင်ပြီး စက်စွမ်းအားတိုးတက်စေရန်၊ Gasifier တွေရဲ့ ပြုပြင်ရမယ့် အစိတ်အပိုင်းတွေကို သုတေသနပြုပြီး ဒီဇိုင်းပြောင်းလဲ တည်ဆောက်ရပါမယ်။ စွန့်ပစ်ရေဆိုးတွေကိုလည်း ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းအောင် ကုန်ကျစရိတ် အနည်းဆုံးနဲ့ စွန့်ပစ်နိုင်ရပါမယ်။ ဒီလုပ်ငန်းတွေကို ဒုတိယစီမံကိန်းအဖြစ် ဆက်လက် ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းမှ ငွေကြေးအကူအညီရရှိအောင် ဆောင်ရွက်ပြီး လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဂျပန်နိုင်ငံဘက်မှ Biofuel Inc Co,. Enbitech Co., Ltd. နဲ့ Gasifier နည်းပညာကျွမ်းကျင်တဲ့ SATAKE Co., တို့နဲ့ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနလက်အောက်ရှိ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်း၊ Gasifier ထုတ်လုပ်တဲ့ ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**စပါးခွံသုံး Gasifier အသုံးပြုခြင်း၏ အကျိုးဆက်များကို လေ့လာတွေ့ရှိခြင်း**

စပါးခွံသုံးဓါတ်ငွေ့ထုတ်ကိရိယာ (Gasifier) သုံးပြီး ဆန်စက်များလည်ပတ်တာကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ပြီး မြစ်/ချောင်းများ ထိခိုက်ပျက်စီးမှုအခြေအနေတွေကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့က ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၆)ကမ္ဘာအေးဘုရားလမ်းရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီး ဌာန၊ သုတေသနနှင့် တီထွင်စမ်းသပ်မှုဦးစီးဌာန၊ အစည်းအဝေးခန်းမမှာ ကျင်းပခဲ့တဲ့ "Environmental impacts on river water ecosystem at Ayeyarwady Delta Region" အလုပ်ရုံ ဆွေးနွေးပွဲမှ သိရှိခဲ့ရတဲ့ ဆွေးနွေးချက် တွေအရ ရေးသားဖော်ပြလိုပါတယ်။

ဒီအလုပ်ရုံဆွေးနွေးပွဲဟာ မြန်မာ့ပြန်ပြည့်ဖြိုးမြဲစွမ်းအင်အသင်း (Renewable Energy Association Myanmar-REAM)၊ သုတေသနနှင့် တီထွင်စမ်းသပ်မှုဦးစီးဌာန (Department of Research and Innovation-DRI)၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဏ္ဏဝါသိပ္ပံဌာန (မော်လမြိုင်တက္ကသိုလ်)၊ ပထဝီဌာန (ရန်ကုန်တက္ကသိုလ်)၊ မြန်မာ့အဏ္ဏဝါသိပ္ပံအသင်းတို့နဲ့ ပူးပေါင်းပြီး ထိုင်းနိုင်ငံ Mekong Energy & Ecological Network (MEE Net) အကူအညီနဲ့ "Research on Changes and Effects of river-water quality and quantity caused by human activities at Kyawzan village tract and its vicinity, Mawlamyine Gyun Township, Ayeyarwady Delta Region" စီမံကိန်းကို ဆောင်ရွက်ခဲ့တဲ့ ရလဒ်အနှစ်ချုပ် ဆွေးနွေးပွဲ ဖြစ်ပါတယ်။

ဒီပရောဂျက်ကို ဆောင်ရွက်ရာမှာ ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ကျော်ဇံကျေးရွာ အုပ်စု ခုနစ်ရွာနဲ့ ပတ်ဝန်းကျင်ဒေသတွေကို အကြိမ်ကြိမ်ကွင်းဆင်းပြီး ကျေးရွာအုပ်စု မှီခိုနေရတဲ့ ဧရာဝတီ မြစ်လက်တက်တစ်ခုဖြစ်တဲ့ ဝါးရခိုင်မြစ်ရေကို ဓါတ်ခွဲစမ်းသပ်တာ၊ လိုအပ်တဲ့ တိုင်းတာမှု ပြုလုပ်တာတွေ ကျေးရွာလူထုတွေနဲ့ ဆွေးနွေးတာတွေကို ဒေသခံကျေးရွာတွေရဲ့ ကျေးလက်ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီတွေနဲ့ ပူးပေါင်းပြီး ၂၀၁၅ ခု၊ ဇန်နဝါရီလကနေ အောက်တိုဘာလအထိ ကိုးလတာ သုတေသနပြု ဆောင်ရွက်ခဲ့တာလို့ သိရပါတယ်။

ဒီသုတေသနပြုချက်တွေအရ ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ကျော်ဇံကျေးရွာအုပ်စု ခုနစ်ရွာ ဝန်းကျင်မှာ ကျေးလက်မီးလင်းရေးနဲ့ ဆန်စက်များလည်ပတ်ရေးမှာ စပါးခွံဓာတ်ငွေ့ ထုတ်စက် Gasifier တွေကို သုံးပြီး ရရှိတဲ့ လျှပ်စစ်ဓာတ်နဲ့ အဓိကထားအသုံးပြုနေကြတာကို တွေ့ရပါတယ်။ ဆန်စက်များကို Gasifier နဲ့ လည်ပတ်ရာမှာ စွန့်ပစ်ပစ္စည်းအစိုင်အခဲအနေနဲ့ ကတ္တရာများ၊ စပါးခွံပြာများ၊ အလေအလွင့် စပါးခွံများ၊ စွန့်ပစ်အရည်အနေနဲ့ ကတ္တရာဆီ (Tar Oil) များ၊ ပြာရည်များကိုလည်း ဝါးရခိုင်မြစ်ထဲကိုပဲ တိုက်ရိုက်စွန့်ပစ်နေတာတွေကို **ပုံ(၁)**မှာ ဖော်ပြထားတဲ့အတိုင်း တွေ့ရှိနိုင်ပါတယ်။ ဓာတ်ငွေ့သန့်စင်ခြင်း အပိုင်းမှာလည်း ရေသုံးစွဲမှု များနေတာကိုတွေ့ရပါတယ်။ ရေသုံးစွဲမှု များနေတဲ့အတွက် စွန့်ပစ်ရေလည်း များနေပြီး မြစ်ထဲရောက်ရှိတဲ့ ရေဆိုးပမာဏများနေပါတယ်။ စပါးခွံများနဲ့ စပါးများကို ဝါးရခိုင်မြစ် ကိုအသုံးပြုပြီး သယ်ယူပို့ဆောင်ရာမှာလည်း စနစ်တကျသယ်ယူမှုမရှိတဲ့အတွက် မြစ်အတွင်းသို့ ဖိတ်စင်မှုတွေ ရှိတာကြောင့် မြစ်အောက်ခြေကြမ်းပြင်မှာ၊ စပါးနဲ့ ဖွဲပြာတွေ၊ စပါးခွံတွေအပြင် ဒီပစ္စည်းတွေကို ထည့်သွင်း သယ်ဆောင်လာတဲ့ ပီပီအိတ်ခွံများနဲ့ ပြည့်နှက်နေတာကို **ပုံ(၂)**မှာ ဖော်ပြထားတဲ့အတိုင်း တွေ့နိုင်ပါတယ်။ ဒါကြောင့်လည်း ဝါးရခိုင်မြစ်ဟာ တိမ်ကောလာပြီး ရေစီးရေလာလည်း မကောင်းတော့ဘဲ ရေသေလို ဖြစ်နေပါတယ်။







ဒ့ါအပြင် Gasifier စွန့်ပစ်အရည် ကတ္တရာဆီမှာပါဝင်တဲ့ Phenol များဟာ ဝါးရခိုင်မြစ်ထဲရောက်ရှိသွားပြီး ရေနေသတ္တဝါများဖြစ်တဲ့ ငါး၊ ပုစွန်နဲ့ အပင်မျိုးစိတ်အများစုကို အဆိပ်အတောက်ဖြစ်စေခဲ့ပါတယ်။ ရေအရည်အသွေးကျဆင်းပြီး ငါးများရှင်သန်ပွားများမှုကို ထိခိုက်စေခဲ့ပါတယ်။ အရင်က ဝါးရခိုင်မြစ်မှာ ရှင်သန်ပေါက်ဖွားခဲ့တဲ့ ငါးသလောက်လို ငါးမျိုးစိတ်တွေ မရှင်သန်နိုင်တော့ဘဲ ငါးသယံဇာတများ ဆုံးရှုံးခဲ့ပါတယ်။ မြစ်ရေဟာလည်း အမဲရောင်ဘက်ကို ရောက်နေပြီး အမြှုပ်တွေလည်းရှိနေပါတယ်။ ဒီလိုညစ်ညမ်းရေမှာ ဆက်လက်ရှင်သန်နိုင်တဲ့ ငါးရံ့၊ ငါးခုံးမ၊ ငါးဇင်ရိုင်းနဲ့ ငါးဖယ်မျိုးစိတ်တိုလောက်သာ ကျန်ရှိတယ်လို့သိရပါတယ်။ ကျော်ဇံကျေးရွာအုပ်စုဟာ ဧရာဝတီမြစ်ဝကျွန်းပေါ်အစဖြစ်ပြီး ရေချိုများကာ ရေငန်ဝင်ရောက်မှုအနည်း ငယ်သာရှိတဲ့ ဒေသဖြစ်ပါတယ်။ ဒီလိုသဘာဝမှာ ရှင်သန်ပေါက်ပွားတဲ့ အပင်မျိုးစိတ်တွေလည်း ဝါးရခိုင်မြစ် ညစ်ညမ်းလာတာနဲ့အတူ များစွာလျော့နည်းသွားတယ်လို့ သိရပါတယ်။ ဒီလို ဝါးရခိုင်မြစ်ရေရဲ့ ရေအရည်အသွေး ကျဆင်းရတာဟာ ကျော်ဇံကျေးရွာအုပ်စုဝန်းကျင်ရှိ လယ်ယာမြေတွေမှာ ဓာတ်မြေသြဇာ သုံးစွဲမှုနဲ့ ကျေးရွာအုပ်စုနေ ဒေသခံတို့ရဲ့ အသိပညာအားနည်းမှုကြောင့် အမှိုက်တွေ၊ ကြွပ်ကြွပ်အိတ်ခွံတွေ စတဲ့ စွန့်ပစ်ပစ္စည်းတွေကို မြစ်/ချောင်းထဲကို စွန့်ပစ်တာကလည်း အချက်တစ်ချက်ဖြစ်ပါတယ်။ အခုအချိန်မှာ ဝါးရခိုင်မြစ်ရေဟာ သုံးရေ (ချိုးရေ) အဖြစ် သုံးစွဲရင် ယားယံနိုင်တဲ့ အဆင့်အထိ ကျန်းမာရေးကို ထိခိုက်နေတဲ့ အနေအထားကို ရောက်ရှိနေပြီလို့ သိရပါတယ်။ သို့ပေမယ့်လည်း ဝမ်းစာရေးအတွက် ငါးဖမ်းတာနဲ့ ရေကြောင်းခရီးလမ်းအဖြစ် မသုံးမဖြစ်သုံးစွဲနေရပါတယ်။

**စပါးခွံသုံး Gasifier များ သုံးစွဲခြင်းကနေ ရရှိတဲ့အကျိုးကျေးဇူးများ**

ဖော်ပြပါ အကျိုးဆက်တွေရှိနေပေမယ့်လည်း ကျေးလက်မီးလင်းရေးနဲ့ အသေးစားလုပ်ငန်းတွေ အတွက်တော့ လျှပ်စစ်ဓာတ်ကို ကုန်ကျစရိတ် သင့်တင့်စွာနဲ့ ရနေတာကြောင့် စီးပွားရေးအရ တွက်ခြေကိုက်နေတယ်လို့သိရပါတယ်။ ဒ့ါအပြင် စပါးခွံသုံး လျှပ်စစ်ထုတ်စက် (Gasifier) အသုံးပြုလည်ပတ်တဲ့ ဆန်စက်တွေ အသေးစားလုပ်ငန်းတွေကြောင့် ကျေးရွာနေပြည်သူတွေရဲ့ စားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းအနေနဲ့ မှီခိုအားထားရာဖြစ်နေပါတယ်။ ဒီလို အကျိုးကျေးဇူးတွေရှိနေတာကြောင့် ဒီနေ့အထိ စပါးခွံ သုံး Gasifier တွေဟာ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဝေးကွာနေတဲ့ တိုင်းနဲ့ပြည်နယ်များရှိ ကျေးလက်ဒေသတွေမှာ မီးလင်းရေး၊ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းတွေ လည်ပတ်ရေးအတွက် မရှိမဖြစ် သုံးစွဲနေရတဲ့အပြင် မြို့ပြတွေရှိ စက်မှုဇုန်များမှ အသေးစားလုပ်ငန်းများအတွက်လည်း မှီခိုအားထားရာဖြစ်နေပါတယ်။ သို့ပေမယ့်လည်း ပြည်တွင်းဖြစ် စပါးခွံသုံး Gasifier တွေရဲ့ အားနည်းချက်တွေကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေရဲ့ သတိပေးခေါင်းလောင်းသံက တစ်စတစ်စ ကျယ်လောင်လာပါတယ်။

➲ ဆက်လက်ဖော်ပြပါမည်



# ၂၀၁၆ခုနှစ် နှစ်စသည် အိမ်ခြံမြေဈေးများအား ထိန်းချုပ်ရန် အချိန်ကောင်းဖြစ်သည်ဟု ဆို

မြန်မာနိုင်ငံ၏အိမ်ခြံမြေဈေးနှုန်းများမှာ အခြားသော အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်မည်ဆိုလျှင် မြင့်မားလွန်းသည့်အခြေအနေတွင် တည်ရှိနေပါသည်။ ပြည်တွင်းအိမ်ခြံမြေဈေးကွက်အား ပိုမိုဖွံ့ဖြိုးစေရန်နှင့် နိုင်ငံတကာမှ အိမ်၊ ခြံ၊ မြေဝယ်လိုအားများနှင့် ရင်းနှီးမြှုပ်နှံလိုသူများ၏ စိတ်ဝင်စားမှုများ ရရှိလိုပါက မြန်မာနိုင်ငံအိမ်ခြံမြေဈေးအား ပြောင်းလဲသင့်နေပြီဖြစ်သည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)ကို ပြောင်းလဲကျင့်သုံးရန်မှာလည်း နီးကပ်လျက်ရှိနေပြီဖြစ်ပြီး အစိုးရသစ်ဖွဲ့စည်းရန်မှာလည်း မဝေးလှတော့သည့်အတွက် ၂၀၁၆ခုနှစ်အစမှာ အလွန်မြင့်တက်နေသည့် မြန်မာနိုင်ငံ အိမ်ခြံမြေဈေးနှုန်းကို ထိန်းချုပ်ရန် အချိန်ကောင်းဖြစ်သည်ဟု မြန်မာ့အွန်လိုင်းအိမ်ခြံမြေဝန်ဆောင်မှုဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် House.com.mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံ၌ ယခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုများ ဆက်တိုက်မြင့်တက်လျက်ရှိသည်။ ငွေကြေးဖောင်းပွ မှုများကြောင့်ဖြစ်ပေါ်ခဲ့သော ကျပ်ငွေဈေးကျဆင်းမှုများကိုထိန်းချုပ်ထားနိုင်ရန်အတွက် ပြည်သူအများစုမှာ အခြားသော ရင်းနှီးမြှုပ်နှံမှုများထက် အိမ်၊ ခြံ၊ မြေများတွင် အလုံးအရင်းဖြင့် ရင်းနှီးမြှုပ်နှံကြသည်။ ယင်းကဲ့သို့ ဝယ်လိုအား များမြင့်တက်လာခြင်းကြောင့် အိမ်ခြံမြေ ဈေးနှုန်းများမြင့်တက်ခဲ့ကြသည်။

ယခုလက်ရှိအခြေအနေတွင်မူ ယခင်ကထက် ဝယ်လိုအားများ အနည်းငယ်ကျဆင်းသွားသော်လည်း အိမ်၊ ခြံ၊ မြေဝယ်ဈေးများမှာ ကျဆင်းခြင်းမရှိသေးပေ။အိမ်ခြံမြေလုပ်ငန်း ကျွမ်းကျင်သူများ၏ခန့်မှန်းချက်များအရ ဝယ်လိုအားအပြောင်းအလဲမရှိဘဲ ယခုအတိုင်း ဆက်လက်သွားနေမည်ဆိုပါ က ဆက်လက်မြင့်တက်ရန်မရှိဘဲ ဈေးငြိမ်သွားနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပွင့်လင်းမြင်သာ မှုမှာ အဓိကအရေးကြီးသည့် အနေအထားတွင်ရှိနေသည်။ အိမ်၊ ခြံ၊ မြေ ဈေးနှုန်းများကို ထင်သာမြင်သာအောင် ပြုလုပ်ပေးနိုင်သည့် ဈေးကွက်နေရာမရှိခြင်းသည်လည်း ဈေးနှုန်းပြိုင်ဆိုင်မှုမရှိခြင်းကို ဖြစ်ပေါ်စေပြီး ဈေးကစားသူများအတွက် အခွင့်အရေး တစ်ရပ်ဖြစ်နေသည်။

သို့သော်လည်း ယခုနှစ်များတွင်မူ အွန်လိုင်းပလက်ဖောင်းများဖြစ်သည့် House.com.mm ကဲ့သို့သော အွန်လိုင်းပလက်ဖောင်းများ တိုးပွားလာခြင်းမှာဈေးကွက်ကို ထင်သာမြင်သာရှိစေပြီး အိမ်ရှာဖွေသူများနှင့် အိမ်ရောင်းလိုသူများအတွက် ဈေးနှုန်းများကအစ မြင်နိုင်နေသည့်အတွက် ဈေးကွက်၏ အခြေခံဈေးများကို အလွယ်တကူသိရှိနိုင်ပြီး ဈေးကစားခြင်းများအား သက်သာစေနိုင်မည် ဖြစ်သည်။

ဈေးနှုန်းပြိုင်ဆိုင်မှုများလည်း ပေါ်ပေါက်လာနိုင်ပြီး ယင်းအပြိုင်အဆိုင်များကြောင့်ပင် ဈေးနှုန်းအထိန်းအကွပ် များရှိလာနိုင်မည်။ ပိုမိုသာလွန်သော ဈေးနှုန်းကို ရရှိလိုပါက ရရှိလိုသော ဈေးနှုန်းများကိုပြောနေမည့်အစား ပိုမိုကောင်းမွန်သောအိမ်အဖြစ်ပြုပြင် ဖန်တီးခြင်းအစရှိသည့် အရည်သွေးကောင်းများလည်း ထွက်ပေါ်လာနိုင်မည်ဖြစ်သည်။

ဈေးကွက်ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍House.com.mm ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Mr. Balaji Ramaswami က“အစိုးရသစ်လည်းတက်လာတော့မယ်။အိမ်ခြံမြေလုပ်ငန်းတွေကိုလည်း အွန်လိုင်းအနေနဲ့ ပိုမိုလုပ်ကိုင်လာတာတွေရှိလာတာကြောင့် ဈေးကွက်ကတော့ အရင်ထက် စာရင်ပိုပြီးပွင့်လင်းလာတာကို တွေ့ရပါတယ်။ နောက်နှစ်မှာဆိုရင် အိမ်ခြံမြေ ကို အွန်လိုင်းကနေ ရှာဖွေမှုနှုန်းဟာ ၃၀၀ ရာခိုင်နှုန်းပိုမိုများပြားလာလိမ့် မယ်လို့လည်း မျှော်လင့်ရပါတယ်။ အိမ်၊ ခြံ၊ မြေဈေးကွက်ဟာလည်း တဖြည်းဖြည်းကြီးထွားလာပြီ။ ပြီးတော့ကန့်သတ်ချက်တွေ၊ ဥပဒေတွေကိုပိုမို ကောင်းမွန်တဲ့ အနေအထားတွေနဲ့ ပြောင်းလဲနိုင်တာတွေကိုမြင်နေရတာတွေကြောင့်လည်း မြန်မာနိုင်ငံရဲ့အိမ်ခြံမြေဈေးကွက်ကိုနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဟာ တော်တော်စိတ်ဝင်စားလာကြတာကို တွေ့နေရပါတယ်။ ဒီအတွက်ကြောင့်လည်း ပိုမိုကောင်းမွန်ပြီးဈေးနှုန်းယှဉ်ပြိုင်မှုတွေကြောင့် နိုင်ငံရဲ့အိမ်ခြံမြေဈေးတွေငြိမ်လာမယ်လို့လည်း ယူဆနိုင်ပါတယ်။ မဝေးတော့တဲ့အနာဂတ်မှာ မြန်မာနိုင်ငံရဲ့အိမ်ခြံမြေ ဈေးကွက်ကနေ ဈေးနှုန်းသင့်တင့်တဲ့ အိမ်ခြံမြေတွေနဲ့ အရည်အသွေးကောင်းမွန်တဲ့ ဗိမ်ခံအဆောက်အဦးတွေလည်း ထွက်ပေါ်လာမယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်”ဟု ပြောကြားသည်။

**မယ်သီတာ**

## အိမ်ခြံမြေကလ္လာ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ မင်းလမ်း | ၆၅၀ စ/ပေ | အခန်းဖွဲ့ (၄) လွှာ | ၂ သိန်း | ၁လအငှားနှုန်း | ၀၉/၂၅၃၈၂၈၂၀၂ |
| ၂။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ မိုးမခလမ်း | ၇၅၀ စ/ပေ | အခန်းဖွဲ့(၅) လွှာ | ၄၃၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၃။ | ကွန်ဒို | ဒဂုံမြို့နယ်၊ ပန်တျာလမ်း | ၁၅၀၀ စ/ပေ | အဆင့်မြင့်ပြင်ဆင် | ၃၅၀၀ သိန်း | အသင့်နေ | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့် မြို့နယ်၊ ဖဆပလအိမ်ရာ၊ (၃) လွှာ | (၁၃×၄၅) ပေ | အခန်းဖွဲ့၊ လျှာထိုးခင်း | ၈၅၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၈၉ |
| ၅။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့် မြို့နယ်၊ မန္တလေးလမ်း | ၆၅၀ စ/ပေ | (၆)လွှာ၊ အခန်းဖွဲ့ | ၂၇၅ သိန်း | ပြင်ဆင်အသင့်နေ | ၀၉/၂၅၀/၃၇၆၃၈၉ |
| ၆။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း (၁၄/၂) ရပ်ကွက် | ၁၅၀၀ စ/ပေ | BN (၁)ထပ်၊ အသင့်နေ | ၂၃၅၀ သိန်း | မြေပိုပါ ရပ်ကွက်၊လမ်းသန့် | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | ကွန်ဒို | မင်္ဂလာတောင်ညွန့်မြို့နယ်၊မြန်မာ့ဂုဏ်ရည်ကွန်ဒို | ၁၀၅၀ စ/ပေ | အဆင့်မြင့်ပြင်ပြီး | ၃၅၀၀ သိန်း | အသင့်နေ | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | အိမ်/မြေ | သာကေတမြို့နယ်၊ (၅) ရပ်ကွက် | ၁၆၅၀ စ/ပေ | BN (၂)ထပ် | ၁၅၀၀ သိန်း | | ၀၉/၂၅၃၈၂၈၂၀၂ |
| ၉။ | အိမ်/မြေ | ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းရပ်ကွက် | ၃၆၀၀ စ/ပေ | RC (၁)ထပ် | ၁၅၀၀ သိန်း | | ၀၉/၂၅၃၈၂၈၂၀၂ |

# တိုယိုတာက All New Land Cruiser 200 ကို မြန်မာပြည်တွင် စတင်မိတ်ဆက်

တိုယိုတာကားကုမ္ပဏီသည် မြန်မာပြည်ကားဈေးကွက်အတွင်းသို့ All New Land Cruiser 200 ကို စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း တိုယိုတာ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ Toyota Land Cruiser 200 သည် ခေတ်မီပြီး အကြမ်းခံသော ကားအပြင်ပိုင်းဒီဇိုင်းသစ်ဖြင့် ဖွဲ့စည်းထားပြီး ဆဋ္ဌဂံပုံ သံဇန်းကွန်ရက်ပါဝင်ကာ ရှေ့မီးသီးကြီးများမှာ LED မီးသီးကြီးများဖြင့် ဖန်တီးထားပြီး သတ္တုစပ် ကားကိုယ်ထည်များဖြင့် ထုတ်လုပ်ထားကြောင်း သိရသည်။

ပြိုင်ဘက်မဲ့ 4WD တို့၏ဘုရင်အမည်ဖြင့် ပိုမိုခေတ်မီဆန်းပြားသော ရှေ့ပြေးပုံစံနှင့် All New Land Cruiser 200 ကို ဒီဇင်ဘာလ ၂၂ ရက်က စတင်မိတ်ဆက်လိုက်ခြင်းဖြစ်သည်။

အဆိုပါ All New Land Crusier 200 သည် လမ်းမျက်နှာပြင်မျိုးစုံတွင် ကောင်းစွာမောင်းနှင်နိုင်ရန် ထိန်းချုပ်ကင်မရာများ၊ တောက်ပသော LED မီးသီးသုံးဝင်ပေါက်စနစ်အစရှိသည့် များပြားလှစွာသော လွယ်ကူသည့်စနစ်များကို အသုံးပြုထားသည့်အပြင် ဗိမ်ခံနိုင်သည့် လုပ်ဆောင်ချက်အသစ်များကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။

၎င်းလုပ်ဆောင်ချက်တို့၏ အားဖြည့်မှုများကြောင့် ပြိုင်ဘက်မဲ့ “4WD တို့၏ဘုရင်”အား အာမခံသက်တမ်းကို သုံးနှစ် (သို့မဟုတ်)ကီလိုတစ်သောင်း ဖြင့်အာမခံပေးထားကြောင်း သိရသည်။

လမ်းကြမ်းများနှင့်လမ်းမကြီးများပေါ်တွင် ခြားနားမှုမရှိဘဲ ကားကို တည်ငြိမ်စွာဖြင့်မောင်းနှင်နိုင်ပြီး အများနှင့် မတူသည့် စွမ်းဆောင်ချက်များကြောင့် LC 200 သည် ကမ္ဘာတစ်ဝန်းရှိ 4WD တို့၏ဘုရင်ဟူသည့် အမည်နာမကိုပိုင်ဆိုင်ထားခြင်းဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း ၆၀အတွင်းက တစ်ကမ္ဘာလုံးတွင် Land Cruiser ကားများကို ၇ ဒသမ ၅သန်းကျော်သော သုံးစွဲသူများက နှစ်ခြိုက်စွာ ဝယ်ယူအားပေးခဲ့ကြကြောင်း၊ သုံးစွဲသူတို့၏ ပြောင်းလဲလာသောလူနေမှုပုံစံအကြိုက်ကို မူတည်၍ တိုယိုတာက New Land Cruiser 200 ကို မိတ်ဆက်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

New Land Cruiser 200 ၏ လက်ရှိ ကားအပြင်ပိုင်းအရောင်များဖြစ်သည့် (Super White2, White Pearl Crystal Shine, Silver Metallic, Grey Metallic, Black, Attitude Black Mica, Dark Red Mica Metallic and Beige Mica Metallic) များအပြင် ကားအပြင်ပိုင်း အရောင်သစ်နှစ်မျိုး Copper Brown Mica နှင့် Dark Blue Mica တို့ကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။ အမေရိကန် ဒေါ်လာ ၁၅၂၀၀၀ဖြင့် New Land Cruiser 200 ကို ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**



## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၂၃ သိန်း | 1.5 ဓာတ်ဆီ |
| ၂။ | ဖွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၃၂ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | ဘယ်(လ်)တာ (၂၀၁၀) | ယာယီ | ၁၄၈ သိန်း | 1.3 ဓာတ်ဆီ |
| ၄။ | မတ်(ခ်)တူး (၂၀၀၃) | ယာယီ | ၂၀၂ သိန်း | 2.0 ဓာတ်ဆီ |
| ၅။ | နီဆန်း (နတ်) (၂၀၁၃) | ယာယီ | ၁၅၀ သိန်း | 1.2 ဓာတ်ဆီ |
| ၆။ | ကလူဂျာ (၂၀၀၃) | ယာယီ | ၂၇၅ သိန်း | 2.4 ဓာတ်ဆီ |
| ၇။ | တိုယိုတာ(ဗု၅်) (၂၀၀၃) | ယာယီ | ၁၇၅ သိန်း | 1.8 ဓာတ်ဆီ |
| ၈။ | ကာလ်ဒီးနား (၂၀၀၃) | ယာယီ | ၁၈၅ သိန်း | 2.0 ဓာတ်ဆီ |
| ၉။ | ခရောင်းဆလွန်း (၂၀၀၃) | ယာယီ | ၂၂၅ သိန်း | 2.5 ဓာတ်ဆီ |

# ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် မူဘောင်ချမှတ်ခြင်းနှင့် အစီအစဉ် ရေးဆွဲရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပပြုလုပ်

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ အစီအစဉ်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနဲ့ စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ပုဂ္ဂလိက စီးပွားရေးအသင်းအဖွဲ့များနဲ့ Asian Development Bank (ADB) တို့ပူးပေါင်းပါဝင်သော ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဘောင်များ ချမှတ်ခြင်းနဲ့ အစီအစဉ်များရေးဆွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၃ ရက် နံနက် ၀၉း၃၀ နာရီက UMFCCI ရှိ တတိယထပ် အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

အစည်းအဝေးသို့ ကုမ္ပဏီများ မှတ်ပုံတင်ခြင်းနဲ့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး နဲ့တာဝန်ရှိသူများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ Asian Development Bank မှ Principle Country Specialist Mr.Peter J.Brimble , MBI - Asian Development Bank မှ Myanmar Country Manager ဦးတင်ထွန်းဝင်း၊ UMFCCI မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနဲ့ ပုဂ္ဂလိက အသင်းအဖွဲ့များမှ တက်ရောက်ခဲ့ကြပါတယ်။

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးရဲ့ အဓိက လုပ်ဆောင်ချက်ကတော့ တည်ဆဲ ဥပဒေ ၊ အမြင်၊ မူဝါဒများကို ပြုပြင်ဖို့နဲ့ စဉ်းစားတွေးခေါ်ခြင်းများ၊ နိုင်ငံတကာနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းများကို သင်ကြားပေးခြင်းများ ပြုလုပ်ပေးမှာ ဖြစ်ပါတယ်။ အဓိက လုပ်ဆောင်မယ့် အချက်ငါးချက်ကတော့ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများကိုတိုးတက်အောင် လုပ်ရန်၊ ငွေရေးကြေးရေး၊ ရန်ပုံငွေကိစ္စအတွက် ဆောင်ရွက်ရန်၊ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စဖွံ့ဖြိုးတိုးတက်စေရန်၊ ပုဂ္ဂလိက ကဏ္ဍအတွက် အဓိက State Own Enterprise and Private Public Partnership (SOE and P P P) ကဏ္ဍဆောင်ရွက်ရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် တို့အတွက် ဖြစ်ပါတယ်။

ဖော်ပြပါ အချက်များကို တစ်ချက်ချင်းစီ အသေးစိတ်ဆွေးနွေးမှုများ ပြုလုပ်ပြီး တက်ရောက်လာသူများကလည်း လက်ရှိဖြစ်ပေါ် နေတဲ့ အခက်အခဲများကို ဖြေရှင်းရန် နည်းလမ်းများကိုအကြံပြုဆွေးနွေးခဲ့ကြတယ်လို့သတင်းရရှိပါတယ်။ အလားတူ ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၁ ရက်က မန္တလေးမြို့မှာ ကျင်းပခဲ့တယ်လို့လည်းသိရပြီး ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

# ပုသိမ်မြို့တွင် EDNA Myanmar Enterprise Development ၏ လုပ်ငန်း ဖွံ့ဖြိုးမှုမြှင့်တင်ရေး အခမ်းအနားကျင်းပပြုလုပ်




ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ မဟာဗန္ဓုလလမ်း၊ ဆရာဝန်အသင်းခန်းမတွင် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်က ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် EDNA Myanmar Enterprise Development မှ အောင်မြင်နေသော စီးပွားရေးလုပ်ငန်းရှင်များ၏ အတွေ့အကြုံရှင်းလင်းရေး ဆွေးနွေးပွဲကို စတုတ္ထအကြိမ်မြောက် ကျင်းပပြုလုပ်ရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ စည်ပင်သာယာမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေအောင်နှင့် EDNA Myanmar မှ သင်တန်းဆရာ၊ ဆရာမများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ သင်တန်းသူ သင်တန်းသားများ၊ ပုသိမ်၊ ငပုတော၊ ကန်ကြီးထောင့်၊ ရေကြည်မြို့နယ်များမှ သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

၎င်းအခမ်းအနားတွင် စီးပွားရေးလုပ်ငန်းရှင်များက EDNA Myanmar သင်တန်းတက်ရောက်ရခြင်းဖြင့် ရရှိလာသော အကျိုးကျေးဇူးများကို လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချခြင်းဖြင့် ရရှိလာသော စီးပွားရေး အခွင့်အလမ်းများနှင့် ဆက်စပ်၍ ရေကြည်မြို့နယ်ရှိဖရဲလုပ်ငန်းရှင် ဒေါ်မြင့်မြင့်ဝင်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်းရှင် ဦးမျိုးမင်းနောင်တို့က မိမိတို့ လုပ်ငန်း အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး သင်တန်းပြီးဆုံးသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

# မြောင်းမြ ဆန်စပါးကုန်စည်ဒိုင်ဖွဲ့စည်းခြင်း အခမ်းအနားကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့ "မြောင်းမြ ဆန်စပါးကုန်စည်ဒိုင်" ဖွဲ့စည်းခြင်း အခမ်းအနားကို မြို့နယ်ဆန်စက်ပိုင်ရှင်များ အသင်းရုံးတွင် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် နံနက် ၁၀း၀၀ နာရီက ကျင်းပခဲ့ပါတယ်။

အဆိုပါ အခမ်းအနားတွင် မြောင်းမြခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး၊ ကုန်စည်ဒိုင် ဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်၊ ကုန်စည်ဒိုင်၏ အကျိုးကျေးဇူးများ၊ စည်းမျဉ်းစည်းကမ်းများ၊ သင်းဖွဲ့စည်းမျဉ်းများရဲ့အလုပ်အမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်ပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး မြောင်းမြဆန်စပါးကုန်စည်ဒိုင်ကို နာယက သုံးဦး၊ အလုပ်အမှုဆောင် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြောင်းမြဆန်စပါးကုန်စည်ဒိုင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဦးကိုကိုနိုင်က မိတ်ဆက်စကားပြောကြားပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ညီညီညွတ်ညွတ် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

**လှထွန်းဦး - မြောင်းမြ**

# ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတွင် Mobile Training သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ သင်တန်းခန်းမတွင် Mobile Training သင်တန်းကို ဒီဇင်ဘာလ ၂၁ ရက်မှ ၂၃ ရက်ထိ ဖွင့်လှစ်သင်ကြားခဲ့ရာ ပုသိမ်ခရိုင်မှ ဝန်ထမ်းများ၊ ဟသ်ာတခရိုင်နဲ့ မြောင်းမြခရိုင်မှ ဝန်ထမ်းများ စုစုပေါင်း ၁၂၃ ဦး တက်ရောက်ခဲ့ပါတယ်။

၎င်းသင်တန်းတွင် သင်တန်းဆရာ၊ ဆရာမများက စားသုံးသူအကာအကွယ်ပေးရေး၊ ကုန်သွယ်မှုနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်းရေးဆွဲခြင်းနှင့် စာရင်းဇယား များပြုစုရေးဆွဲခြင်း၊ ပို့ကုန်၊ သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပြောင်းလဲ ဆောင်ရွက်ပေးမှုများ၊ ကုန်သွယ်မှုဆိုင်ရာ ဥပဒေများအကြောင်း၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများအကြောင်း၊ ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းစဉ်များ၊ အမျိုးသားပို့ကုန်မဟာဗျူဟာများအကြောင်း၊ Myantrade Project များ အကြောင်း၊ Myanmar Trade Center နှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ပြီး ဒီဇင်ဘာလ ၂၃ ရက်တွင် သင်တန်း ဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

၂၈-၁၂-၂၀၁၅ မှ ၃-၁-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



တနင်္ဂနွေသားသမီးများအတွက် စွန့်စား၍လုပ်ကိုင်ဆောင်ရွက်ရသောလုပ်ငန်းတို့သည် တည်ငြိမ်အေးဆေးမှုမရှိသော်လည်း အခြေအနေနှင့်အချိန်အခါကိုကြည့်၍လုပ်ကိုင်ဆောင်ရွက်ရတတ်ပါသည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံစားသောက်ကုန်ပစ္စည်းများကောင်းမွန်တတ်ပါသည်။ မိတ်ဆွေကောင်းတို့၏ ကူညီခြင်းကြောင့် အချစ်ရေးကောင်းပါသည်။ ချစ်သူဘဝမှမကြာခင် အိမ်ထောင်သည်ဘဝသို့ရောက်ရတတ်ပါသည်။ ကျန်းမာရေး အနေဖြင့် ပြင်းပြင်းထန်ထန်ခံစားရတတ်သော ရောဂါဝေဒနာမရှိတတ်သော်လည်း လေထိုး၊ လေအောင့်အစာအိမ်ရောဂါနှင့် ပတ်သက်ပြီး သတိထားသင့်ပါသည်။

**ယတြာ။ ။ဘုရားတွင်ရွှေသင်္ကန်းကပ်လှူ၍ လိုရာဆုတောင်းပါ။**



**တနင်္လာသားသမီးများအတွက်** ရောက်လေအရာအရပ်တွင် ပျော်အောင်နေပြီးဖြစ်ရာ ဘဝတွင် အဆင်ပြေအောင်ကြိုးစားနေရတတ်ပါသည်။ စီးပွားရေးတွင် အလှကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအကျိုး ပေးပါသည်။ ငွေနှင့်ရင်းနှီးနေတတ်ပါသည်။ ချစ်သူခင်သူပေါ်များသော်လည်း မိမိ၏ ချစ်သူအပေါ်တွင် အလွန်စွဲလမ်းစွာဖြင့် ချစ်ခင် တတ်ပါသည်။ အိမ်ထောင်ရှင်ဖြစ်လျှင် မိသားစုအရေးဦးစားပေးနေရတတ်ပါသည်။ ကျန်းမာရေးတွင် ခါးနာခါးကိုက် အဆစ်အမြစ်နာကျင်သောဝေဒနာများခံစားရတတ်ပါ သည်။

**ယတြာ။ ။ဘုရားမျက်နှာကျက်လှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** အဆင်ပြေချောမွေ့၍ ကံကောင်းနေသောအချိန်တွင်မိမိထံအကူအညီတောင်းခံမည့်သူများရောက်လာတတ်ပါသည်။ လယ်ယာသုံးပစ္စည်းများ မြေတူးစက်၊ မြေညှိစက်၊ ယာဉ်ကား ရောင်းဝယ်ရေး၊ စက်မှုလုပ်ငန်းများ အကျိုးပေးနေတတ်ပါသည်။ အချစ်ရေးတွင်ရွေးချယ်ရခက်နေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အပူလွန်ကဲမှုတို့ကြောင့်ဖြစ်တတ်သောအဖျားနာရောဂါ ဆီးနှင့်ပတ်သက်သောရောဂါ၊ ကျောက်ကပ်နှင့်ပတ်သက်သော ရောဂါစသည်တို့ သတိပြုသင့်ပါသည်။

**ယတြာ။ ။သံဃာတော်များကို ဆွမ်းဆန်စိမ်းလောင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မိဘဆရာသမားများ၏ အကြံဉာဏ်အတွေးအခေါ်နှင့် နည်းပညာသစ်များပေါင်းစပ်၍ကြိုးစားဆောင်ရွက်မှုတို့ကြောင့် စီးပွားရေးလုပ်ငန်းတို့ အောင်မြင်တိုးတက်မှုရရှိလာတတ်ပါသည်။ ဓာတ်သတ္တုပစ္စည်းများ၊ ကျောက်မျက် ရတနာပစ္စည်းများနှင့် အကျိုးပေးတတ်ပါသည်။ အချစ်ရေးတွင် မိမိနှင့် စိတ်တူသဘော တူချစ်သူဖြစ်တတ်ပါသည်။ ကျန်းမာရေးတွင် အဆုတ်အားနည်းခြင်း၊ အသက်ရှူပြွန် ရောင်ခြင်းရောဂါဝေဒနာတို့ကို သတိထားသင့်ပါသည်။

**ယတြာ။ ။သံဃာတော် ဘိနပ်တစ်ရံလှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** ပတ်ဝန်းကျင်အသိုင်းအဝိုင်းပုဂ္ဂိုလ်များက သူတို့ အကျိုးစီးပွားအတွက်ခုတုံးလုပ်အမြတ်ထုတ်၍သွားတတ်သည်။ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် သစ်တောထွက်ပစ္စည်းများ အကျိုးပေးတတ်ပါသည်။ အချစ်ရေးတွင် ကျောင်းနေဘက်သူငယ်ချင်းတို့၊ ချစ်သူဟောင်းတို့နှင့် ပြန်လည်ဆုံဆည်းတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အရိုးအဆစ်ထုံကျင်ကိုက်ခဲခြင်းဝေဒနာ ဖြစ်တတ်ပါသည်။

**ယတြာ။ ။ဘုရား၏ ခြေဖဝါးကိုရွှေချ၍ လိုရာဆုတောင်းပါ။**



**သောကြာသားသမီးများအတွက်** ကြည်နူးရွှင်ပြဖွယ်ပျော်ရွှင်စရာများကြုံနေရတတ်ပါ သည်။ စီးပွားရေးလုပ်ငန်းတို့ အောင်မြင်တိုးတက်မှုရှိလာတတ်ပါ သည်။ ဝါဂွမ်းပိုးထည်ချည်ထည်လုပ်ငန်းများ၊အကျိုးဆောင်လုပ်ငန်းများကြိုးစားလုပ်ဆောင်နေရတတ်ပါသည်။ ဟိုတယ်မိုတယ်လုပ်ငန်းများအကျိုးပေးပါသည်။ အချစ်ရေးတွင် ရတာမလို လိုတာမရစိတ်တိုင်းမကျမှုများနှင့် အချစ်ရေးတွင် ရွေးချယ်ရခက်နေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ခရီးဝေးသွားမိ၍ ရေပြောင်းမြေပြောင်းခြင်းကြောင့်ဖြစ်တတ်သော အဖျားရောဂါ၊ အစာအိမ်အချဉ်ပေါက်ရောဂါ သတိပြုပါ။

**ယတြာ။ ။ဘုရား၏ ဝမ်းဗိုက်တွင်ရွှေချ၍ လိုရာဆုတောင်းပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းတိုးတက်မှုအားကောင်းလာတတ်ပါသည်။ ဦးဆောင်မှုအပင်ပန်းခံမှုများကြောင့် ဝင်ငွေအားကောင်းလာလိမ့်မည်။ ရေနံရောင်းဝယ်ရေးလုပ်ငန်းအထူးအကျိုးပေးအားကောင်းနေတတ်ပါသည်။ လူမှုရေးတွင် အဆင်ပြေမှုနည်းသော် လည်းအသိုင်းအဝိုင်းအဖွဲ့အစည်းကြောင့် အဆင်ပြေချောမွေ့မှုရှိလာတတ်ပါသည်။ အချစ်ရေးတွင် နှစ်ဖက်မိဘကမ်းလှမ်းမှုရှိလာလိမ့်မည်။ ကျန်းမာရေးအနေဖြင့် သွေးတိုး၊ ဆီးချိုဝေဒနာခံစားရမှုရှိတတ်ပါသည်။ အနေအစားဆင်ခြင်သင့်သောကာလ ဖြစ်သည်။

**ယတြာ။ ။ဘုရားရင်ပြင်အတွင်း သန့်ရှင်းရေးပြုလုပ်ပြီး လိုရာဆုတောင်းပါ။**

# ဆန်တန်ချိန် လေးသောင်းကျော်တင်ပို့

နိုဝင်ဘာလ ၁၂ ရက်မှ ၁၈ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာ ၁၃ ဒသမ၇၁၈ သန်းဖိုးရှိဆန် ၃၇၃၇၀ တန်ကို မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်စခန်းမှ တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်မှ ငစိန်ဆန် ၂၃၉၀၂ တန်နဲ့ ဧည့်မထဆန် ၇၂၂၈ တန်တင်ပို့ခဲ့ပြီး လွယ်ဂျယ်စခန်းမှ ငစိန်ဆန် တန် ၆၂၄၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၈၉၈၇ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ဆန်သာမက ကန်ဒေါ်လာ ၁ ဒသမ ၅၄၂ သန်းဖိုးရှိ ဆန်ကွဲ ၄၇၀၂ တန်ကိုလည်း မူဆယ်မှ တင်ပို့ခဲ့ပါတယ်။

ဆန်ကွဲတင်ပို့မှု ကလည်း ၂၃၆ တန်ပိုမိုခဲ့ပါတယ်။ ပင်လယ်ရေကြောင်း တင်ပို့မှုမှ ဒီဇင်ဘာလ ၁၃ ရက်မှ ၁၉ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၅၁၉ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၄၃၄၈ တန် တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုတွေကတော့ တရုတ်နိုင်ငံသို့ ဧည့်မထဆန်တန် ၁၅၀၀ နဲ့ ငစိန်ဆန် တန် ၅၀၀၊ အီးယူနိုင်ငံများသို့ ငစိန်ဆန် ၅၉၈ တန်နဲ့ ဧည့်မထဆန် ၁၁၂၅ တန်နဲ့ ပေါင်းဆန် ၆၂၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၁၇၂၆ တန်ပိုမိုခဲ့ပါတယ်။

ဆန်ကွဲကိုတော့ ၁၃၇၅ တန်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၃၇၁ သန်းဖိုး တင်ပို့ခဲ့ပါတယ်။ စင်ကာပူနိုင်ငံသို့ ဆန်ကွဲ တန်၂၀၀ နဲ့ ဘူလ်ဂေးရီးယားနိုင်ငံသို့ ၁၁၇၅ တန်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်ထက် ၂၇၉ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဆန်ရော ဆန်ကွဲပါ ပိုမိုခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# ပဲငွေ့ငယ် (ငွေ့ငယ်ယဉ်) ဈေးကောင်းရလို့ အခင်းရှင်များ စိုက်ပျိုးလာ

အင်းတော်မြို့နယ်မှာ ပဲငွေ့ငယ် (ငွေ့ငယ်ယဉ်) အဆန်တစ်ပြည် ၇၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ် ရှိနေပါတယ်။ ပဲငွေ့ငယ် (ငွေ့ငယ်ယဉ်) အခင်းပိုင်ရှင် လယ်ပြင်ကျေးရွာမှ ဦးစံဝင်းက "မနှစ်ကတော့ ဈေးဒီလောက် ရှိမှန်းမသိဘူး၊ ဆေးဖော်ရအောင်ဆိုပြီး တစ်စင်ထဲစိုက်ထားတယ်၊ မန္တလေးက တရုတ်ကုန်သည်လာပြီး ရသလောက် တစ်ပြည် ၇၀၀၀ ကျပ်ဈေးနဲ့ အကုန်သိမ်းသွားတာ ဆယ်ပြည်ရောင်းရတယ်။ အခုလည်း ထွက်သမျှလာဝယ်မယ်၊ တစ်တင်း တစ်သိန်းပေးမယ်ဆိုပြီး စုခိုင်းထားပါတယ်။ စရန်ငွေလည်း ငါးသောင်း ပေးသွားတယ်။ ဒါကြောင့် အဘ အခင်းထဲမှ စင်ထောင်စိုက်ထားပါတယ်၊ စိုက်ထားကြတဲ့သူများရှိရင်လည်း လမ်းညွှန်ပေးလိုက်မယ်လို့ " ပြောပြပါတယ်။

ပဲငွေ့ငယ် (ငွေ့ငယ်ယဉ်) ကို ဆေးဘက်ဝင်သီးနှံအဖြစ် အသုံးပြုကြောင်း သိရပါတယ်။ ဈေးကွက် ဝယ်လိုအားရှိတဲ့အတွက် မိသားစု ဝင်ငွေပိုမိုရရှိအောင် စိုက်ပျိုးရလွယ်ကူပြီး ဈေးကောင်းရတဲ့ ပဲငွေ့ငယ် (ငွေ့ငယ်ယဉ်) ကို တစ်ပိုင်တစ်နိုင်မှ ဥယျာဉ်ခြံကြီးများဖြင့် စိုက်ပျိုးသင့်ကြောင်း သတင်းကောင်း ပေးလိုက်ပါတယ်။

**ကြည်နိုင်ဦး - အင်းတော်**

# မုံရွာမြို့နယ် ဘော်ကာကျေးရွာမှာ မြေပဲနုတ်စက်ကိရိယာနဲ့ လက်တွေ့နုတ်သိမ်းခြင်း ကွင်းဆင်းပြသ

မုံရွာခရိုင် မုံရွာမြို့နယ်၊ ကျောင်းကုန်းကျေးရွာအုပ်စု ဘော်ကာကျေးရွာမှာ မြေပဲနုတ်စက်ကိရိယာနဲ့ မြေပဲနုတ်သိမ်းခြင်း တောင်သူကွင်းပြသပွဲကို ယခုလ ၁၁ ရက်နေ့က အဆိုပါကျေးရွာမှာ ကွင်းအမှတ် ၃၄၅ ရှိ တောင်သူ ဦးဝင်းကြွေနဲ့ ဦးမြင့်အောင်တို့ရဲ့ မြေပဲစိုက်ခင်းများမှာ လက်တွေ့ပြသခဲ့ရာ ဘော်ကာကျေးရွာ အနီးအနားရှိ ကျေးရွာများမှ မြေပဲစိုက်တောင်သူတွေ လာရောက်လေ့လာကြည့်ရှုကြတယ်လို့ သိရပါတယ်။

မုံရွာမြို့နယ်မှာ မိုးဆောင်းမြေပဲစိုက်ဧက ၇၀၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး၊ အဆိုပါ ဘော်ကာကျေးရွာမှာ ယခုနှစ်မိုးမြေပဲစိုက်ပျိုးရာသီတွင် မင်းတောင် (ဆင်းပဒေသာ -၁၁) နှင့် ပင်ပြန့် (ဒေသမျိုး) နှစ်မျိုးဖြင့် ဧက ၃၇၀ ခန့် စိုက်ပျိုးခဲ့တယ်လို့သိရပါတယ်။ မြေပဲနုတ်သိမ်းရာမှာ တောင်သူများ နွားထွန် (၈-၁၀) ကြိမ်ထွန်ယက်ပြီး လက်ဖြင့် လိုက်လံကောက်ယူ နုတ်သိမ်းလေ့ရှိလို့ အချိန်နဲ့ လုပ်အားခများစွာကုန်ကျမှုရှိနိုင်သလို ယခုလိုစက်ဖြင့် နုတ်သိမ်းရာမှာတစ်ဧကနုတ်သိမ်းချိန် တစ်နာရီခန့်သာ ကြာမြင့်ပြီး နွားထွန်နဲ့ နုတ်သိမ်းခထက်များစွာ သက်သာကာ တစ်ဧက ကျပ် ၂၀၀၀၀ သာ ကုန်ကျတယ်လို့ သိရပါတယ်။

မုံရွာမြို့နယ် စက်မှုလယ်ယာဦးစီးမှူးက မြေပဲနုတ်သိမ်းစက်ငှားရမ်းနိုင်မှုအခြေအနေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးကလည်း သက်တမ်းကြာရှည်ပြီး နုတ်သိမ်းရန် ခက်ခဲတဲ့ ပင်ပြန့်မျိုးများအစားအထွက်နှုန်းကောင်းတဲ့ ပင်ထောင် (ဆင်းပဒေသာ -၁၀ ) မျိုးများဖြင့် မြေပဲစိုက်ဧရိယာများတွင် အစားထိုးပြောင်းလဲစိုက်ပျိုးရန် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး လာမည့်နှစ်မှာ မျိုးရရှိရေးကူညီပေးမယ့် အခြေအနေများကို တောင်သူများအားရှင်းလင်းဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

**ထွန်းလှိုင် - မုံရွာ**

# ရွှေဘိုပေါ်ဆန်းမွှေးသစ် ဈေးကွက်အတွင်း စတင်ဝင်ရောက်လာ

ရွှေဘိုခရိုင်မှာ အများဆုံးစိုက်ပျိုးပြီး ဈေးကွက်မှာ အမြင့်ဆုံးဈေးနေရာရရှိနေတဲ့ ရွှေဘိုပေါ်ဆန်းမွှေးစပါးများ ဒီဇင်ဘာဒုတိယပတ်အတွင်းမှာ ဈေးကွက်သို့ စတင်ဝင်ရောက်လာပြီဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၀၁၅-၂၀၁၆ မိုးစပါးပေါ်ဆန်းမွှေးစိုက်ဧက ၃ ဒသမ ၃၉၂ သိန်းအနက် ရွှေဘိုခရိုင်မှာ ပေါ်ဆန်းမွှေးစပါး ဧက ၂ ဒသမ ၇၉၅ သိန်းစိုက်ပျိုးခဲ့ပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်ဟာ မြန်မာနိုင်ငံအနှံ့အပြားမှာ ဈေးကွက်ပေါက်နေပြီး ဈေးကွက်ခိုင်မာလာတဲ့အတွက် ယခုနှစ်မှာ စိုက်ဧက သုံးသောင်းကျော် တိုးတက်စိုက်ပျိုးလာပါတယ်။ ပေါ်ဆန်းမွှေးစပါးတစ်တင်း ၉၀၀၀ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပြီး ဆန်သစ်ကတော့ တစ်အိတ်ကို ၃၁၀၀၀ ကျပ်လို့ သိရပါတယ်။ ယခင်နှစ်ကာလတူ စပါးတစ်တင်း ၈၀၀၀ ကျပ်၊ ဆန်တစ်အိတ် ၃၀၀၀၀ ကျပ်ဈေးရှိနေပြီး၊ ရွှေဘိုပေါ်ဆန်းမွှေး စပါးအဟောင်း လက်ရှိဈေးကတော့ တစ်တင်း ၁၃၅၀၀ ကျပ်၊ ဆန်တစ်အိတ် ၄၅၀၀၀ ကျပ်ဈေးပေါက်လျက် ရှိတယ်လို့ သိရပါတယ်။

**အောင်မင်း - တန့်ဆည်**

# မြို့ကြီးများ၏ ၂၈-၁၂-၂၀၁၅ မှ ၁-၁-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၈-၁၂-၂၀၁၅) | အင်္ဂါ(၂၉-၁၂-၂၀၁၅) | ဗုဒ္ဓဟူး(၃၀-၁၂-၂၀၁၅) | ကြာသပတေး(၃၁-၁၂-၂၀၁၅) | သောကြာ(၁-၁-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| ရန်ကုန်မြို့ | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| မန္တလေးမြို့ | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၆°C/၈၆°F |
| မြစ်ကြီးနား | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F |
| လားရှိုး | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၅°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F | တိမ်အသင့်အတင့် ၂၃°C/၇၃°F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၂၇°C/၈၀°F | ၆၀% ၂၄°C/၇၆°F | ၅၀% ၂၃°C/၇၄°F | တိမ်အသင့်အတင့် ၂၃°C/၇၃°F | တိမ်အသင့်အတင့် ၂၄°C/၇၆°F |
| လွိုင်ကော် | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၇°C/၈၀°F |
| တောင်ကြီး | နေသာ ၂၃°C/၇၄°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၂°C/၇၂°F |
| မော်လမြိုင် | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| ဘားအံ | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| တောင်ငူ | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F |
| မုံရွာ | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F |
| ပုသိမ် | နေသာ ၃၄°C/၉၃°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F |
| မြိတ် | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F |
| စစ်တွေ | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၃°F |
| မကွေး | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| ဖလမ်း | တိမ်အသင့်အတင့် ၁၇°C/၆၂°F | နေသာ ၁၇°C/၆၂°F | နေသာ ၁၆°C/၆၁°F | နေသာ ၁၇°C/၆၂°F | နေသာ ၁၇°C/၆၂°F |

## ဒေလီမြို့တွင် စံချိန်တင် လေထုညစ်ညမ်းမှုဖြစ်

အိန္ဒိယနိုင်ငံဒေလီမြို့တွင် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း လေထုညစ်ညမ်းမှုဖြစ်ပေါ်ခဲ့မှုမှာ စံချိန်တင်လောက်သည့်အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း အိန္ဒိယမိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဒေလီမြို့တွင် ပုံမှန်လေထုညစ်ညမ်းမှုသည် အဆင့် ၂ ဒသမ ၅သာရှိသော်လည်း ယခုရက်ပိုင်းအတွင်းတွင် အဆင့် ၁၀ အထိ ရောက်ရှိခဲ့သည်ဟု အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။

အဆိုပါ လေထုညစ်ညမ်းမှုသည် ဒီပါဝလီနေ့မတိုင်မီကတည်းကဖြစ်ပေါ်ခဲ့ရာ ယခုလအတွင်း အဆိုးဆုံးအခြေအနေသို့ ရောက်ရှိခဲ့သော်လည်း ပြန်လည်ကျဆင်းမည့် အခြေအနေသို့ ရောက်ရှိနေကြောင်းဖြင့်အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လေထုထဲတွင် အမှုန်ပါဝင်မှုမှာ တစ်ကုဗမီတာတွင် ၂၉၅မိုက်ခရိုဂရမ်မှ ၄၇၀မိုက်ခရိုဂရမ်အထိပါဝင်နေကြောင်း လေထုအရည်အသွေးနှင့် ရာသီဥတုခန့် မှန်းလေ့လာရေးသုတေသနအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းကဲ့သို့ လေထုအရည်အသွေး နိမ့်ကျမှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားနိုင်သည့်အပြင် တခြားသောရောဂါများဖြစ်ပွားလာမည်ကို စိုးရိမ်ရကြောင်းဖြင့် အဆိုပါသုတေသနအဖွဲ့က ပြောကြားသည်။

“အခုလိုဖြစ်ရတဲ့ အဓိကအကြောင်းတရားက သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေကြောင့်ပါပဲ။ မော်တော်ယာဉ်တွေက ထွက်တဲ့မီးခိုးတွေဟာ ဒေလီလိုမြို့ ကြီးတစ်မြို့လုံးကို ဖုံးလွှမ်းသွားနိုင်ပါတယ်။ လူနေထူထပ်တဲ့အတွက် ယာဉ်အသွားအလာတွေများလာတာကြောင့် အခုလို လေထုညစ်ညမ်းမှုတွေ ဖြစ်လာတာပါပဲ။ ဒေလီမြို့သာမကပါဘူး။နောက်ဆိုရင် ကမ်ပူး၊ ဗာရာဏသီစတဲ့ မြို့တွေမှာပါ လေထုညစ်ညမ်းမှုတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် အဲဒီလိုဖြစ်မလာအောင် အခုကတည်းက ကြိုတင်ကာကွယ်ဖို့ လိုအပ်ပါတယ်” ဟုလေထုညစ်ညမ်းမှုကြိုတင်ကာကွယ်ရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဆောင်းရာသီကာလ ရောက်ရှိနေသဖြင့် အပူချိန်မှာ တချို့သောမြို့များတွင်အနုတ်လက္ခဏာ ပြနေသည့်အပြင်ဆီးနှင်းများလည်းထူထပ်စွာကျရောက်နေသဖြင့် လေထုညစ် ညမ်းမှုအဆင့်ရှိမရှိကို တိုင်းတာ၍ မရနိုင်ကြောင်း အဆိုပါအဖွဲ့က ထပ်မံပြောကြားခဲ့သည်။

**မယ်သီတာ**



## တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း မြို့ ၁၀ မြို့အပါအဝင် မြို့အတော်များများတွင် လေထုညစ်ညမ်းအဆင့်များ ထုတ်ပြန်

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် မီးခိုးမြူများ ထူထပ်စွာဖုံးလွှမ်းနေသဖြင့် မြို့ ကြီး ၁၀မြို့ အပါအဝင် မြို့အတော်များများတွင်လေထုညစ်ညမ်းမှုအဆင့်များကို တရုတ်ဒေသဆိုင်ရာ အာဏာပိုင်များက သတိပေးချက်များ ထုတ်ပြန်ထားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

မြို့ကြီး ၁၀မြို့တွင် နေထိုင်ကြ သည့်ပြည်သူများအနေဖြင့် နေအိမ်တွင်း၌သာ နေထိုင်ကြရန် အာဏာပိုင်များက လိုက်လံညွှန်ကြားထားသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးမြို့ကြီးတစ်မြို့ဖြစ်သည့် ဘေဂျင်းတွင် လေထုညစ်ညမ်းမှုအဆင့်ကို အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားပြီး ရက်သတ္တတစ်ပတ်အတွင်း အဆိုးရွားဆုံးသောအဆင့်အဖြစ်သို့ ရောက်ရှိနေကြောင်း၊ ယင်းကဲ့သို့အဆိုးရွားဆုံး အဆင့်အဖြစ်သို့ရောက်ရှိခြင်းသည် တစ်ပတ်အတွင်း ဒုတိယအကြိမ်မြောက်အဖြစ် ရောက်ရှိခြင်းပင်ဖြစ်သည်ဟု ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် တီယန်ကျင်းမြို့စက်မှုဆိပ်ကမ်း နယ်မြေအပါအဝင် တခြားမြို့ကြီးများတွင်လည်းလေထုညစ်ညမ်းမှုအဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနေသဖြင့် အဆောက်အဦအတွင်း၌သာနေထိုင်ကြရန် ကြေညာထားကြောင်း သိရသည်။

အရေးပေါ်ကြေညာချက်တွင် ဒေသခံများအနေဖြင့် နေအိမ်ထဲတွင်သာ နေထိုင်ကြရန်၊ စာသင်ကျောင်းများကို ပိတ်ထားရန်၊ မော်တော်ယာဉ် အသုံးပြုမှုများကို လျှော့ချရန်အစရှိသည်တို့ကိုသတ်မှတ်ထားကြောင်းသိရသည်။

တရုတ်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးဌာနက ဒီဇင်ဘာ ၂၃ ရက် ညနေပိုင်းက ထုတ်ပြန်ကြေညာခဲ့ရာတွင် တီယန်ကျင်းမြို့နှင့်အနီးတစ်ဝိုက်ရှိ မြို့ငယ်လေးများဖြစ်သည့် ဖူယန်၊ ရှင်ရှီအန်၊ ဒိုင်ဇူ၊ ဟန်ဒန်း၊ ရှင်တိုင်း၊ လန်ဖန်၊ ဟန်ရှွီး၊ ရှင်ကျိုနှင့် အန်ယန်တို့တွင် လေထုညစ်ညမ်းမှု အခြေအနေများ ရောက်ရှိနေသည့်ဒေသများအဖြစ် ထပ်မံကြေညာခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

တရုတ်နိုင်ငံ၏ မြို့ကြီး ၃၀တွင် လေထုညစ်ညမ်းမှုအခြေအနေမှာ အဆိုးရွားဆုံးအခြေအနေကိုရောက်ရှိနေပြီး ကျန်မြို့ကြီး ၂၀မှာလည်း အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိရန် တာစူနေပြီဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

သို့သော် ဒီဇင်ဘာ ၂၂ ရက်တွင် ဘေဂျင်းမြို့တော်၏ လေထုညစ်ညမ်းမှု အခြေအနေမှာ တဖြည်းဖြည်း လျော့ကျလျက်ရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.50 Monday December 28 2015

## ၂၀၁၆ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပွဲ ဇန်နဝါရီ ၉ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ကျင်းပမည် ပြည်တွင်းရုပ်သံလိုင်းများ၌ တိုက်ရိုက်ထုတ်လွှင့်ပြသနိုင်ရန် ညှိနှိုင်းလျက်ရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၆မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲကို ဇန်နဝါရီလ ၉ ရက်နေ့မှ ဩဂုတ်လ ၂၀ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်အတွက် မြန်မာနေရှင်နယ်လိဂ် ဘောလုံးရာသီပထမအကျော့ ပွဲစဉ်များကို ဒီဇင်ဘာလ ၁၆ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီး ဒုတိယအကျော့ပွဲစဉ်များကို ဒီဇင်ဘာ ၁၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ၂၀၁၆ ၏ ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၉ ရက်မှ ဧပြီလ ၉ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို မေ ၂၁ရက်မှ ဩဂုတ် ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပထမအကျော့ပွဲစဉ် ကျင်းပနေဆဲ ကာလဖြစ်သည့် မတ်လတွင် မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာပွဲစဉ်များရှိသည့်အတွက်ပထမအကျော့ပွဲစဉ်များကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၆ အာဆီယံ ဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမှာဖြစ်တဲ့အတွက် ၂၀၁၆ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲကို ဩဂုတ်လအတွင်း အပြီးကျင်းပပေးတာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဖွင့်ပွဲစဉ်များတွင် အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံနေပြီး လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မကွေးအသင်း၊ ရတနာပုံအသင်းနှင့် ဧရာဝတီအသင်းတို့ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများ၏ ပွဲစဉ်များကို တိုက်ရိုက်ထုတ်လွှင့်ပြသနိုင်ရေးအတွက် ပြည်တွင်းရုပ်သံလိုင်းများနှင့် ညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ MRTV-4 နှင့် မြဝတီရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

ထို့ကြောင့် လာမည့်နှစ်ပြိုင်ပွဲများအတွက်လည်း အဆိုပါရုပ်သံလိုင်းများနှင့် ဆက်လက်ညှိနှိုင်းလျက်ရှိရာ မြန်မာနေရှင်နယ်လိဂ်ပရိသတ်များအား အခမဲ့ရုပ်သံလိုင်းများမှ တိုက်ရိုက်ပြသနိုင်ရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

## စပွန်ဆာမရရှိပါက ဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးမှုဖြင့် ၂၀၁၆ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲကို ကျင်းပမည်



လာမည့်ဇန်နဝါရီလတွင် စတင်ကျင်းပမည့် ၂၀၁၆မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲကို အဓိကကူညီပံ့ပိုးသူ(စပွန်ဆာ)မရရှိပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှပင် အဓိကစပွန်ဆာအဖြစ် တာဝန်ယူပြီးကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် စပွန်ဆာရရှိရန်ကြိုးပမ်းလုပ်ဆောင်လျက်ရှိသော်လည်း တရားဝင်သတင်းထုတ်ပြန်မှုများ ပြုလုပ်ခြင်းမရှိသေးပေ။

"ကုမ္ပဏီကြီးတချို့နဲ့ ပြောနေတာ ရှိပါတယ်။ မပြီးပြတ်သေးတဲ့ အနေအထားပါ။ စပွန်ဆာ မရခဲ့ဘူးဆိုရင်တော့ အဖွဲ့ချုပ်ရဲ့ပံ့ပိုးကူညီမှုနဲ့ ကျင်းပသွားရမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ၂၀၀၉ ခုနှစ်မှစတင်၍ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲများကို စတင်ကျင်းပခဲ့ရာ ထိုနှစ်က စပွန်ဆာမရရှိခဲ့သော်လည်း ၂၀၁၁ မှ ၂၀၁၃ ခုနှစ်အထိ မြန်မာဘရူဝါရီ လီမိတက်က အဓိကစပွန်ဆာအဖြစ် ပံ့ပိုးကူညီပေးခဲ့ပြီး ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်တို့တွင် အော်ရီဒူးက အဓိက စပွန်ဆာအဖြစ် ပံ့ပိုးကူညီပေးခဲ့သည်။

လာမည့်၂၀၁၆ ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်း ဒိုင်း ရှီးထွက် ဘောလုံးပြိုင်ပွဲ၊ မြန်မာနေရှင်နယ်လိဂ်-၂(ပထမတန်း)အမှတ်ပေးဘောလုံးပြိုင်ပွဲ၊ မြန်မာနေရှင်နယ်လိဂ် လူငယ်ပြိုင်ပွဲနှင့် မြန်မာနေရှင်နယ်လိဂ်-၂ လူငယ်ပြိုင်ပွဲတို့ကို ကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် အမျိုးသမီးဆီမီးပရိုလိဂ်ကိုလည်း ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းအား ကျပ်သိန်း ၁၀၀၀၊ ဒုတိယရရှိသည့်အသင်းအား ကျပ်သိန်း ၇၅၀ နှင့် တတိယရရှိသည့် အသင်းအား ကျပ်သိန်း ၅၀၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



အန်ဒရေ



ကာမာရာ

## ဘရာဇီးတိုက်စစ်မှူး အန်ဒရေနှင့် ဩစီကွင်းလယ်လူ ကာမာရာတို့ကို ရခိုင်ယူနိုက်တက်အသင်း စာချုပ်ချုပ်ဆို ခေါ်ယူ

မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲသို့ တက်လှမ်းလာခဲ့သည့် ရခိုင်ယူနိုက်တက်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် နိုင်ငံခြားသားခေါ်ယူမှုအဖြစ် ဩစတြေးလျကွင်းလယ်လူ ကာမာရာနှင့် ဘရာဇီးတိုက်စစ်မှူး အန်ဒရေတို့ကို စာချုပ် ချုပ်ဆိုခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ရခိုင်ယူနိုက်တက်အသင်း ခေါ်ယူစာချုပ်ချုပ်ဆိုခဲ့သည့် ဘရာဇီးတိုက်စစ်မှူး အန်ဒရေသည် အသင်း၏ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး ၂၀၁၂ ခုနှစ်ဘောလုံးရာသီက အသင်းအတွက် ၁၂ ဂိုးသွင်းယူခဲ့ကာ ရခိုင်ယူနိုက်တက်အသင်း ပရိသတ်များ၏ အချစ်တော်ဖြစ်ခဲ့သည်။

အန်ဒရေသည် ယခုရာသီတွင် ကမ္ဘောဇအသင်းတွင် ခြေစွမ်းစမ်းသပ်ခံရန် ရောက်ရှိလာခဲ့သဖြင့် ရခိုင်ယူနိုက်တက်အသင်းက စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ခြင်းဖြစ်သည်။

"ရခိုင်အသင်းက ကျွန်တော့်အိမ်လိုပါပဲ။ ဒီအသင်း ပရိသတ်တွေကနှစ်လိုဖွယ်ကောင်းပြီး ၂၀၁၂ ခုနှစ်က ကျွန်တော့်ကို အသည်းပေါက်မတတ်အားပေးခဲ့ကြတာပါ။ အသင်းပရိသတ်တွေအတွက် ဂိုးတွေသွင်းယူနိုင်ဖို့ကြိုးစားသွားမှာပါ" ဟု အန်ဒရေက ပြောကြားခဲ့သည်။

အန်ဒရေကို စာချုပ်ချုပ်ဆိုခေါ်ယူပြီးနောက် ရခိုင်ယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမား နောက်ဆုံးခေါ်ယူမှုအဖြစ် ဩစတြေးလျနိုင်ငံသား ကွင်းလယ်ကစားသမားကာမာရာအား စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ခဲ့ကြောင်းသိရသည်။

ကာမာရာသည်ဩစီဆီမီးပရိုလိဂ်ကလပ် အသင်းတစ်သင်းဖြစ်သည့် Spirit အသင်းတွင် ကစားခဲ့ပြီး တိုက်စစ်အားသန်သည့် ကွင်းလယ်ကစားသမား တစ်ဦးဖြစ်ကာ လိုအပ်ပါက တိုက်စစ်မှူးအဖြစ် ဝင်ရောက်ကစားပေးနိုင်ကြောင်း သိရသည်။

"မြန်မာလိဂ်နဲ့ပတ်သက်ပြီး အသေးစိတ်မသိပေမယ့် ခြေစမ်းပွဲတွေမှာ ပြိုင်ဆိုင်မှုပြင်းထန်တာကို တွေ့ရပြီး အသင်းတော်တော်များများကလည်း အားဖြည့်နေတာကို တွေ့ရတဲ့အတွက် စိတ်ဝင်စားစရာကောင်းတဲ့လိဂ်တစ်ခုလို့ မြင်ပါတယ်။ ရခိုင်ယူနိုက်တက်အသင်းနဲ့ ခြေစွမ်းပြဖို့ အဆင်သင့်ဖြစ်နေပါပြီ"ဟု ကာမာရာက ပြောကြားခဲ့သည်။

## စင်ကာပူဖိတ်ခေါ် Merlion Cup ပြိုင်ပွဲ မြန်မာနိုင်ငံတွင် လာရောက်ကျင်းပရန် ကမ်းလှမ်းထားဟုဆို

စင်ကာပူနိုင်ငံတွင်ကျင်းပမည့် Merlion Cup ဖိတ်ခေါ်ပြိုင်ပွဲသည် ပြိုင်ပွဲကျင်းပမည့် ကွင်းအခက်အခဲကြောင့် ရက်ရွှေ့ဆိုင်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ထံသို့ အဆိုပါပြိုင်ပွဲစီစဉ်သူများထံမှ ဆက်သွယ်အကြောင်းကြားလာခဲ့ကြောင်း သိရသည်။

ထို့ကြောင့်အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံတွင် လာရောက်ကျင်းပရန်အတွက် စင်ကာပူဘောလုံးအဖွဲ့ချုပ်မှ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို ကမ်းလှမ်းထားသည်ဟု ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်အောင်က အတည်ပြုပြောကြားသည်။

မာလိုင်းယန်းဖလားပြိုင်ပွဲကို စင်ကာပူနိုင်ငံတွင် ကျင်းပရန်အတွက် ကစားကွင်းအခက်အခဲရှိနေပြီးမူလကျင်းပရန်စီစဉ်ထားသည့် စင်ကာပူ အမျိုးသားအားကစားကွင်း (Sport Hub) မှာ ကုမ္ပဏီနှင့် ညှိနှိုင်းမှု အဆင်မပြေသည့်အတွက်ရရှိခဲ့ခြင်းမရှိသလို ဂျလန်ဘီဆာကွင်းကိုလည်း ဂျပန်နှင့် တရုတ်ကလပ်အသင်းများက ကန့်ကွက်ထားသည်။

"စင်ကာပူဘောလုံးအဖွဲ့ချုပ်က ကမ်းလှမ်းထားတာရှိပါတယ်။ ဥက္ကဋ္ဌကိုတင်ပြပြီး ဆွေးနွေးမှာပါ။ လောလောဆယ်မှာကျွန်တော်တို့ စဉ်းစားနေဆဲပါ။ သေချာရင်တော့ သတင်းထုတ်ပြန် ပေးပါမယ်။ မြန်မာနိုင်ငံမှာ မာလိုင်းယန်းဖလားပြိုင်ပွဲ ကျင်းပဖြစ်ဖို့တော့ ရာခိုင်နှုန်းများပါတယ်" ဟု ဦးတင်အောင်က ပြောသည်။

၂၀၁၆ မာလိုင်ယန်းဖလားပြိုင်ပွဲတွင် စင်ကာပူလက်ရွေးစင်အသင်း၊ မြန်မာ့လက်ရွေးစင်အသင်း၊ ဂျပန်နိုင်ငံ ဂျေလိဂ်ကလပ် ယိုကိုဟားမားမာရီနို့စ်၊ တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်းရှင်ဟွာ အသင်းတို့ပါဝင်မည်ဖြစ်ပြီး ဇန်နဝါရီလ အတွင်းကျင်းပမည်ဖြစ်သည်။

မာလိုင်းယန်းဖလားပြိုင်ပွဲကို ၁၉၈၂ ခုနှစ်ကတည်းကကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ကျင်းပဖြစ်ပါက ပထမဆုံးစင်ကာပူနိုင်ငံပြင်ပတွင် ကျင်းပမည့်ပြိုင်ပွဲအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။



## မယ်စကြာဝဠာဘွဲ့ရရှိသူ ဖိလစ်ပိုင်အလှမယ်အား ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီအို ချီးကျူးစကားဆို

ဖိလစ်ပိုင်နိုင်ငံမှ အလှမယ် ပီယာအလွန်ဆိုဝစ်ဘတ်ချ်အား ချီးကျူးဂုဏ်ယူပါကြောင်း ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီအိုက ထုတ်ဖော်ပြောကြားခဲ့သည်။

ဖိလစ်ပိုင်အလှမယ် ဝစ်ဘတ်ချ်အား မယ်စကြာဝဠာဘွဲ့ကို ပေးအပ်လိုက်ချိန်တွင် ကျက်သရေရှိသော အလှပိုင်ရှင်၊ နိုင်ငံဂုဏ်ဆောင်ပေးတဲ့ အလှပိုင်ရှင်ဟု ထုတ်ဖော်ပြောကြားသည့်စကား ပက်ကွီအိုက ၎င်း၏လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မယ်စကြာဝဠာဘွဲ့ကို ကြေညာလိုက်ချိန်တွင် ကိုလံဘီယာအလှမယ် ဂူတီယာရက်ဇ်၏အမည်ကို မှားယွင်းကြေညာလိုက်ပြီးနောက် ဖိလစ်ပိုင်အလှမယ်သာ မယ်စကြာဝဠာဘွဲ့ကိုရရှိသူဖြစ်ကြောင်း ပြန်လည်ကြေညာခဲ့သည်။

သရဖူကို ပြန်လည်လွှဲပြောင်းပေးချိန်တွင် ပက်ကွီအိုက ကျက်သရေရှိသည့် အလှမယ်ဟု ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ပက်ကွီအိုသည် လာမည့်ဧပြီလအတွင်း လက်ဝှေ့ကြိုးဝိုင်းမှ အနားယူတော့မည်ဖြစ်ရာ ယခုကဲ့သို့နိုင်ငံတကာစင်မြင့်ပေါ်တွင် မိမိနိုင်ငံမှ အလှမယ်တစ်ဦးကို မြင်တွေ့လိုက်ရသဖြင့် အံ့ဩဝမ်းသာဖြစ်မိကြောင်းပြောကြားခဲ့သည်။

“ကျွန်တော်မှတ်မိသေးတယ်။ ပြီးခဲ့တဲ့မေလတုန်းက ဖလွိုက်မေဝဲသားကို ရှုံးနိမ့်ခဲ့တဲ့အချိန်တုန်းက သူ(ဝစ်ဘတ်ချ်)က ကျွန်တော့်ကို အထူးသဖြင့် ဖိလစ်ပိုင်ပြည်သူတွေကို ကတိပေးခဲ့တယ်။ မယ်စကြာဝဠာပြိုင်ပွဲမှာ အနိုင်ရအောင်သူ လုပ်မယ်လို့ ပြောတယ်။ အဲဒါကို ကျွန်တော်မှတ်မိနေတယ်။ ဒါကြောင့် သူ့ရဲ့ကြိုးစားနိုင်တဲ့အရည်အချင်းကို အသိအမှတ်ပြုရမှာပါ”ဟု ပက်ကွီအိုက ပြောကြားခဲ့သည်။

ပက်ကွီအိုသည်လာမည့်နှစ်အတွင်း တင်မိုသီဘလိတ်ဒလေနှင့် ထိုးသတ်ရန် စီစဉ်ထားကြောင်း သိရသည်။

## ဂျော်ဒန်လူမျိုး ဘီလျံနာသူဌေးတစ်ဦးက ပရီးမီးယားလိဂ်ရှိ အသင်းများကို ဝယ်ယူရန် လေ့လာလျက်ရှိသည်ဟုဆို

ဂျော်ဒန်လူမျိုး ဘီလျံနာသူဌေးတစ်ဦးဖြစ်သည့် ဟာဆန်အဗ္ဗဒူလ်အစ္စမိတ်သည် ပရီးမီးယားလိဂ်မှ အသင်းများအနက် အသင်းတစ်သင်းကို ဝယ်ယူနိုင်ရန် စောင့်ကြည့်လေ့လာလျက်ရှိကြောင်း သိရသည်။

ဟာဆန်သည် ဂျာမနီနိုင်ငံမှ ၁၈၆၀ မြူးနစ်အသင်း ရှယ်ယာ စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကိုပိုင်ဆိုင်ထားသူဖြစ်သည်။ ၁၈၆၀ မြူးနစ်အသင်း၏ ရှယ်ယာထက်ဝက်ကျော်ကို ပိုင်ဆိုင်ထားသည့် ဟာဆန်သည် ပရီးမီးယားလိဂ်အသင်းများအနက် တစ်သင်းကို ဝယ်ယူရန် စိတ်ဝင်စားနေသည်ဟု ဖွင့်ဟပြောကြားခဲ့သည်။

Forbes စီးပွားရေးမဂ္ဂဇင်း၏ ထုတ်ပြန်ချက်အရ ဟာဆန်၏ချမ်းသာကြွယ်ဝမှုသည် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် ရှိနေပြီဖြစ်ကြောင်း၊ သိရသည်။

ဟာဆန်သည် ပရီးမီးယားလိဂ်ကလပ် အသင်းလေးသင်းအနက် နှစ်သင်းကို အဓိကထား၍ စောင့်ကြည့်လျက်ရှိကြောင်း သတင်းများက ဖော်ပြထားသည်။



“ဟာဆန်ဟာ ဂျာမနီမှာကြုံတွေ့ရတဲ့ အခက်အခဲတွေထက် ယူနိုက်တက်ကင်းဒန်းမှာ ကြုံရမယ့် အခက်အခဲတွေက ပိုများပါလိမ့်မယ်။ ဒါပေမယ့်သူဟာ အဲဒီအခက်အခဲတွေကို ကျော်ဖြတ်နိုင်မယ်လို့ ယူဆတဲ့အတွက် ပရီးမီးယားလိဂ် ကအသင်းတစ်သင်းကို ဝယ်ယူမှာပါ။ အဲဒီအသင်းဟာ ဘယ်အသင်းဖြစ်မလဲ ဆိုတာကို စိတ်လှုပ်ရှားစွာနဲ့ စောင့်ကြည့်နေကြပါတယ်”ဟု စပို့စ်မေးလ်က ထုတ်ဖော်ရေးသားခဲ့သည်။

“အင်္ဂလန် ပရီးမီးယားလိဂ်ဟာ အသင်းကြီးတွေ အများဆုံး ပါဝင်လှုပ်ရှားနေတဲ့လိဂ်ကြီးတစ်ခုပါ။ သမိုင်းအစဉ်အလာလည်း တကယ့်ကို ကြီးမားပါတယ်။ အသင်းတိုင်းမှာ သူ့သမိုင်းကြောင်းနဲ့သူရှိပါတယ်။ အဲဒါကို ထိန်းသိမ်းသွားဖို့လည်း လိုပါတယ်။ အသင်းကို အောင်မြင်ဖို့အတွက်ဆိုရင် ရင်းနှီးမြှုပ်နှံသူတွေဟာ အသင်းအတွက် လိုအပ်တာတွေကို ပံ့ပိုးပေးနိုင်ဖို့ လိုပါတယ်”ဟု ထပ်မံရေးသားဖော်ပြခဲ့သည်။

ဟာဆန်သည် ဂျာမနီအာဏာပိုင်များက ထုတ်ပြန်ထားသည့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို ဆန့်ကျင်လျက် အင်္ဂလန်ပရီးမီးယားလိဂ်တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

အင်္ဂလန် ပရီးမီးယားလိဂ်တွင် နိုင်ငံရပ်ခြားမှ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်ရင်းနှီးမြှုပ်နှံလျက်ရှိရာ အာဆင်နယ်၊ အက်စတန်ဗီလာ၊ လီဗာပူး၊ မန်ယူနှင့် ဆန်ဒါလန်းအသင်းတို့ကို အမေရိကန်နိုင်ငံမှ လည်းကောင်း၊ ဘုန်းမောက်နှင့် ချဲလ်ဆီးအသင်းတို့ကို ရုရှားနိုင်ငံမှလည်းကောင်း၊ ဆွမ်ဆီးအသင်းကိုဝေလနိုင်ငံမှ လည်းကောင်း၊ ဆောက်သမ်ပတန်အသင်းကို ဆွစ်ဇာလန်နိုင်ငံမှလည်းကောင်း၊ လယ်စက်စတာအသင်းကို ထိုင်းနိုင်ငံမှလည်းကောင်း၊ မန်စီးတီးအသင်းကို ယူအေအီးနိုင်ငံမှ လည်းကောင်း ပိုင်ဆိုင်ထားကြသည်။

## အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်၏ ကမ္ဘာ့ချန်ပီယံဆုအတွက် ဂျိုကိုဗစ်နှင့် ဆီရီနာတို့ရေပန်းစားနေ

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်မှပေးအပ်မည့် ကမ္ဘာ့တင်းနစ်ချန်ပီယံ ၂၀၁၅ ဆုအတွက်ဆားဘီယားတင်းနစ်ချန်ပီယံ နိုဗက်ဂျိုကိုဗစ်နှင့် အမေရိကန် တင်းနစ်ချန်ပီယံ ဆီရီနာဝီလျံတို့ ရေပန်းစားလျက်ရှိကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။



ဆားဘီးယားနိုင်ငံသား တင်းနစ်ချန်ပီယံ ဂျိုကိုဗစ်သည် တင်းနစ်ရာသီကုန်ဆုံးချိန်တွင် ဩစီအိုးပင်း၊ ဝင်ဘယ်ဒန်နှင့် ယူအက်စ်အိုးပင်းပြိုင်ပွဲတို့တွင် ချန်ပီယံဖြစ်ခဲ့ပြီးနောက် လေးကြိမ်မြောက် အဖြစ် ကမ္ဘာ့အဆင့်တစ်နေရာတွင် ရပ်တည်နေခဲ့သူဖြစ်သည်။

“အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်က ပေးအပ်မယ့် ဒီဆုမှာ အမည် စာရင်းတင်သွင်းခြင်းခံရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဒါဟာ ငါးကြိမ်မြောက်အဖြစ် အမည်စာရင်းတင်သွင်းခြင်းခံရတာပါ။ ကျွန်တော့်ရဲ့တင်းနစ်ကစားသမားဘဝမှာ အမှတ်တရတွေ အများကြီးပါ။ ၂၀၁၆ ခုနှစ်တင်းနစ်ရာသီမှာလည်း ကျွန်တော့် ပရိသတ်တွေအတွက် အစွမ်းကုန်ကြိုးစားပါ့မယ်”ဟု ဂျိုကိုဗစ်က ပြောကြားခဲ့သည်။

ဆီရီနာဝီလျံသည်လည်း ဂရင်းဆလင်းတင်းနစ်ရာသီတွင် အနည်းငယ်လွဲချော်ခဲ့သည်မှလွဲ၍ အဓိကဖလားသုံးလုံးကို ပိုင်ဆိုင်နိုင်ခဲ့သည်။ ဩစီအိုးပင်းတင်းနစ်ချန်ပီယံ၊ ပြင်သစ်အိုးပင်းတင်းနစ်ချန်ပီယံနှင့် ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံဟူသည့် ဂုဏ်ပုဒ်များကို ပိုင်ဆိုင်နိုင်ခဲ့သည်။

ဆီရီနာသည် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒဏ်ရာကြောင့် ဆီမီးဖိုင်နယ်အဆင့်တွင် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရသဖြင့် ယူအက်စ် အိုးပင်းချန်ပီယံအိပ်မက် ပျက်ပြယ်ခဲ့ရသည်။

“ကျွန်မကို ဒီဆုအတွက် အမည်စာရင်း တင်သွင်းခြင်းခံရတာဟာ ဒီတစ်ကြိမ်ပါနဲ့ဆိုရင် ခြောက်ကြိမ်ရှိနေပါပြီ။ အခုလို အမည်စာရင်းတင်သွင်းခြင်းခံရတဲ့အတွက် ဂုဏ်ယူပါတယ်။ ကျွန်မအတွက် တကယ့်ကို အံ့အားသင့်ခဲ့ရတဲ့နေ့ရက်တွေ အများကြီးပါပဲ”ဟု ဆီရီနာက ပြောကြားခဲ့သည်။

## လာမည့်ရာသီ ဘိုင်ယန်မြူးနစ်အသင်းကို အန်ဆလော့တီ ကိုင်တွယ်မည်

ရီးရဲလ်အသင်းမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ဘောလုံးလောကမှ အနားယူနေသည့် အီတလီလူမျိုးနည်းပြ အန်ဆလော့တီသည် လာမည့်ရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းကို တာဝန်ယူကိုင်တွယ်တော့မည် ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်း၏ လက်ရှိနည်းပြ ဂွါဒီယိုလာသည် အသင်းနှင့်ချုပ်ဆိုထားသည့် သုံးနှစ်သက်တမ်းစာချုပ်ကုန်ဆုံးမည့် ယခုနှစ်ရာသီအကုန်တွင် အသင်းပြောင်းရွှေ့တော့မည်ဖြစ်သည့်အတွက် အန်ဆလော့တီနှင့် အစားထိုးခန့်အပ်လိုက်ခြင်း ဖြစ်သည်။

အန်ဆလော့တီသည် ပြီးခဲ့သည့် နှစ်လက ဘွန်ဒက်စ်လီဂါပြိုင်ပွဲများကို ကြည့်ရှုရခြင်းအား နှစ်သက်ခြင်းမရှိကြောင်းနှင့် စစ်မှန်သည့်ပြိုင်ဆိုင်မှုမရှိဟု ပြောဆိုခဲ့သော်လည်း ယခု ဘိုင်ယန်မြူးနစ်နည်းပြအလုပ်ကို လက်ခံခဲ့ခြင်းမှာ စဉ်းစားစရာပင်ဖြစ်သည်ဟုဆိုသည်။

အေစီမီလန်၊ ချဲလ်ဆီး၊ ရီးရဲလ်နှင့် ပီအက်စ်ဂျီအသင်းများကို ကိုင်တွယ်ခဲ့ပြီး အောင်မြင်မှုများရခဲ့သည့် အန်ဆလော့တီသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် သုံးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။

“လာမယ့်ရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းရဲ့ နည်းပြဖြစ်လာတော့မှာဖြစ်လို့ ဂုဏ်ယူပါတယ်။ ဘိုင်ယန်အသင်းက ကျွန်တော့်ကို စိတ်ဝင်စားနေတယ်လို့ သိရတဲ့အချိန်မှာ အခြားကမ်းလှမ်းမှုတွေကို မစဉ်းစားတော့ပါဘူး။ ကျွန်တော့်သူငယ်ချင်း ဂွါဒီယိုလာနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ဒီရာသီမှာ အကောင်းဆုံးအောင်မြင်မှုတွေ ရရှိပါစေလို့ ရိုးသားစွာဆန္ဒပြုပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းရဲ့ ပရိသတ်တွေနဲ့ အားလုံးပဲ ပျော်ရွှင်စရာကောင်းပြီး ငြိမ်းချမ်းတဲ့ ခရစ္စမတ်နဲ့ နှစ်သစ်ကူးကာလဖြစ်ပါစေလို့ ဆုတောင်းပါတယ်”ဟု စာချုပ် ချုပ်ဆိုအပြီးတွင် အန်ဆလော့တီက ပြောကြားခဲ့သည်။

# မြစ်ကြီးနားမြို့ အထက(မန်ခိန်)စာသင်ကျောင်းသို့ ကချင်ပြည်နယ်စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်

ကချင်ပြည်နယ်အတွင်းရှိစာသင်ကျောင်းများ ၊ရပ်ကွက်၊ကျေးရွာများသို့ ကချင်ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ဦးစီး၍ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက် လျက်ရှိရာ ဒီဇင်ဘာလ ၂၂ ရက်နေ့၌ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်ရှိ အ. ထ. က(မန်ခိန်) ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့်ကျောင်းကျန်းမာရေးဟောပြောပွဲကျင်းပရာ ဆရာ/ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ၄၃၀ ဦးတို့ တက်ရောက်ခဲ့ပါသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးဇော်ဂမ်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ဟောပြောဆွေးနွေးမှုများနှင့် ကျောင်းကျန်းမာရေးဟောပြောပွဲဆွေးနွေးမှုများအား လိုက်လံမှတ်သားပြီး လိုက်နာဆောင်ရွက်ကြရန် ထည့်သွင်းပြောကြားခဲ့ပါသည်။ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဌာနခွဲ၊ ဒုတိယဦးစီးမှူး ဦးဝင်းသိန်းဦးကလည်း စားသုံးသူအကာအကွယ် ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများအား ဝယ်ယူသုံးစွဲသည့်အခါ သတိထားသင့်သော အချက်များ ၊စားသုံးသူအကာအကွယ်ပေး ရေးဆိုင်ရာဥပဒေလုပ်ထုံးလုပ်နည်းများအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးပြည့်စုံကြည်မြင့်က စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ၊ဆေးဝါးများအား နမူနာရယူ၍ ဓာတ်ခွဲစမ်းသပ်ပြီး စားသုံးရန်မသင့်သည့် အစားအသောက်များ၊ ဆေးဝါးများအား အလျဉ်းသင့်သလို ကြေညာချက်ထုတ်ပြန်ပေး နေပါကြောင်း ၊အစားအသောက်များ ဝယ်ယူပါက ကြေငြာချက်ထုတ်ပြန်ထားသော အစားအသောက်များအား ဝယ်ယူစားသောက်မှုမှ ရှောင်ကျဉ်ရန် လိုအပ်ကြောင်းနှင့်ကျောင်းသား၊ ကျောင်းသူများ သတိထား စားသောက်သင့်သော အချက်များအား အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား ပရိုဂျက်တာဖြင့်လည်းကောင်း၊ စားသောက်ရန်မသင့်သည့် အစား အသောက်များ ခင်းကျင်းပြသနေမှုကို လည်းကောင်း ကြည့်ရှုမှတ်သားနာယူကြရန် ပြောကြားခဲ့ပါသည်။

ဟောပြောပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးဝင်းသိန်းဦးသည် ကျောင်းအုပ်ကြီးဦးဇက်ဂမ်ထံသို့ ပြဋ္ဌာန်းချက်ဥပဒေစာအုပ်၊ ပညာပေးလက်ကမ်း စာစောင်များ၊နိုင်ငံပိုင်သတင်းစာမှ ထုတ်ပြန်ထားရှိသည့် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများ စာရင်းကို ပေးအပ်ခဲ့ပြီးနောက် ကျောင်းမုန့်ဈေးဆိုင်များသို့ သွားရောက်၍ အစားအသောက် ရောင်းချနေမှုများအား ဘေးဥပဒ်ကင်းသည့် အစားအသောက်ရောင်းချရေးနှင့် သန့်ရှင်း လတ်ဆတ်သော အစားအစာများရောင်းချရန်၊ ရောင်းချနေသူများသည်လည်း တစ်ကိုယ်ရည် သန့်ရှင်းမှုရှိရန် လိုအပ်ကြောင်း အကြံပြု ဆွေးနွေးခဲ့ကြပါသည်။

**ဘောမ်ဇုန်း**

**စားသုံးသူရေးရာဌာနခွဲ မြစ်ကြီးနား**

## ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကိုထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက်အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၂၃ ရက် နံနက် ၀၉:၃၀ နာရီတွင် ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါဟောပြောဆွေးနွေးပွဲအခမ်းအနားသို့မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေး နှင့်စားသုံးသူရေးရာ ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး၊အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ၊ ကျောင်းသားမိဘများ၊ ကျောင်းမုန့်ဈေးတန်း ရောင်းချသူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ဒေါ်ခင်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါက်တာစိုင်းဘုန်းမြင့်ကျော်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဓာတုဆိုးဆေးများကြောင့်ဖြစ်ပွားသော ရောဂါများနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ခင်မြင့်မြင့်သန်းက မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်သည့်အတွက် ၂၀၁၅ခုနှစ်၊ နောက်ပိုင်းတွင် AEC ဖြစ်လာလျှင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်ရမည်ဖြစ်သဖြင့် စားသုံးသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ သိသင့်သိထိုက်သည့် အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များကိုလည်းကောင်း၊ ပြစ်မှုပြစ်ဒဏ်များ ကိုလည်းကောင်း၊ အစားအစာများတွင် အသုံးပြုနေသည့် ခွင့်မပြုဆိုးဆေးများအန္တရာယ်ကြောင့် ဖြစ်ပွားရသော ရောဂါများနှင့် ပတ်သက်၍လည်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါတယ်။

၎င်းနောက် ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီးက စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာနများ၏ ရှင်းလင်းပြောကြားချက်များကို ဆရာ/ဆရာမများ၊ကျောင်းသား/သူများအားလုံးလက်တွေ့လိုက်နာကြရန် ပြောကြား၍ ကျေးဇူးတင်စကားပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ကျောင်းမုန့်ဈေးတန်းတွင် လုံခြုံစိတ်ချရမှုမရှိသောမုန့်များကိုမရောင်းချစေရေးအတွက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မုန့်ဈေးတန်းရောင်းချနေသူများအား ကလေးများအတွက် ဘေးကင်းလုံခြုံ စိတ်ချရပြီးကျန်းမာရေးနှင့်ညီညွတ်သော အာဟာရဖြစ်စေသည့်မုန့်များကိုသာ ရွေးချယ်ရောင်းချကြစေရန် အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သတင်း ရရှိပါတယ်။

**မြင့်မာလာဝင်း စားသုံးသူ(မန္တလေး)**

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ပညာရေးကောလိပ်တွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကျင်းပ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန (နေပြည်တော်) စားသုံးသူရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိ ဝန်ထမ်းများသည် စားသုံးသူများ အစားအသောက်နှင့်ပတ်သက်၍ ဘေးအန္တရာယ် ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် မွန်းလွဲပိုင်းတွင် ပုသိမ် ပညာရေးကောလိပ် (ပညာရတနာခန်းမ)၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေးပြုလုပ်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးအောင်က ဘာကိုပဲစားစား၊ ဘာကိုပဲသုံးသုံး (Ever Suspect)၊ အမြဲသံသယစိတ်နဲ့ စစ်ဆေးပြီး စားသောက်ရမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်နှင့် အကျိုးအမြတ်များ၊ FDA ထောက်ခံ ချက်နှင့် Trichlorfon ယင်မနားဆေးသုံးထားသော ငါးပိ၊ ငါးခြောက်များ၊ ဖော်မလင် မပုပ်မသိုးဆေးသုံး ထားသော ပဲပြားများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အန္တရာယ်ရှိ အစားအစာများကို သံသယစိတ်နဲ့ စစ်ဆေးရမည်ဖြစ်ကြောင်း ဆွေးနွေးဟောပြောခဲ့ပါတယ်။ ထို့နောက် စားသုံးသူရေးရာဌာနခွဲ (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးခင်ဇော်က အစားအသောက်များ စားတဲ့အခါ မျက်စိ၊ နှာခေါင်း၊ ပါးစပ် အပြင် ဦးနှောက်နှင့် ဆုံးဖြတ်၍ စားသင့်ကြောင်း၊ အားလူးကြော်အထုပ်များတွင် ကုန်ဆုံးရက်မပါခြင်း၊ ဓါတုဆိုးဆေးများဖြင့် ပြုလုပ်ထားသော မှုန့်၊ ပုစွန်ခြောက်၊ ဇီးထုပ်၊ မက်မန်းပေါင်း၊ သကြားချောင်း၊ ဝေဖာ၊ လက်ဖက်၊ ဆေးဝါးအတုများ၊ ခန္ဓာကိုယ်အရေပြားကို ပျက်စီးစေသော ဓာတုဆေးဝါးများဖြင့် ပြုလုပ်ထားသော အလှကုန်ပစ္စည်းများ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူအငြင်းပွားမှုအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းခြင်း၊ အငြင်းပွားမှုအဖွဲ့၏ အရေးယူပိုင်ခွင့်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောခဲ့ပြီးနောက် စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းများကို ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ စားသုံးသူများ၊ ထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသုံးသူများမှလည်း မိမိကိုယ်ကို ကာကွယ်ပြီး၊ ဆရာ/ဆရာမလောင်းများ အနေနဲ့ မိမိတို့ကျရာဒေသများမှာ မိမိတပည့်များကိုပြန်လည်သင်ကြားပေးရန် မှာကြားခဲ့ပါတယ်။

အဆိုပါ အခမ်းအနားသို့ ဆရာ/ဆရာမ များနှင့် ကျောင်းသား/ကျောင်းသူ စုစုပေါင်း ၇၀၀ ဦး တက်ရောက်ခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်အောင် - ပုသိမ်**

# ကျောက်ဆည်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၁၈ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် ကျောက်ဆည်မြို့၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ပါ တယ်။

အဆိုပါဟောပြောဆွေးနွေးပွဲ အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဌ ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၃၅၀ ခန့် တက်ရောက်ခဲ့ကြပါတယ်။



ဟောပြော ဆွေးနွေးပွဲ တွင် ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဆက်လက်၍ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးကြည်စိန်က စားသောက်ကုန်ပစ္စည်းများသာမက အလှကုန်၊ လူသုံးကုန်ပစ္စည်းများပါ လုံခြုံစိတ်ချရမှုရှိစေရန် အတွက် စံချိန်/စံညွှန်းအရည်အသွေးပြည့်မီသောပစ္စည်းများကိုသာထုတ်လုပ်ကြရန်၊ မိမိကုန်ပစ္စည်း အရည် အသွေးထက် ပိုမို၍ အလွန်အကျူးကြော်ငြာခြင်းမပြုကြရန်နှင့် စားသုံးသူများမှလည်း အသိဉာဏ်နှင့် ရွေးချယ်ဝယ်ယူတတ်စေရန် အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါတယ်။ ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်မြင့်သန်းက မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ်၊ နောက်ပိုင်းတွင် AFTA ဖြစ်လာလျှင် စားသုံးသူ အကာအကွယ် ပေးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်ရမည်ဖြစ်သဖြင့် စားသုံးသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ သိသင့်သိထိုက်သည့် အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များကို အကျယ်တဝင့် ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ပြီး၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဌ ဒေါက်တာ အောင်မြင့်က " နေ့စဉ်စားသုံးနေရသော အစားအစာများ၏ အန္တရာယ် " ခေါင်းစဉ်ဖြင့် နေ့စဉ်ကျန်းမာ၊ အရွယ်တင်နုပျိုအောင် အစာစားနည်းများ၊ ယနေ့အစားအသောက်များတွင် အသုံးပြုနေသည့် တာရှည်ခံဓာတုဆိုးဆေးများကြောင့် ဖြစ်စေနိုင်သော ရောဂါများနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောဆွေးနွေး ခဲ့ပါသည်။ ဆက်လက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးငြိမ်းမြတ်က အစားအသောက်၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများ၊ ဈေးကွက်မတင်မီ စိစစ်ခြင်းနှင့် ဈေးကွက်တင်ပြီးစိစစ်ဆောင်ရွက်ခြင်းများကို ရှင်းလင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဂင်းနောက် ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းအုပ် ဆရာကြီးက စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာနများ၏ ရှင်းလင်းပြောကြားချက်များကို ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံးလက်တွေ့လိုက်နာကြရန် ပြောကြားခဲ့ပါတယ်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသူများမှ လုံခြုံစိတ်ချရမှုရှိသော စားသောက်ကုန်များနှင့် လုံခြုံစိတ်ချရမှုမရှိသော စားသောက်ကုန်များခွဲခြားပြသမှုအား ကြည့်ရှုပြီး သိရှိလို၍မေးမြန်းမှုများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ကျောင်းမုန့်ဈေးတန်းတွင် လုံခြုံစိတ်ချရမှုမရှိသောမုန့်များကိုမရောင်းချစေရေးအတွက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မုန့်ဈေးတန်း ရောင်းချနေသူများအား ကလေးများအတွက် ဘေးကင်းလုံခြုံ စိတ်ချရပြီးကျန်းမာရေးနှင့်ညီညွတ်သော အာဟာရဖြစ်စေသည့်မုန့်များကို သာရွေးချယ်ရောင်းချကြစေရန် အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်းသတင်းရရှိပါတယ်။

**မြို့ရီ (မန္တလေး)**

# မုံရွာမြို့အတွင်းရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ ပညာရေးကောလိပ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသ ကြီးဦးစီးမှူး ဦးခမ်လျန်စွမ်း ဦးဆောင်ပြီး တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဒီဇင်ဘာလ ၂၂ရက်နေ့ မုံရွာမြို့၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ လည်းကောင်း၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပညာရေး ကောလိပ်၌ လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲများ သွားရောက်ဆောင်ရွက်ခဲ့ပါသည်။

စားသုံးသူအကာအကွယ်ပေးရေးပညာပေး ဆွေးနွေးဟောပြောပွဲ နှစ်နေရာ၏ တာဝန်ခံများဖြစ်ကြသော ကျောင်းအုပ်ကြီး၊ကျောင်းအုပ်ဆရာမကြီးနှင့်အတူ ဆရာ/ဆရာမ ၃၀ ဦး၊ ကျောင်းသား/ကျောင်းသူ ၈၀၀ ဦး၊ စုစုပေါင်း ၈၃၀ ဦးတို့ တက်ရောက်ခဲ့ပြီး၊ လက်ကမ်းစာစောင် ၇၀၀၊ ကျန်းမာရေးဝန်ကြီးဌာနက စားသုံးရန်မသင့်ကြေငြာထားသော အစားအသောက်၊ရေသန့်၊စားသုံးဆီနှင့် သက်ဆိုင်သော လက်ကမ်းစာစောင် ၂၅၀ တို့ကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

ယင်းဟောပြောပွဲတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးခမ်လျန်စွမ်းက အန္တရာယ်ရှိအစားအသောက်နှင့် Entertainment အကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၏ သိကောင်းစရာများအကြောင်း ဆွေးနွေးခြင်း၊ ဒေါ်နှင်းနှင်းခိုင်က ဆေးလိပ်၊ အရက်၊ ဘီယာ၊ ကွမ်းတို့၏ဆိုးကျိုးနှင့် ဖြစ်ပွားနိုင်သော ရောဂါအန္တရာယ်များအကြောင်း၊ ဒေါ်သူဇာကျော်က အချိုရည်၊ အကင်နှင့် အချဉ်ရည်များ၏ဆိုးကျိုးများ အကြောင်း၊ ဒေါ်ယဉ်မာလှိုင်က မုန့်မျိုးစုံအန္တရာယ်အကြောင်း၊ ဒေါ်ခင်ချိုမြင့်က စားသုံးဆီများ၏ အန္တရာယ်များအကြောင်းကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ပညာရေးကောလိပ်တွင် သင်တန်းသား/သူများ မိမိတို့၏ ဟောပြောဆွေးနွေးမှုများအပေါ် ဘာသာရပ်အလိုက် နားလည်မှု ရှိ/မရှိ ပြန်လည်မေးမြန်းခြင်းနှင့် ဆုချီးမြှင့်ခြင်း၊ သင်တန်းသား/သူများ မှ သိရှိလိုသည့်မေးခွန်းများ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

**ခိုင်မို့မို့(မြင်းမူ)**

# ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ဆေးဝါးဖြန့်ဖြူးရောင်းချသူများ ဆေးဆိုင်ပိုင်ရှင်များအား ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကျင်းပ

ဒီဇင်ဘာလ ၂၂ ရက် နံနက် ၈း၀၀ နာရီတွင် ကရင်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် ဆေးဝါးဖြန့်ဖြူးရောင်းချသူများ၊ ဆေးဆိုင်ပိုင်ရှင်များအား ဆေးဝါးနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း သိရှိရပါတယ်။

အစည်းအဝေးသို့ ကရင်ပြည်နယ်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ တာဝန်ရှိသူများ၊ ဆေးဆိုင်ပိုင်ရှင်များ၊ ဆေးကုမ္ပဏီမှ တာဝန်ရှိသူများ စုစုပေါင်း ၆၀ဦးခန့် တက်ရောက်ခဲ့ကြပြီး၊ ကရင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာနေမျိုးအုန်းက အဖွင့်အမှာစကားပြောကြားပါတယ်။

ယင်းနောက်(FDA)မှ ဆေးဝါးကျွမ်းကျင်သူ ဒေါ်ခိုင်ခိုင်မွန်က ဆေးဝါးဖြန့်ဖြူးရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၊ မှတ်ပုံတင်ရေးကိစ္စများ၊ ဥပဒေများအား ရှင်းလင်းပြောကြားပြီး၊ ပြည်နယ်ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ သီဟမြင့်စိုးက ငှက်ဖျားရောဂါဖြစ်ပွားမှုဆိုင်ရာများ၊ ဆေးယဉ်ပါးမှု ဆိုင်ရာများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ ကရင်ပြည်နယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ထိုင်းနိုင်ငံမှ ဆေးဝါးတင်သွင်းမှု အခြေအနေများ၊ တရားမဝင် ကုန်သွယ်မှုများ၊ စားသုံးသူအကာကွယ်ပေးရေးဥပဒေပြဋ္ဌာန်းမှု အကောင်ထည်ဖော်ဆောင်ရွက်နေမှုများနှင့်



ဆက်လက်ဆောင် ရွက်ရန် အစီစဉ်များ၊ အသင်းအဖွဲ့ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ချက်များအား ရှင်းလင်းဆွေးနွေးပါတယ်။

ယင်းနောက် တက်ရောက်လာသူများက ဆွေးနွေးတင်ပြ မေးမြန်းကြပြီး ကရင်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဦးစီးမှူး ဒေါက်တာ နေမျိုးအုန်းက တရားဝင်၊ တရားမဝင် ဆေးဆိုင်များ အကြောင်း ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ထွန်းနိုင်လင်း (ကရင်ပြည်နယ်)**

Organizations News
Vol: 15, No.50 Monday December 28 2015

# ဒေသဆိုင်ရာကုန်သွယ်ရေး သဘောတူညီချက်များကို ဒဗလျူတီအိုလမ်းညွှန်ချက်များနဲ့ ညီညွတ်အောင်ဆောင်ရွက်ဖို့လိုအပ်

ဒေသတွင်း သဘောတူစာချုပ်များကို ချုပ်ဆိုရာတွင် ဒဗလျူတီအိုလမ်းညွှန်မှုများနဲ့ ကိုက်ညီအောင် ဆောင်ရွက်ဖို့ (၁၀)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)အဖွဲ့ဝင်နိုင်ငံများက သဘောတူညီခဲ့ကြကြောင်း ဘင်္ဂလားဒေ့ရှ် ကူးသန်းရောင်းဝယ်ရေးအတွင်းဝန် ဟဲဒါယဲတူလာအယ်လ်မာမွမ်းက ပြောပါတယ်။

"ဒေသဆိုင်ရာ သဘောတူစာချုပ်တွေကို ချုပ်ဆိုရာမှာ ဒဗလျူတီအိုပြဋ္ဌာန်းချက်တွေနဲ့ ကိုက်ညီဖို့ လိုအပ်တယ်ဆိုတဲ့ အချက်ကို ကြေညာချက်မှာ ကျွန်တော်တို့ ထည့်သွင်းခဲ့ပါတယ်"လို့ ဒီဇင်ဘာ ၂၁ ရက်က bdnews24.com သတင်းဌာနနဲ့ တွေ့ဆုံရာမှာ မာမွမ်းက ပြောပါတယ်။

ဒဗလျူတီအို ဝန်ကြီးအဆင့်အစည်းအဝေးကို ဒီဇင်ဘာ ၁၅ ရက်နေ့မှာ စတင်ခဲ့ပါတယ်။ အစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက်မှာ အပြီးသတ်ဆောင်ရွက်ဖို့ စီစဉ်ခဲ့ပေမယ့် ကြေညာချက်ကို အပြီးသတ် ပြုစုနိုင်ခြင်းမရှိတဲ့အတွက် နောက်တစ်ရက်အထိ ထပ်မံတိုးချဲ့ခဲ့ပါတယ်။ ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီမှာ ကျင်းပတဲ့ အစည်းအဝေးမှာ အာဖဂန်နစ္စတန်နဲ့ လိုင်ဘေးရီးယားနိုင်ငံတို့ကို ဒဗလျူတီအိုရဲ့ အဖွဲ့ဝင်သစ်တွေအဖြစ် လက်ခံခဲ့ပါတယ်။

"ပြဿနာကြီးကြီးမားမား အတော်များများကို ကျွန်တော်တို့ဖြေရှင်းနိုင်ခဲ့ပါတယ်။ ဒီအထဲက ထင်ရှားတဲ့ နမူနာတစ်ခုက ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံများ (Least Developed Countries-LDC) အတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး အစီအစဉ်ကို ချမှတ်နိုင်ခဲ့တာဖြစ်ပါတယ်"လို့ ကူးသန်းရောင်းဝယ်ရေး အတွင်းဝန်က ပြောပါတယ်။

ဂျီနီဗာမြို့မှာ ကျင်းပခဲ့တဲ့ အစည်းအဝေးမှာ သဘောတူညီချက် တစ်စုံတစ်ရာမရရှိခဲ့ပေမယ့် ၂၀၁၃ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီမှာကျင်းပတဲ့ ကိုးကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးမှာ သဘောတူညီမှု ရရှိခဲ့ပါတယ်။ ဘာလီအစည်းအဝေးမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ ဈေးကွက်များအတွင်း ဝင်ရောက်နိုင်ဖို့အတွက် အမေရိကန်ဒေါ်လာ တစ်ထရီလီယံ ဖြည့်ဆည်းပေးဖို့ သဘောတူညီခဲ့ကြပါတယ်။

# ကမ္ဘာ့ကုန်သွယ်ရေးမှာအဓိက စွမ်းဆောင်မှုများဖြင့် ဒဗလျူတီအို အစည်းအဝေးပြီးဆုံး

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ (၁၀) ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက်နေ့က ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့မှာ ကျင်းပပြီးစီးခဲ့ရာ အစည်းအဝေးပြီးဆုံးချိန်မှာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးစနစ် ဆက်လက်ရှင်သန်ရေးအတွက် ဆောင်ရွက်ပေးနိုင်မယ့် နိုင်ရိုဘီကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့ကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။




ကွန်ဖရင့်မှ ထွက်ပေါ်လာတဲ့ အဓိကရလဒ်များမှာ လယ်ယာစိုက်ပျိုးရေးပို့ကုန်များအတွက် ထောက်ပံ့ကြေးများ ပယ်ဖျက်ရေးသဘောတူညီချက်၊ အခွန်လျှော့ချပေးတဲ့ သတင်းအချက်အလက်နဲ့ နည်းပညာထုတ်ကုန်များရဲ့ စာရင်းတိုးချဲ့သတ်မှတ်ရေးနဲ့ လိုင်ဘေးရီးယားနဲ့ အာဖဂန်နစ္စတန်နိုင်ငံတို့အား ဒဗလျူတီအိုအဖွဲ့တွင် ပါဝင်ရေးစတဲ့ အချက်တွေပါဝင်ပါတယ်။

"ကျွန်တော်တို့ အောင်မြင်မှုအသစ်တွေ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ အစည်းအဝေးဆုံးဖြတ်ချက်တွေက အာဖရိကပြည်သူတွေရဲ့ ဘဝကို မြှင့်တင်ပေးနိုင်ပါလိမ့်မယ်။ တိုးတက်မှုက အပြည့်အဝ မရရှိသေးပေမယ့် ရလဒ်တွေ ထွက်ပေါ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်"လို့ ၂၀၀၁ ခုနှစ်နောက်ပိုင်း ပထမအကြိမ် အောင်မြင်တွေရရှိအောင် ဆောင်ရွက်နိုင်ခဲ့တဲ့ အောင်မြင်မှုကို ရည်ညွှန်းပြီး ဒဗလျူတီအို ညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအဇယ်ဗယ်ဒိုက ပြောပါတယ်။

အနှစ်နှစ်ဆယ် ကာလအတွင်း အာဖရိကမြေပေါ်မှာ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့တဲ့ ဒီအစည်းအဝေးကို နိုင်ငံပေါင်း ၁၆၂ နိုင်ငံမှ ဝန်ကြီးများ တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေး ဆုံးဖြတ်ချက်တွေကို အတည်ပြုခဲ့တဲ့ နိုင်ရိုဘီကြေညာချက်အရ ဖွံ့ဖြိုးပြီး နိုင်ငံတွေ ဆောင်ရွက်ဖို့ သတ်မှတ်ထားပြီးဖြစ်တဲ့ ပို့ကုန်ထောက်ပံ့ရေး အစီအစဉ်တွေကို ချက်ချင်းဖျက်သိမ်းပေးပြီး ဖွံ့ဖြိုးဆဲအဖွဲ့ဝင်နိုင်ငံတွေက ၂၀၁၈ ခုနှစ်မှာ အလားတူဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ယခုစည်းမျဉ်းစည်းကမ်းတွေက ဒေသဆိုင်ရာ အစားအစာဖူလုံရေး အစီအစဉ်တွေကို ဝင်ရောက်စွက်ဖက်မှု မဖြစ်စေရန်အတွက် သဘောတူညီချက်အသစ်မှာသတ်မှတ်ထားတဲ့အစိုးရရဲ့အစီအစဉ်တွေကိုလည်း ကင်းလွတ်ခွင့်ပေးဖို့ ဝန်ကြီးများက သဘောတူညီခဲ့ကြပါတယ်။ စားနပ်ရိက္ခာများကို အမြောက်အမြား ထုတ်လုပ်လျက်ရှိတဲ့ ထုတ်လုပ်သူများအား အစိုးရက ထောက်ပံ့ကြေးပေးနေတာကို ဖျက်သိမ်းဖို့ ဆုံးဖြတ်နိုင်ခဲ့ခြင်းက အစည်းအဝေးရဲ့ သမိုင်းဝင်အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း အဇယ်ဗယ်ဒိုက ပြောပါတယ်။

# အေအီးစီနောက်ပိုင်းမှာ နိုင်ငံခြားလုပ်ငန်းခွဲတွေ အင်ဒိုနီးရှားသို့ အလုံးအရင်းဖြင့် ဝင်လာမည်

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)ရဲ့ အထောက်အပံ့နဲ့ အင်ဒိုနီးရှားနိုင်ငံအတွင်းမှာ နိုင်ငံခြားက ဖရန်ချိုက်လုပ်ငန်းခွဲ (Franchise) တွေရဲ့ အရေအတွက်က ၂၀၁၆ ခုနှစ်မှာ တိုးတက်များပြားလာပြီး ဖရန်ချိုက်လုပ်ငန်းတွေကို ဆောင်ရွက်သူများမှာ အာဆီယံဒေသတွင်းရှိ အခြားနိုင်ငံများမှလည်း ဝင်ရောက်လာမှာဖြစ်တဲ့အတွက် အင်ဒိုနီးရှားနိုင်ငံက ဖရန်ချိုက်လုပ်ငန်းများရဲ့ ဈေးကွက်ကြီးတစ်ခုသက်သက် ဖြစ်လာနိုင်ကြောင်း အရာရှိတစ်ဦးက ပြောပါတယ်။

အင်ဒိုနီးရှား ကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းများအသင်း (Kadin) ရဲ့ ဖရန်ချိုက်လုပ်ငန်း ဆောင်ရွက်ရေးနဲ့ လိုင်စင်ထုတ်ပေးရေး အမျိုးသားကော်မတီဥက္ကဋ္ဌ အမီကာရာမေ့ရဲ့ အဆိုအရ အင်ဒိုနီးရှားနိုင်ငံမှာ နိုင်ငံခြား ဖရန်ချိုက်လုပ်ငန်း အရေအတွက်က လောလောဆယ်မှာ ၂၃၀ ရှိခဲ့ရာမှ လာမယ့်နှစ်မှာ ၃၀ ရာခိုင်နှုန်း ထပ်မံတိုးတက်လာနိုင်ကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

အေအီးစီဖြစ်ပေါ်လာချိန်မှာ ရောက်ရှိလာမယ့် နိုင်ငံခြားဖရန်ချိုက်စီးပွားရေးလုပ်ငန်းတွေထဲမှာ အစားအစာနဲ့ အဖျော်ယမကာ၊ ကျန်းမာရေးအလှအပပြုပြင်ရေး၊ ပညာရေးနဲ့ လက်လီရောင်းဝယ်ရေးလုပ်ငန်းတွေ ဝင်ရောက်လာမယ်လို့ သူကပြောပါတယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့ ဖရန်ချိုက် စီးပွားရေးလုပ်ငန်းတွေနဲ့ သက်ဆိုင်တဲ့ စည်းမျဉ်းဥပဒေ တင်းကျပ်မှုကြောင့် အင်ဒိုနီးရှားနိုင်ငံက ဖရန်ချိုက်လုပ်ငန်းများရဲ့ ဈေးကွက်အဖြစ်သာ ပေါ်ထွန်းလာနိုင်ဖွယ်ရှိကြောင်း အမီက ပြောပါတယ်။

ဖရန်ချိုက်လုပ်ငန်းတွေက ထိုင်း၊ စင်ကာပူနဲ့ ဖိလစ်ပိုင်နိုင်ငံတွေမှာ ဌာနချုပ်တွေ ပထမဆုံးဖွင့်လှစ်ပြီးမှသာ အင်ဒိုနီးရှားနိုင်ငံအတွင်းသို့ ဖရန်ချိုက်လုပ်ငန်းအများအပြား ဝင်ရောက်လာလိမ့်မယ်လို့ သူက ခန့်မှန်းထားပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဖြင့် အာဆီယံနိုင်ငံများနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ ထားရှိတဲ့ လွတ်လပ်စွာ ကုန်သွယ်ခွင့်အခွင့်အရေးများမှ ရရှိလာမယ့် အခွင့်အလမ်း များကို ဖရန်ချိုက်လုပ်ငန်းများက ရယူမှာဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# အေအီးစီမှ ဖြစ်ပေါ်လာမယ့် အလားအလာများကို မလေးရှားတယ်လီကွန်ကုမ္ပဏီထုတ်ယူသုံးစွဲမည်

အာဆီယံစီးပွားရေး အသိုက်အဝန်း(အေအီးစီ)အရ ရရှိလာမယ့် အခွင့်အလမ်းများကို အပြည့်အဝရယူခံစားနိုင်ရေးအတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများအတွင်းရှိ ဆက်သွယ်ရေးကုမ္ပဏီများနဲ့ အနှစ်နှစ်ဆယ်ကျော် တည်ဆောက်ခဲ့တဲ့ မဟာမိတ်ဖြစ်မှုကို Telecom Malaysia Bhd (TM) ကုမ္ပဏီက ဆက်လက်ရှင်သန်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း နယူးစထရိတ်တိုင်းသတင်းမှာ ဖော်ပြပါတယ်။

အာဆီယံ နိုင်ငံများအတွင်း ဆက်သွယ်မှုက ဆက်သွယ်ရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှုမှ တစ်ဆင့် တည်ရှိထားပြီးဖြစ်ကြောင်း အထူးသဖြင့် နယ်နိမိတ်ဖြတ်ကျော်သွားလာနေရတဲ့ ဖောက်သည်တွေအတွက် နယ်နိမိတ်ဖြတ်ကျော်ပြီး အသံနဲ့ဒေတာပို့လွှတ်မှု ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း TM Group အမှုဆောင်အရာရှိချုပ် တန်ဆရီဇမ်ဇမ်ဇိုင်ရာနီမွတ်အီဆာက ပြောပါတယ်။

"ကျွန်တော်တို့ နောက်ထပ်ခြေတစ်လှမ်းကိုဆက်ပြီး လှမ်းပါမယ်။ အဲဒီအစီအစဉ်ကတော့ Acasia လို့ခေါ်တဲ့ ဖက်စပ်ကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။ အခုအချိန်က Acasia အတွက် လုပ်ငန်းတွေ ပြန်လည်ထွန်းတောက်လာဖို့အတွက် အချိန်ကိုက်ပါပဲ။ အေအီးစီကလည်း စတင်အကောင်အထည်ဖော်မှာဖြစ်တဲ့အတွက် အဓိကအချက်ကတော့ အခြေခံအဆောက်အအုံကို ထူထောင်ပြီး ဒီအခြေခံ အဆောက်အအုံကလည်း ကျွန်တော်တို့ဖောက်သည်တွေ အနေနဲ့ သက်ဆိုင်ရာနိုင်ငံတွေမှာ စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ ကုန်ကျစရိတ် သက်သာစေဖို့ဖြစ်ပါတယ်" လို့ နယူးစထရိတ်တိုင်းသတင်းနဲ့ တွေ့ဆုံရာမှာ သူကပြောပါတယ်။

၁၉၉၅ ခုနှစ်က Acasia Communications Sdn.bhd ကို တည်ထောင်စဉ်က ဇမ်ဇမ်ဇိုင်ရာနီက စတင်တည်ထောင်သူတွေမှာ တစ်ဦးအဖြစ် ပါဝင်ပါတယ်။ Acasia မှာ TM, CAT (Thailand) Indosat (Indonesia); PLDT (Philippine); SingTel (စင်ကာပူ)၊ Telbru (ဘရူနိုင်း)နဲ့ UNPT (ဗီယက်နမ်)နိုင်ငံတွေ ပါဝင်ပါတယ်။

# စားသုံးသူများကို အွန်လိုင်းလိမ်လည်မှုများမှ ကာကွယ်ဖို့ ထိုင်းအစိုးရဆောင်ရွက်

မှတ်ပုံတင်ထားပြီးဖြစ်တဲ့ စီးပွားရေးလုပ်ငန်းများနဲ့သာ ရောင်းဝယ်မှုပြုလုပ်ဖို့ ဆောင်ရွက်တဲ့ အစီအစဉ်တစ်ရပ်အဖြစ် ထိုင်းစီးပွားရေး ဖွံ့ဖြိုးမှုဌာနက အွန်လိုင်းကုန်သွယ်မှုလုပ်ငန်းများနဲ့ တွေ့ဆုံပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

ဒီလိုဆောင်ရွက်တာရဲ့ ရည်ရွယ်ချက်က မမှန်မကန် ဆောင်ရွက်ပြီး စားသုံးသူတွေကို ဆွဲဆောင်နေတဲ့ ကုန်သည်တွေကို ကာကွယ်တားဆီးသွားဖို့ဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးမှုဌာနက pantipmarket.com; Kaidec.com; prakard.com; pramool.com နဲ့ thai second hand.com စတဲ့ ဝက်ဘ်ဆိုက်တွေနဲ့ တွေ့ဆုံဖို့ စီစဉ်ထားကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ရက်တနာ သီရန်ဘီဆစ်စကူးက ပြောပါတယ်။

"အွန်လိုင်းမှ ကုန်သွယ်မှုဖွံ့ဖြိုးလာခြင်းနဲ့အတူ စားသုံးသူအများစုမှာ အလိမ်ခံနေကြရတဲ့အတွက် အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် ပြဿနာတွေကို ကာကွယ်ဖို့ အွန်လိုင်းကုန်သွယ်မှုကို ကြပ်မတ်ထိန်း သိမ်းနိုင်အောင် အစိုးရက စည်းမျဉ်းဥပဒေတွေကို ပြဋ္ဌာန်းပေးဖို့ လိုအပ်လာပါတယ်"လို့ သူမကပြောပါတယ်။

အွန်လိုင်းကုန်သွယ်မှုကို ကောင်းစွာထိန်းသိမ်းကွပ်ကဲနိုင်ဖို့အတွက် အွန်လိုင်းကုန်သွယ်သူများအဖြစ် မှတ်ပုံတင်ကြဖို့ ကုမ္ပဏီအများအပြားကို စီးပွားရေးဖွံ့ဖြိုးမှုဌာနက တိုက်တွန်းထားပါတယ်။ ဒီကုမ္ပဏီတွေထဲမှာ Thai-commsumerstore.com; thaitrade.com; tarad.com; weloveshopping.com; pantavanij.com နဲ့ inwmall.com တို့ ပါဝင်ပါတယ်။ လာမယ့်နှစ်မှာ အွန်လိုင်းကုန်သည်များအဖြစ် မှတ်ပုံတင်မယ့် အရေအတွက် သုံးဆတိုးပြီး ၄၅၀၀၀ အထိ တိုးတက် လာလိမ့်မယ်လို့ ဌာနက ခန့်မှန်းထားပါတယ်။

အွန်လိုင်း ကုန်သွယ်မှုစွမ်းဆောင်ရည် တိုးတက်ရေးနဲ့ အီးကောမတ်စ် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ဌာနက အစိုးရအေဂျင်စီများ၊ ပုဂ္ဂလိကကဏ္ဍတို့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရက်တနာက ပြောပါတယ်။

# နည်းပညာကဏ္ဍတွင် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုမရှိ

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဒါနန်းမြို့တော်ရှိ စီးပွားရေးလုပ်ငန်း ၁၅၀၀၀ အနက် လုပ်ငန်းနှစ်ခုသာ ထုတ်လုပ်ရေးနည်းပညာသုတေသန လုပ်ငန်းကို ဆောင်ရွက်နိုင်ကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

နည်းပညာအဆင့်မြင့် လုပ်ငန်း အဆင့်အတန်းအဖြစ် သတ်မှတ်နိုင်တဲ့ စီးပွားရေးလုပ်ငန်းက မရှိသလောက် ရှားပါးနေကြောင်း ဒါနန်းမြို့ သိပ္ပံနဲ့ နည်းပညာဌာနက ညွှန်ကြားရေးမှူး လေကွမ်နန်းက ပြောပါတယ်။ ဒီအခြေအနေကို ကြည့်ခြင်းအားဖြင့် ဒါနန်းမြို့ရှိ ကုမ္ပဏီအများစုမှာ ယခုအချိန်ထိ ထုတ်လုပ်ရေးအတွက် နည်းပညာ သုတေသန ဆောင်ရွက်ဖို့ ရန်ပုံငွေ မရှိသေးတဲ့ သဘောကို တွေ့ရပါတယ်။

"နည်းပညာအဆင့်နဲ့ ပတ်သက်တဲ့ စံနှုန်းကိုက်ညီတဲ့ ကုမ္ပဏီတွေ မရှိသလောက် ရှားပါးနေပါတယ်။ နည်းပညာမြင့်မားတဲ့ ဈေးကွက်ဝင် ထုတ်ကုန်တွေ ထုတ်လုပ်ဖို့အတွက် စီးပွားရေးလုပ်ငန်းတွေမှာ သိပ္ပံနဲ့နည်းပညာသုတေသနအတွက် ရန်ပုံငွေထားရှိဖို့ လိုအပ်နေပါတယ်"လို့ နမ်ကပြောပါတယ်။

နည်းပညာက အရေးပါတဲ့ အကြောင်းတရားတစ်ခုဖြစ်ပြီး ဗီယက်နမ်နိုင်ငံအနေနဲ့ ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်ရေး (Trans-Pacific Partnership- TPP) နဲ့ အာဆီယံစီးပွားရေး အသိုက်အဝန်းကို ဝင်ရောက်တဲ့အခါ ကြုံတွေ့ရမယ့် ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုဈေးကွက်မှာ စီးပွားရေးလုပ်ငန်းတွေ ဆက်လက်ရှင်သန်ဖို့အတွက် အထောက်အကူရရှိစေမှာဖြစ်ပါတယ်။

နည်းပညာနဲ့ သိပ္ပံပညာဆိုင်ရာ သုတေသနကို ဦးစားပေးဆောင်ရွက် ဖို့ ချမှတ်ထားတဲ့ အစိုးရရဲ့ မူဝါဒက စီးပွားရေးလုပ်ငန်းတွေကို ဆွဲဆောင်နိုင်ခြင်းမရှိသေးပါဘူး။



နည်းပညာနဲ့ သိပ္ပံပညာဆိုင်ရာ သုတေသနလုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်းမရှိတာက ဒါနန်းရှိ စီးပွားရေးလုပ်ငန်းတွေရဲ့ အားနည်းချက်တစ်ခုဖြစ်နေကြောင်း မြို့တော်ရဲ့ ပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုဒိုင်ခေါင်က ပြောပါတယ်။

"ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေအနေနဲ့ နည်းပညာဆိုင်ရာ သုတေသနမှာ ရင်းနှီးမြှုပ်နှံမှု ညံ့ဖျင်းတဲ့အတွက် အာဆီယံဒေသရှိ ထိုင်း သို့မဟုတ် မလေးရှားမှာရှိတဲ့ လုပ်ငန်းတွေနဲ့ ယှဉ်ပြိုင်နိုင်ခြင်းမရှိပါဘူး။ TPP အရလည်း ထုတ်ကုန်စံနှုန်းတွေနဲ့ ပတ်သက်တဲ့ နည်းဥပဒေတွေ တင်းကျပ်တဲ့အတွက် စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့နေရပါတယ်"လို့ ခေါင်က ပြောပါတယ်။

# စင်ကာပူစီးပွားရေး မဟာဗျူဟာများကို ပြန်လည်သုံးသပ်ဖို့ အနာဂတ်စီးပွားရေးဆိုင်ရာ ကော်မတီကိုဖွဲ့စည်း

စင်ကာပူ ဘဏ္ဍာရေးဝန်ကြီးဌာန (MOF) ရဲ့ သတင်းထုတ်ပြန်ချက်အရ အနာဂတ်ကာလမှာ စင်ကာပူရဲ့ အနေအထားကို ကောင်းမွန်စွာ ထူထောင်နိုင်ရေးအတွက် စီးပွားရေးမဟာဗျူဟာများကို ချမှတ်ရန် အဖွဲ့ဝင် ၃၀ ပါဝင်တဲ့ အနာဂတ် စီးပွားရေးကော်မတီ (Committee on the Future Economy-CFE) ကို စင်ကာပူဘဏ္ဍာရေးဝန်ကြီး ဟန်ဆွီးကိတ ဦးဆောင်မည်ဖြစ်ကြောင်း ရှင်ဝါသတင်းမှာ ဖော်ပြပါတယ်။

ကော်မတီကို ဘဏ္ဍာရေးဝန်ကြီး ဟန်ဆွီးကိတ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်မှာဖြစ်တယ်လို့ MOF က ထုတ်ပြန်ခဲ့ပါတယ်။

ယာယီပညာရေးဝန်ကြီး အွန်ယဲကွန်း၊ အမျိုးသားကုန်သွယ်ရေးသမဂ္ဂ ကွန်ဂရက် အထွေထွေအတွင်းရေးမှူး ချန်ချွန်ဆင်းနဲ့ အမျိုးသားဖွံ့ဖြိုးရေးဝန်ကြီး လောရင့်ဝေါင်းတို့လည်း ကော်မတီအဖွဲ့ဝင်များအဖြစ် ပါဝင်မှာဖြစ်ပါတယ်။ အခြားကော်မတီအဖွဲ့ဝင်များမှာ နိုင်ငံစုံကုမ္ပဏီများနဲ့ ပြည်တွင်းကုမ္ပဏီများမှ ခေါင်းဆောင်များလည်းပါဝင်ပါတယ်။ အဖွဲ့ ဝင်များရဲ့ နောက်ခံများ၊ အတွေ့အကြုံများနဲ့ ကျွမ်းကျင်မှုများက ရှုထောင့်အမျိုးမျိုးမှ ဖြည့်ဆည်းပံ့ပိုးပေးမှာဖြစ်ပြီး လုပ်ငန်းအရပ်ရပ်မှာ အမျိုးမျိုးသော လူပုဂ္ဂိုလ်များ ပါဝင်အောင် အထောက်အကူပေးသွားမှာ ဖြစ်ကြောင်း MOF မှာ ဖော်ပြပါတယ်။

CFE က ကမ္ဘာနဲ့ ပြည်တွင်းမှာ လတ်တလော ဖြစ်ပေါ်နေတဲ့ အဖြစ်အပျက်တွေကို ပြန်လည်သုံးသပ်ပြီး ၂၀၁၀ ပြည့်နှစ် စီးပွားရေးမဟာဗျူဟာဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို နောက်ဆုံးဖြစ်ပေါ်နေတဲ့ အခြေအနေများနဲ့ကိုက်ညီအောင် ပြင်ဆင်သွားမှာဖြစ်ပါတယ်။ စင်ကာပူအနာဂတ်စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အရေးပါတဲ့ နယ်ပယ်ငါးရပ်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနယ်ပယ်ငါးရပ်ထဲမှာ အနာဂတ်ဖွံ့ဖြိုးရေး စက်မှုလုပ်ငန်းများနဲ့ ဈေးကွက်များ၊ ကော်ပိုရိတ်များရဲ့ စွမ်းဆောင်ရည်နဲ့ ဆန်းသစ်တီထွင်မှု၊ အလုပ်အကိုင်နဲ့ ကျွမ်းကျင်မှု၊ မြို့ပြဖွံ့ဖြိုးရေးနဲ့ အခြေခံအဆောက်အအုံနဲ့ ဆက်သွယ်ရေးစတဲ့ နယ်ပယ်တွေပါဝင်ပါတယ်။

"CFE အစီအစဉ်က စင်ကာပူနိုင်ငံနဲ့ စင်ကာပူနိုင်ငံသားတွေအတွက် အရေးကြီးတဲ့ လမ်းဆုံလမ်းခွအဖြစ် တည်ရှိနေပါတယ်။ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ အလုပ်သမားတွေက ကမ္ဘာ့စီးပွားရေး နှေးကွေးမှုနဲ့ ကုန်ကျစရိတ် မြင့်တက်နေတာကို ရင်ဆိုင်နေရတဲ့ အချိန်ဖြစ်ပြီး ဒီအခက်အခဲတွေနဲ့ ကိုက်ညီအောင် ဖြေရှင်းနေရတဲ့အချိန်ဖြစ်ပါတယ်"လို့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

CFE ရဲ့ ရည်မှန်းချက်တွေကို ၂၀၁၆ ခုနှစ်အကုန်မှာ အပြီးသတ်ဆောင်ရွက်မှာဖြစ်ပြီး ကော်မတီကလည်း စီးပွားရေးကဏ္ဍအားလုံးရဲ့ အမြင်တွေကို ကိုယ်စားပြုနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

# ၂၀၁၆ ခုနှစ်မှာ ဖိလစ်ပိုင်ပို့ကုန်များ ကျဆင်းမယ်လို့ ခန့်မှန်း

ကုန်စည်ဈေးနှုန်းများ ကျဆင်းမှုနဲ့ ဝယ်လိုအား ကျဆင်းမှုတို့ကြောင့် လာမယ့်လတွေမှာ ဖိလစ်ပိုင်နိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းတွေ ကျဆင်းနိုင်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ စီးပွားရေးပညာရှင် အကြီးအကဲရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဖိလစ်ပင်းစတား သတင်းမှာ ဖော်ပြပါတယ်။

"ကုန်သွယ်ဖက် နိုင်ငံတွေရဲ့ ဝယ်လိုအားကျဆင်းမှုနဲ့ ဖိလစ်ပိုင်နိုင်ငံရဲ့ အဓိကပို့ကုန် ကုန်စည်တွေရဲ့ဈေးနှုန်းကျဆင်းမှုကြောင့် စုစုပေါင်း ပို့ကုန်ကို ကျဆင်းစေခဲ့ပါတယ်။ အဓိကဈေးကွက်တွေမှာ ကျဆင်းမှုက အချိန်အတော်ကြာထိ ဆက်လက်တည်ရှိနေဦးမှာဖြစ်တဲ့အတွက် ဖိလစ်ပိုင်ပို့ကုန်လုပ်ငန်းရှင်တွေက သူတို့ရဲ့ ဈေးကွက်အခြေခံစခန်းတွေနဲ့ ထုတ်ကုန်လိုင်းတွေကို ထပ်မံတိုးချဲ့ဖို့ လိုအပ်ပါလိမ့်မယ်"လို့ ဒုတိယဘဏ္ဍာရေးဝန်ကြီး ဂီလ်ဆဲလ်ထရန်က ပြောပါတယ်။

ဖိလစ်ပိုင် စာရင်းရုံး အာဏာပိုင်အဖွဲ့ (Philippine Statistics Authority) ရဲ့ အဆိုအရ လွန်ခဲ့တဲ့ ၁၀ လအနက် ခုနစ်လမှာ ပို့ကုန်လုပ်ငန်းတွေ ကျဆင်းခဲ့တယ်လို့ သိရပါတယ်။ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပြည်ပကိုတင်ပို့မှု တန်ဖိုးစုစုပေါင်းက အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၈၇၁ ဘီလီယံရှိခဲ့တဲ့အတွက် ယခင်နှစ်ကရှိခဲ့တဲ့ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၂၄ ဘီလီယံနဲ့ နှိုင်းယှဉ်ရင် ၆ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ အဓိက တရားခံက ပို့ကုန်တန်ဖိုးကို ကျဆင်းစေခဲ့တဲ့ ကုန်စည်ဈေးနှုန်းတွေ ကျဆင်းမှု ကြောင့်ဖြစ်ကြောင်း ဆဲလ်ထရန်က ပြောပါတယ်။

ဘဏ္ဍာရေးဝန်ကြီးရုံးက ထုတ်ပြန်ချက်အရ ယခုနှစ်ပထမလအတွင်း စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများအတွင်းရှိ သွင်းကုန်ဈေးနှုန်း အညွှန်းကိန်းများက ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ လွန်ခဲ့တဲ့နှစ်နှစ်က ရှိခဲ့တဲ့ ၁ ဒသမ ၂ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ပါက မြင့်တက်လာတာကို တွေ့ရပါတယ်။

ဈေးနှုန်းများ ကျဆင်းလာတာကို ကြည့်ခြင်းအားဖြင့် ဝင်ငွေတိုးမြှင့်ဖို့အတွက် ပို့ကုန်အရေအတွက် ပိုမိုတင်ပို့ရမယ့် သဘောကို တွေ့ရပါတယ်။ အခြား စိန်ခေါ်မှုတစ်ခုမှာ ဂျပန်နိုင်ငံအပါအဝင် ကုန်သွယ်ဖက်နိုင်ငံများရဲ့ စီးပွားရေး ကျဆင်းမှုဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**အော့စတာလီ(ကနေဒါ)**

ယခုနှစ်မှာ ကမ္ဘာ့လေကြောင်းလိုင်းများရဲ့ စုစုပေါင်းအမြတ်က အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ထိ ရောက်ရှိခဲ့ကြောင်း၊ ထိုကဲ့သို့ တိုးတက်ခဲ့ရခြင်းမှာ ၂၀၁၄ ခုနှစ်နဲ့ နှိုင်းယှဉ်ပါက ခရီးသည်အရေအတွက် ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခြင်း နဲ့ ဂျက်လေယာဉ်ဆီ ဈေးနှုန်း ၄၀ ရာခိုင်နှုန်း ကျဆင်းခြင်းတို့ကြောင့်ဖြစ်ကြောင်း စီးပွားရေးလေကြောင်းလိုင်း ၁၄၀၀ ကို ကိုယ်စားပြုလျက်ရှိတဲ့ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ရဲ့ ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဒီဇင်ဘာ ၂၂ က ဖော်ပြပါတယ်။

**စင်ကာပူ**

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ၁၀ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အတိုးနှုန်းကို ဒီဇင်ဘာ ၁၆ ရက်က မြှင့်တင်ပေးခဲ့ပြီးနောက်ပိုင်း ဒေါ်လာတန်ဖိုး ပြန်လည်မြင့်တက်ခဲ့ပြီးနောက် ရွှေဈေးနှုန်းများ ကျဆင်းလာခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ရွှေတစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၀၀၀ အောက်သို့ပင် ကျဆင်းနိုင်ကြောင်း OCBC ဘဏ်မှ Wealth Management ဒုတိယဥက္ကဋ္ဌ မစ္စတာ ဗာဆန်မယ်နွန်ရဲ့ သုံးသပ်ချက်ကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

**ပေကျင်း**

ယွမ်ငွေကြေး ရောင်းဝယ်မှုကို လောလောဆယ်မှာ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲ (ဂရင်းနစ်စံတော်ချိန် ၀၈ း ၀၀ နာရီ)မှာ ပိတ်သိမ်းလျက်ရှိရာမှာ လာမယ့်လက စပြီး တရုတ်ဗဟိုဘဏ်ရဲ့ နိုင်ငံခြားငွေရောင်းဝယ်ရေးဌာနကို ည ၁၁ နာရီခွဲထိ ဖွင့်လှစ်ပေးပြီး ရောင်းဝယ်ချိန်တိုးပေးမှာဖြစ်ကြောင်း ဗဟိုဘဏ်ဝက်ဘ်ဆိုက်ကြေညာချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

**ဆိုးလ်**

အမေရိကန် ပြည်ထောင်စု ဗဟိုဘဏ်က မကြာသေးမီက အတိုးနှုန်းကို မြှင့်တင်လိုက်တဲ့အတွက် တောင်ကိုရီးယားပြည်တွင်း စီးပွားရေးလုပ်ငန်းများတွင် ငွေဖြစ်လွယ်မှု အကျပ်အတည်းနဲ့ ကြုံတွေ့နိုင်ရဖွယ်ရှိကြောင်း တောင်ကိုရီးယား ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး လီဂျူယိုးက သတိပေးစကား ပြောကြားပြီး စီးပွားရေး ပြန်လည်တည်ဆောက်မှုအရှိန်ကိုမြှင့်တင်ဖို့ တိုက်တွန်းချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

**EAST ASIA**

## တောင်ကိုရီးယားစီးပွားရေးဖွံ့ဖြိုးမှုနဲ့ ဖွဲ့စည်းတည်ဆောက်ပုံ ပြုပြင်ပြောင်းလဲရေး အတွက် စီးပွားရေးအဖွဲ့သစ်ဖွဲ့စည်း

ဘဏ္ဍာရေးဝန်ကြီးအဖြစ် အဆိုပြုတင်ပြထားတဲ့ ယူအီးဟိုခေါင်းဆောင်တဲ့ တောင်ကိုရီးယားစီးပွားရေးအဖွဲ့သစ်က တောင်ကိုရီးယားစီးပွားရေး ဖွံ့ဖြိုးမှု ပြန်လည်ရှင်သန်ရေးကို အလေးပေးဆောင်ရွက်မှာဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်တည်ဆောက်ပေးနိုင်မယ့် ပြုပြင်ပြောင်းလဲမှုတွေကို တွန်းအားပေးချမှတ်ဆောင်ရွက်သွားလိမ့်မယ်လို့ လေ့လာအကဲခတ်ရေး သမားများက ဒီဇင်ဘာ ၂၁ ရက်က ပြောပါတယ်။

အာရှဒေသရဲ့ စတုတ္ထမြောက် စီးပွားရေး အကြီးမားဆုံးဖြစ်တဲ့ တောင်ကိုရီးယားစီးပွားရေးအတွက် ပြည်တွင်းပြည်ပမှ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတာကြောင့် အာဏာရပါတီ Saenuri Party မှ လွှတ်တော်ကိုယ်စားလှယ်အား စီးပွားရေးဆိုင်ရာ အာဏာပိုင်အဖြစ် သတ်မှတ်ပေးခဲ့ကြောင်း ယွန်းဟပ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ပို့ကုန်ကျဆင်းမှုနဲ့ စားသုံးသူ သုံးစွဲမှုကျဆင်းနေတဲ့အတွက် တောင်ကိုရီးယားစီးပွားရေးက ယခုနှစ်မှာ ၂ ဒသမ ၇ ရာခိုင်နှုန်းသာ တိုးတက်နိုင်ပြီး၊ ၂၀၁၆ ခုနှစ်မှာ ၃ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

တောင်ကိုရီးယားရဲ့ နံပါတ်တစ် ပို့ကုန်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေး နှေးကွေးကျဆင်းမှုနဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ဗဟိုဘဏ်အတိုးနှုန်း မြှင့်တင်မှုစတဲ့ အကြောင်းအရာများက တောင်ကိုရီးယား စီးပွားရေးအပေါ်မှာ အကျိုးသက်ရောက်မှုရှိစေတဲ့အကြောင်းတရားတွေဖြစ်ပါတယ်။ ငွေကြေးချေးငှားမှု ကုန်ကျစရိတ် ကျဆင်းမှုကြောင့် ပူပေါင်းသဖွယ် ဖောင်းပွခဲ့တဲ့ အိမ်ထောင်စုချေးငွေ မြင့်တက်လာတာကိုလည်း တောင်ကိုရီးယားနိုင်ငံက ဖြေရှင်းပေးမှာ ဖြစ်ပါတယ်။

"ယူအီးဟိုနဲ့ မူဝါဒရေးဆွဲသူများအတွက် ရှေ့မှာတည်ရှိနေတဲ့လမ်းက ကြမ်းတမ်းနေပါတယ်"လို့ အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောပါတယ်။

ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်ကို ပြန်လည်ရောက်ရှိအောင် ယူအီးဟိုအနေနဲ့ ဦးစားပေးဆောင်ရွက်ရမှာဖြစ်ကြောင်း ဆိုးလ်မြို့ရှိ ကိုရီးယားစီးပွားရေးသုတေသနသိပ္ပံ ဒုတိယဥက္ကဋ္ဌ ဘေးဆန်ကွန်း အပါအဝင် စီးပွားရေးလေ့လာရေး အကဲခတ်သမားတွေက ပြောပါတယ်။

**SOUTH ASIA**

## ထူထောင်စလုပ်ငန်းများ ငွေကြေးရရှိရေးအတွက် အိန္ဒိယဗဟိုဘဏ်က လမ်းကြောင်းဖော်ထုတ်

အိန္ဒိယနိုင်ငံအတွင်းရှိ ထူထောင်စလုပ်ငန်းများအတွက် ပြည်ပရှိ တစ်သီးပုဂ္ဂလိက ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိက အီကွိတီရှယ်ယာမြှုပ်နှံသူများ အပါအဝင် ငွေကြေးအရင်းအမြစ် အမျိုးမျိုးမှ ငွေ ကြေးများ စီးဝင်လာတော့မည်ဖြစ်ရာ ထိုငွေကြေးများ လွှဲပြောင်း ပေးပို့ရာတွင် အကြံဉာဏ်များပေးရန် အကူအညီပေးရေးလမ်းကြောင်းကို အိန္ဒိယဗဟိုဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်ထားပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ နိုင်ငံခြားငွေစီမံခန့်ခွဲရေး အက်ဥပဒေနဲ့အညီ ချမှတ်ထားတဲ့လမ်းညွှန်မှုများနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မတည်ရင်းနှီးငွေများကို ရယူဆောင်ရွက်ရာမှာ ဥပဒေရေးရာကိစ္စများကို စီးပွားရေးလုပ်ငန်းများက နားလည်သိရှိထားကြမှာ မှန်သော်လည်း လုပ်ငန်းထူထောင်စလုပ်ငန်းများကို ဆောင်ရွက်နေသူများမှာ အလွန်ငယ်ရွယ်သူများ၊ အတွေ့အကြုံ မရှိသေးသူများ ဖြစ်ကြပါတယ်။ ထို့မျှမက တချို့လုပ်ငန်းများက ဆောင်ရွက်မယ့် ငွေကြေးပမာဏက သိန်းဂဏန်းမျှသာရှိတဲ့အတွက် ဥပဒေရေးရာလုပ်ငန်းများ (Law Firms) ကို ငှားရမ်း ဆောင်ရွက်ဖို့ အခက်တွေ့နေကြပါတယ်။

အကူအညီ တောင်းခံလိုသူများ အနေနဲ့ helpstart up @ rbi.org.in ဆိုတဲ့ အီးမေးလ်ကို ပေးပို့ပြီး တောင်းခံနိုင်ပါတယ်။ အဲဒီတောင်းခံမှုများကို အိန္ဒိယဗဟိုဘဏ် (Reserve Bank of in India-RBI) က ကိုင်တွယ် ဖြေရှင်းပေးမှာဖြစ်ပါတယ်။ ပြည်ပမှ ငွေလွှဲများကို ဆောင်ရွက်ရာတွင် လိုအပ်တဲ့ လမ်းညွှန်မှု သို့မဟုတ် အကူအညီများကို သတ်မှတ်ထားတဲ့ စည်းမျဉ်းဥပဒေမူဘောင်အတွင်းမှ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ဗဟိုဘဏ်က ပြောပါတယ်။

"လမ်းညွှန်မှုတွေကို တောင်းခံတဲ့အခါ စီးပွားရေးလုပ်ငန်းများက သတင်းအချက်အလက် အပြည့်အစုံကို RBI သို့ တင်ပြပြီး နိုင်ငံခြားငွေစီမံခန့်ခွဲမှု စည်းမျဉ်းဥပဒေနဲ့အညီ ဆောင်ရွက်ရာမှာ လိုအပ်တဲ့ အကူအညီကို အတိအကျ ဖော်ပြတောင်းခံရမှာဖြစ်ပါတယ်။ ဒါမှ တစ်ဦးချင်းအလိုက် လိုအပ်ချက်ကို အချိန်မီ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်"လို့ ဗဟိုဘဏ် ကပြောပါတယ်။

**USA**

## စားသုံးသူနဲ့ စီးပွားရေးလုပ်ငန်းများရဲ့ သုံးစွဲမှုမြင့်တက်သဖြင့် တတိယသုံးလပတ်မှာ အမေရိကန်စီးပွားရေးမြင့်တက်

စီးပွားရေးလုပ်ငန်းများက သိုလှောင်လက်ကျန်များကို ရှင်းလင်းချိန်မှာ စားသုံးသူများနဲ့ စီးပွားရေးလုပ်ငန်းများရဲ့ သုံးစွဲမှုမြင့်တက်လာတဲ့အတွက် အမေရိကန်စီးပွားရေးက ယခုနှစ် တတိယသုံးလပတ်မှာ အနည်းငယ်တိုးတက်မှုရှိလာကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုက နှစ်အလိုက် နှစ်ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၂ ရက်နေ့မှာ ပြောပါတယ်။

အမေရိကန် ပြည်ထောင်စု စီးပွားရေးရဲ့ ဧပြီ-ဇွန်သုံးလပတ် တိုးတက်မှုနှုန်းက ၃ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့ရာ ယခုတိုးတက်မှုက ကျဆင်းနေတာကို တွေ့ရပေမယ့် အမေရိကန်ပြည်ထောင်စုရဲ့ ဖွံ့ဖြိုးမှုနှုန်းက ရေရှည်မှာ ဖွံ့ဖြိုးမယ့် အလားအလာတွေရှိနေပါတယ်။ အမေရိကန်ဗဟိုဘဏ်ကလည်း အတိုးနှုန်းကို တိုးမြှင့်သတ်မှတ်ခဲ့ရာ ယခုတိုးမြှင့်မှုက ၁၀ နှစ်အတွင်း ပထမဆုံးအကြိမ် တိုးမြှင့်ပေးခြင်းဖြစ်ပါတယ်။ ယခုကဲ့သို့ အတိုးနှုန်းမြှင့်တင်ပေးလိုက်တာက ကမ္ဘာ့စီးပွားရေးနှေးကွေးကျဆင်းမှု၊ ဒေါ်လာတန်ဖိုး မြင့်တက်မှုနဲ့ စွမ်းအင်ကဏ္ဍမှာ လျှော့ချသုံးစွဲမှုကြောင့် ထိခိုက်ခံနေရတဲ့ စီးပွားရေးအပေါ် ယုံကြည်မှုရှိကြောင်း ပြသရာရောက်ပါတယ်။

"အမေရိကန် စီးပွားရေးက မရေမရာဖြစ်တဲ့ စီးပွားရေးမျိုးမဟုတ်ပါဘူး။ ဒီဇင်ဘာ ၂၃ ရက်မှာ ထုတ်ပြန်တဲ့ စီးပွားရေးကိန်းဂဏန်းတွေက ယခုလထဲမှာ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတွေ ထပ်မံတိုးမြှင့်ပေးနိုင်အောင် လမ်းခင်းပေးလျက်ရှိနေပါတယ်" လို့ MUFG Union Bank မှ စီးပွားရေးပညာရှင် အကြီးအကဲချရစ်ကီးက ပြောပါတယ်။

**EU**

## ကယ်တင်မှုချေးငွေ အစီအစဉ်အရ မြို့ရှင်များက ယူရိုတစ်ဘီလီယံထုတ်ပေး

စီးပွားရေး ပြုပြင်ပြောင်းလဲမှုပြုလုပ်ဖို့အတွက် တောင်းဆိုထားတဲ့ ပြင်းထန်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဂရိအစိုးရက ဖြည့်ဆည်းပေးပြီးနောက် ဂရိနိုင်ငံရဲ့ အပြည်ပြည်ဆိုင်ရာ မြို့ရှင်တို့က ယူရိုတစ်ဘီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ)ကို ဒီဇင်ဘာ ၂၂ ရက်က ထုတ်ပေးခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ယခုထုတ်ပေးတဲ့ ရန်ပုံငွေက ကြွေးမြီတွေ ပြန်လည်ပေးဆပ်ဖို့ ဘတ်ဂျက်သုံးစွဲမှုကို ကိုက်ညီဖို့နဲ့ စီမံကိန်းတွေကို ထောက်ပံ့ဖို့အတွက် အသုံးပြုမှာဖြစ်ကြောင်း ယူရိုဇုန် ၁၉ နိုင်ငံပါဝင်တဲ့ ကယ်တင်မှုရန်ပုံငွေအဖွဲ့ဖြစ်တဲ့ ဥရောပ တည်ငြိမ်ရေးယန္တရား (European Stability Mechanism) အဖွဲ့က ပြောပါတယ်။

"ESM က ယူရိုတစ်ဘီလီယံ ထုတ်ပေးပြီး ဂရိအစိုးရရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေကို အထောက်အကူပေးမှာ ဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေက ဂရိစီးပွားရေး တိုးတက်လာဖို့အတွက် အရေးပါတဲ့ မူဝါဒနယ်ပယ်တွေ အများကြီးကို လွှမ်းခြုံလျက်ရှိနေပါတယ်"လို့ ESM အကြီးအကဲ ကလော့စ်ရက်ဂလင်းက ပြောပါတယ်။

ပုဂ္ဂလိက အသွင်ကူးပြောင်းရေး ရန်ပုံငွေ ထူထောင်ပြီးဖြစ်ကြောင်းနဲ့ ဂရိနိုင်ငံရဲ့ လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်း Admie ရဲ့ စတော့ရှယ်ယာတွေကို ထုတ်ရောင်းမှာဖြစ်ကြောင်း ဂရိအစိုးက စောစောပိုင်းက ပြောပါတယ်။

ဂရိနိုင်ငံက ယူရိုဇုန်မှ ထွက်ခွာရတော့မယ့် အခြေအနေကို ရောက်ပြီးနောက် ဥရောပကော်မရှင်၊ ဥရောပဗဟိုဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နဲ့ ESM တို့က ယူရို ၈၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၄ ဘီလီယံ)ရှိ ကယ်တင်မှု ချေးငွေကို အတည်ပြုပေးခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ဧပြီလအထိ အတိုးနှုန်းနောက်တစ်ကြိမ် မြှင့်တင်ဦးမှာ မဟုတ်ဘူးလို့ လေ့လာဆန်းစစ်သူတွေက ခန့်မှန်းကြတဲ့အတွက် ဒီဇင်ဘာ ၂၃ရက်နေ့က အဓိကငွေကြေးများနဲ့ ထွန်းသစ်စဈေးကွက်ရှိငွေကြေးများ ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ဆယ်နှစ်အတွင်း ပထမအကြိမ်အဖြစ် အတိုးနှုန်းမြှင့်တင်ပေးမှုကြောင့် ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့ရတဲ့ အကျိုးသက်ရောက်မှုတွေက တဖြည်းဖြည်း ကျဆင်းလာခဲ့ပါတယ်။ နှစ်ကုန်ခါနီးမှာ ငွေကြေးဝယ်ရောင်းသမားတွေ ဒေါ်လာငွေကြေးကို ထုတ်ရောင်းလာကြတဲ့အတွက် ဒေါ်လာတန်ဖိုးအပေါ်မှာ အကျိုးသက်ရောက်မှု ရှိခဲ့ပါတယ်။ ရေနံဈေးနှုန်းမြင့်တက်မှုကလည်း ကုန်စည်များအပေါ် အခြေခံထားတဲ့ ငွေကြေးတွေရဲ့တန်ဖိုးကို မြင့်တက်စေခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ စားသုံးသူသုံးစွဲမှုဆိုင်ရာ ကိန်းဂဏန်းတွေ မြင့်တက်လျက်ရှိနေပေမယ့် ဒေါ်လာတန်ဖိုးက ကျဆင်းလျက်ရှိပါတယ်။ အာရှဈေးကွက်မှာစောစောပိုင်းက အဓိက ငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပေမယ့် ညနေပိုင်းဈေးကွက်မှာ ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်ခဲ့ပါတယ်။

### တရုတ်ယွမ်

ပြည်တွင်းဈေးကွက်မှာ ယွမ်ငွေကြေးရောင်းချတဲ့အချိန်ကို တိုးချဲ့ဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ငွေကြေးရောင်းဝယ်မှုမှာ ပိုမိုပါဝင်ဖို့ တရုတ်ဗဟိုဘဏ်က ဆုံးဖြတ်ပြီး နောက်ပိုင်း ယွမ်ငွေကြေးဝယ်လိုအား မြင့်တက်လာမယ်လို့ ခန့်မှန်းကြပါတယ်။ ရှန်ဟဲ ဈေးကွက်မှာ ယွမ်ငွေကြေးရောင်းချမှုကို ယခင်က ညနေ ၄ နာရီခွဲမှာ ပိတ်သိမ်းခဲ့ရာမှ ည ၁၁ နာရီခွဲအထိ တိုးမြှင့်ခွင့်ပြုခဲ့ပါတယ်။

ဘလွမ်းဘတ်က ပြုစုထားတဲ့ ကိန်းဂဏန်းများအရ ယွမ်ငွေကြေးတန်ဖိုးက ရှန်ဟဲဈေးကွက်မှာ ဒီဇင်ဘာ ၂၃ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က သုည ဒသမ ၁၁ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၅၃၉၅ ယွမ်နှုန်းရှိခဲ့ပါတယ်။

တရုတ်ဗဟိုဘဏ်က ရည်ညွှန်းအတိုးနှုန်းကို သုည ဒသမ ၀၄ ရာခိုင်နှုန်းလျှော့ချပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၄၇၅၅ ယွမ် နှုန်းသတ်မှတ်ခဲ့ပါတယ်။

### အိန္ဒိယရူပီး

အိန္ဒိယနိုင်ငံအတွင်းသို့ မတည်ရင်းနှီးငွေများ ဝင်ရောက်နေခြင်း၊ ဘဏ်များနဲ့ ပို့ကုန်လုပ်ငန်းရှင်များက ဒေါ်လာများကို ဆက်လက်ရောင်းချနေခြင်းတို့ ကြောင့် ဒီဇင်ဘာ ၂၃ ရက်နေ့မှာ အိန္ဒိယရူပီးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ သုည ဒသမ ၁၂ ရူပီးနှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၂၀ ရူပီးနှုန်းဖြင့် ခုနစ်ရက်မြောက်နေ့အဖြစ် ဆက်လက်မြင့်တက်ခဲ့ပါတယ်။

ငွေကြေးဖလှယ်နှုန်းက တစ် ဒေါ်လာကို ၆၆ ဒသမ ၁၂ ရူပီးနှုန်းနဲ့ ၆၆ ဒသမ၃၀ရူပီးနှုန်းအကြား အတက်အကျရှိခဲ့ပြီးနောက် ဈေးပိတ်ချိန်မှာ ၆၆ ဒသမ ၂၀ ရူပီးနှုန်းရှိခဲ့တဲ့အတွက် ရူပီး တန်ဖိုးက သုည ဒသမ ၁၂ ရူပီး သို့မဟုတ်သုည ဒသမ ၁၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ရူပီးတန်ဖိုးက ခုနစ် ရက်အတွင်း သုည ဒသမ ၈၈ ရူပီး သို့မဟုတ် ၁ ဒသမ ၃၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

### ဂျပန်ယန်း

ကမ္ဘာ့စီးပွားရေး အလားအလာ မှေးမှိန်နေတဲ့အတွက် ဒီဇင်ဘာ ၂၄ ရက်နေ့ နံနက်ပိုင်းက တိုကျိုဈေးကွက်မှာ ဒေါ်လာငွေကြေးတန်ဖိုးက ၁၂၀ ဒသမ ၅ ယန်းအထက်မှာရှိနေပါတယ်။ ဒေါ်လာနဲ့ ယန်းဖလှယ်နှုန်းက ဒီဇင်ဘာ ၂၃ ရက် ညနေ ၅ နာရီက နယူးယောက်ဈေးကွက်မှာ တစ် ဒေါ်လာကို ၁၂၀ ဒသမ ၈၈ ယန်းရှိခဲ့ရာမှ နောက်တစ်နေ့ မွန်းတည့်ချိန်မှာ အမေရိကန်တစ်ဒေါ်လာကို ၁၂၀ ဒသမ ၆၈ ယန်းနှုန်းရှိခဲ့ပါတယ်။ ယူရိုငွေကြေးတန်ဖိုးက ဒီဇင်ဘာ ၂၃ ရက် ညနေက နယူးယောက် ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၀၉၀၆ ဒေါ်လာနဲ့ ၁၃၁ ဒသမ ၈၅ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက်မှာတစ် ယူရိုကို ၁ ဒသမ ၀၉၃၂ ဒေါ်လာနဲ့ ၁၃၁ ဒသမ ၉၄ ယန်းနှုန်းရှိခဲ့ပါတယ်။

ဒီဇင်ဘာ ၂၃ရက်နေ့က အမျိုးသားနေ့ဖြစ်တဲ့အတွက် ဂျပန်ဈေးကွက်များကို ပိတ်ထားပါတယ်။

### မလေးရှားရင်းဂစ်

မလေးရှားနိုင်ငံရဲ့ စီးပွားရေးကိန်းဂဏန်းများ ကျဆင်းနေသလို စိုးရိမ်မှုကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ဝယ်လိုအားကျဆင်းမှုနဲ့ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း အလားအလာက အကျဘက်သို့ ဦးတည်နေမှုတို့ကြောင့် ဒီဇင်ဘာ ၃ ရက်နေ့မှာ ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။

ရင်းဂစ်ငွေကြေးတန်ဖိုးက ဒီဇင်ဘာ ၂၂ ရက်ဈေးပိတ်ချိန်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၂၉၈၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့မှာ ၄ ဒသမ ၃၀၇၀ ရင်းဂစ်နှုန်းဖြစ်ခဲ့ရာ ဒေါ်လာတန်ဖိုး မြင့်တက်ပြီး ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ပါတယ်။ ဒီဇင်ဘာ ၂၄ ရက်နဲ့ ၂၅ ရက်တွေမှာ ပြည်တွင်းဈေးကွက်တွေ ပိတ်မှာဖြစ်ပါတယ်။

### တောင်ကိုရီးယားဝမ်

ခရစ္စမတ်ပိတ်ရက်မတိုင်မီ ဒီဇင်ဘာ ၂၄ ရက်မှာ အရောင်းအဝယ် ပါးပေမယ့် ရေနံစိမ်းနဲ့ ကုန်စည်ဈေးတွေ မြင့်တက်ခဲ့တဲ့အတွက် နံနက်ပိုင်းဈေးကွက်မှာ ကိုရီးယားရှယ်ယာ တန်ဖိုးတွေ မြင့်တက်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံသူအများစုက အားလပ်ရက်မတိုင်မီ အခြေအနေကို လေ့လာအကဲခတ်နေတဲ့အတွက် တောင်ကိုရီးယားဝမ် အရောင်းအဝယ်ပါးခဲ့ပါတယ်။ ဝမ်ငွေကြေးတန်ဖိုးက တစ်ဒေါ်လာကို ၁၁၇၁ ဒသမ ၄ ဝမ်နှုန်းရှိခဲ့တဲ့အတွက် ဒီဇင်ဘာ ၂၃ ရက်က ရှိခဲ့တဲ့ ၁၁၇၃ ဒသမ ၁ ဝမ်နှုန်းနဲ့ နှိုင်းယှဉ်ရင် ဝမ်ငွေကြေးတန်ဖိုးက သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

### ထိုင်းဘတ်

နိုင်ငံခြားကုမ္ပဏီများနဲ့ ပြည်တွင်းဘဏ်များမှ ဒေါ်လာအဝယ်လိုက်လာတဲ့အတွက် ထိုင်းဘတ်တန်ဖိုး အနည်းငယ်ကျဆင်းခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ဘတ်ငွေ တန်ဖိုးကျဆင်းမှု တန့်သွားတာကို တွေ့ရပါတယ်။ နှစ်ကုန်ပိုင်း အားလပ်ရက်များကြောင့် အရောင်းအဝယ်ပါးကြောင်း ကုန်သည်များက ပြောပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## စီးပွားရေးအခြေအနေကို ပြန်လည်သုံးသပ်ပြီးနောက် တရုတ်နိုင်ငံက စီးပွားရေးတွန်းအားပေး အစီအစဉ် ထပ်မံဆောင်ရွက်မယ့် လက္ခဏာပြ

နိုင်ငံစီးပွားရေး တိုးတက်မှုနှုန်းနှေးကွေးကျဆင်းမှု သက်သာစေဖို့ လမ်းခင်းပေးတဲ့အနေနဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမယ့် ခြေလှမ်းများကို ထပ်မံဆောင်ရွက်ဖို့ တရုတ်ခေါင်းဆောင်များက အချက်ပြတာကို တွေ့ရပါတယ်။

နိုင်ငံခေါင်းဆောင်များက ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ရေးအတွက် သင့်တင့်လျောက်ပတ်တဲ့ ငွေကြေး အခြေအနေများကို ဖန်တီးလျက်ရှိရာ ငွေကြေးမူဝါဒက ပိုမိုပြီး ပြောင်းလွယ်ပြင်လွယ်ရှိဖို့ လိုကြောင်းနဲ့ ဘဏ္ဍာရေးမူဝါဒကလည်း ပိုမိုစွမ်းအားထက်မြက်ဖို့လိုကြောင်း ဒီဇင်ဘာ ၂၂ ရက်မှာ ရှင်ဟွာနယူးစ်အေဂျင်စီက ထုတ်ပြန်ခဲ့တဲ့ အစိုးရဗဟိုစီးပွားရေးလုပ်ငန်းအစည်းအဝေးအပြီး ပြုလုပ်တဲ့ ထုတ်ပြန်ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဘဏ္ဍာရေးလိုအပ်ငွေအချိုးအစားကိုလည်း တဖြည်း ဖြည်းမြှင့်တင်သွားမှာဖြစ်ပါတယ်။

ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ကို နိုင်ငံခေါင်းဆောင်များက ထောက်ခံချက်ပေးပြီး ချေးငွေများအပေါ် မှီခိုနေတဲ့အတွက် မှီခိုအားထားမှုနည်းပါးဖို့ ထိန်းချုပ်ထားတာကို အားပေးခဲ့ပေမယ့် စီးပွားရေးတိုးတက်မှု နှေးကွေးလွန်းနေတာနဲ့ပတ်သက်ပြီး စိုးရိမ်မှုများရှိနေကြောင်း မေခရိုစီးပွားရေးမူဝါဒ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ အစိုးရရဲ့ နှစ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို အစည်းအဝေးမှာ သတ်မှတ် ပေးခဲ့ပါတယ်။ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးမှုနှုန်းကို ၆ ဒသမ ၅ ရရှိအောင်ဆောင်ရွက်ဖို့ သမ္မတရှီကျင်းပင်က ပြောပါတယ်။

## တောင်ကိုရီးယားနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုက ၂၀၁၅ ခုနှစ်မှာ စံချိန်တင်မြင့်တက်

တရုတ်နိုင်ငံနဲ့ လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ်ချုပ်ဆိုနိုင်ခြင်းနဲ့ စီးပွားရေးအခြေအနေများ ပိုမိုအခွင့်သာလာခြင်းတို့ကြောင့် တောင်ကိုရီးယားနိုင်ငံသို့ မတည်ရင်းနှီးငွေ စီးဝင်မှုက အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံထိ ရောက်ရှိခဲ့ ရာ ယခုကဲ့သို့ မြင့်တက်မှုက ပထမဆုံးအကြိမ်ဖြစ်ခဲ့ကြောင်း ဒီဇင်ဘာ ၂၃ ရက်မှာ အစိုးရက ထုတ်ပြန်ပါတယ်။ ဒီဇင်ဘာ ၁၂ ရက်နေ့မှာ တည်ရှိခဲ့တဲ့ စာရင်းများအရ တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိခဲ့တဲ့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၁၉ ဘီလီယံ ရှိခဲ့ရာ ယခင်နှစ်နဲ့ နှိုင်းယှဉ်ပါက ၂၈ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ယွန်းဟပ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။ ဇန်နဝါရီ ၁ ရက်မှစ၍ ရင်းနှီးမြှုပ်နှံရန် ကတိပြုထားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏက ၁၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၃ ဘီလီယံအထိ ရောက်ရှိခဲ့ပါတယ်။

ယခင်နှစ်က တောင်ကိုရီးယားနိုင်ငံကို ရောက်ရှိခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅၂ ဘီလီယံရှိပြီး ရင်းနှီးမြှုပ်နှံဖို့ ကတိပြုထားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏက အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံရှိခဲ့ပါတယ်။ ယခုလို တိုးတက်မှုရှိခဲ့ရတဲ့ အကြောင်းရင်းက ဇွန် ၁ ရက်မှာ တရားဝင်လက်မှတ် ရေးထိုးခဲ့တဲ့ တရုတ်-တောင်ကိုရီးယား လွတ်လပ်စွာကုန်သွယ်မှုသဘောတူ စာချုပ်နဲ့ တောင်ကိုရီးယားနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာအောင် ဆွဲဆောင်မှုပေးနိုင်ခဲ့တဲ့ စီးပွားရေးအခြေခံအဆောက်အအုံ တိုးတက်ကောင်းမွန် မှုတို့ကြောင့်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောပါတယ်။

အရှေ့အလယ်ပိုင်းဒေသက ရင်းနှီးမြှုပ်နှံသူတွေက ပြည်တွင်းကုမ္ပဏီတွေမှာ အမြောက်အမြားရင်းနှီးမြှုပ်နှံမှုကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပိုမိုတိုးတက်လာစေခဲ့တယ်လို့ ပြောပါတယ်။

Vol: 15, No.50 Monday December 28 2015

## Star War ဇာတ်လမ်းမှာ အထက်တန်းကျောင်းဆရာဘဝက ဇာတ်ကောင်စရိုက်အတိုင်းပုံဖော်ထားတဲ့ ဂျေဂျေအာဘရန်



လတ်တလောကမ္ဘာတစ်ဝန်းမှာဝင်ငွေအကောင်းဆုံးစံချိန်နဲ့ ရုပ်တည်နေတဲ့ Star War ရုပ်ရှင်ကားရဲ့ဒါရိုက်တာ ဂျေဂျေအာဘရန်က သူ့ရဲ့ဒီကားထဲမှာ ပါဝင်တဲ့ မာ့ဇ်ရဲ့ ဇာတ်ကောင်စရိုက်က သူ့အထက်ကျောင်းဆရာဘဝက စရိုက်အတိုင်း ဖန်တီးထားတာဖြစ်တယ်လို့ ဖွင့်ဟပြောကြားလိုက်ပါတယ်။

“အဲဒီဇာတ်ကားထဲမှာပါတဲ့ ရို့စ်ကီး လတ်အပေါ်မှာထားတဲ့ပုံစံက ကျွန်တော် အထက်တန်းကျောင်းဆရာဘဝက ဖြစ်ပေါ်ခဲ့တဲ့စရိုက်အတိုင်းပါပဲ။ ခေတ်ရဲ့သဘာဝအရ နည်းနည်းခေတ်ဆန်ချင်ပေမယ့် ဒီစရိုက်က ကျွန်တော့်ရဲ့စရိုက်အစစ်အမှန်ပါပဲ။ အချိန်ကန့်သတ်ချက် မရှိတဲ့နေရာတွေမှာအသက်ရှင် ရုပ်တည်နေရတဲ့သိပ္ပံဆိုင်ရာ စိတ်ကူးယဉ် ဇာတ်လမ်းတစ်ပုဒ်ပါ။ အဲဒီဇာတ်ကားဟာ စိတ်ကူးယဉ်ဇာတ်လမ်းဆိုပေမယ့်လည်း ဇာတ်ကောင်တွေရဲ့စရိုက်လက္ခဏာတွေကတော့ အပြင်ကလူတွေရဲ့ စရိုက်လက္ခဏာအတိုင်း ပုံဖော်ထားတာပါ”လို့ ဂျေဂျေအာဘရန်က ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ဂျီးလတ်စ်ရဲ့အသက် ၁၅နှစ်အရွယ်မှာရှိတဲ့စရိုက်နဲ့ သူ့ရဲ့ဝတ်စားဆင်ယင်မှုတွေကိုလည်း ဒီဇိုင်နာ ရစ်ကာတာနဲ့တိုင်ပင်ပြီး လုပ်ဆောင်ခဲ့တယ်လို့ ဆိုပါတယ်။

ကမ္ဘာတစ်ဝန်းမှာ ရုံတင်ပြသနေတဲ့ Star War ရုပ်ရှင်ဇာတ်ကားဟာ စတင်ထွက်ရှိတဲ့နေ့မှာပဲ စံချိန်တင်ဝင်ငွေတွေ ရရှိခဲ့ပါတယ်။ ဒီဇင်ဘာလ ၁၈ရက်နေ့မှ ၂၀ရက်နေ့အထိ ဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၈သန်းရရှိပြီး ငါးရက်အတွင်းမှာပင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်သွားနိုင်မယ်လို့ ဆိုပါတယ်။



## ရက်ပါအဆိုတော် ကင်းလိုဝီ သေနတ်နဲ့အပစ်ခံရ

ရက်ပါသီချင်းပေါင်းများစွာကို ရေးသားသီဆိုလျက်ရှိသူ ရက်ပါ အဆိုတော် ကင်းလိုဝီကို သေနတ်သမားတစ်ဦးက သေနတ်နဲ့ပစ်ခတ်သွားခဲ့တယ်လို့သတင်းများက ဆိုပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၂၃ရက်နေ့က ကင်းလိုဝီဟာချီကာဂိုမြို့ရဲ့ မြို့စွန်တစ်နေရာကို ကားမောင်းသွားစဉ် သေနတ်သမားက သူ့ရဲ့ကားကိုရော သူ့ကိုပါ သေနတ်နဲ့ပစ်ခတ်ခဲ့တာဖြစ်ပါတယ်။

သေနတ်သမားဟာ ကင်းလိုဝီရဲ့ ကားအနီးကို ရောက်ရှိလာပြီး သူ့ကို သေနတ်နဲ့ပစ်ခတ်ခဲ့တာဖြစ်ပါတယ်။ သေနတ်သမားဟာ အသက် ၂၇ နှစ်အရွယ်သာရှိသေးတဲ့ လူငယ်တစ်ဦးဖြစ်ပြီး ဘာကြောင့် အခုလိုပစ်ခတ်ရတယ်ဆိုတာကို ချီကာဂိုရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးနေဆဲဖြစ်တယ်လို့ ဆိုပါတယ်။အသက် ၂၈နှစ်အရွယ်သာရှိသေးတဲ့ ကင်းလိုဝီဟာ ရက်ပါသီချင်းတွေကြောင့် အောင်မြင်မှုရရှိခဲ့သလို ရက်ပါ အဆိုတော်ကြီး ကင်ယေးဝက်စ်နဲ့ တွဲပြီးတော့လည်း ရက်ပါသီချင်းပေါင်းများစွာကို ဖန်တီးခဲ့သူတစ်ဦးဖြစ်ပါတယ်။

ကင်းလိုဝီ၊ ကင်ယေးဝက်စ်၊ ချိဖ်ကက်ဖ်နဲ့လီလီဘစ်ဘီတို့ ၂၀၀၉ခုနှစ်က ပူးပေါင်းစပ်ဆိုထားတဲ့ Chi-Raq ဆိုတဲ့ သီချင်းဟာ လူငယ်တွေကြားမှာရေပန်းအစားဆုံးသီချင်းတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။

ချီကာဂိုမြို့ရဲ့တောင်ပိုင်းအကျဆုံး နေရာလေးဖြစ်တဲ့မြို့ကလေးမှာ ဒုစရိုက်မှုတွေ ထူပြောတာကို အီရတ်နိုင်ငံနဲ့တင်စားပြီး ရေးသားထားတဲ့ သီချင်းဖြစ်တဲ့အတွက်အမေရိကန်နိုင်ငံတစ်နိုင်ငံလုံးသာမက ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့လူ ကြီး လူငယ်အားလုံး ကြိုက်နှစ်သက်ခဲ့ တာဖြစ်ပါတယ်။

အခုအချိန်မှာတော့ ကင်းလိုဝီဟာ သေမင်းခံတွင်းဝကနေ လွတ်ကင်းခဲ့ပြီဆိုပေမယ့် သူ့ကို စောင့်ကြည့်နေရဆဲအခြေအနေမှာ ရှိနေတယ်လို့ ဆိုပါတယ်။



## မယ်စကြာဝဠာဘွဲ့ရရှိသူ ဖိလစ်ပိုင်အလှမယ်ကို ပြင်းပြင်းထန်ထန်ဝေဖန်ပြီးမှ ပြန်လည်တောင်းပန်လိုက်တဲ့ ဂျာမနီအလှမယ် ဆာရာလိုရင်းရိဒ်



ဂျာမနီနိုင်ငံရဲ့ အလှမယ်တစ်ဦး ဖြစ်တဲ့ ဆာရာလိုရင်းရိဒ်ဟာ ၂၀၁၅ ခုနှစ်မယ်စကြာဝဠာပြိုင်ပွဲအတွက် နောက်ဆုံးအဆင့်စကာတင် စာရင်းထဲမှာ ပါဝင်လာခဲ့ပြီးမှ မယ်ဘွဲ့ကို မရရှိခဲ့တဲ့အတွက် ပူပူနွေးနွေး မယ်စကြာဝဠာသရဖူပိုင်ရှင်ကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပါတယ်။

အဲဒီလို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပြီးမှ ဂျာမနီအလှမယ်ဟာ ဖိလစ်ပိုင် အလှမယ်ကိုပြန်လည်တောင်းပန်ခဲ့တယ်လို့ ဆိုပါတယ်။

အမှားအယွင်းပေါင်းများစွာနဲ့ပွဲသိမ်းခဲ့ရတဲ့ ၂၀၁၅ မယ်စကြာဝဠာပြိုင်ပွဲကြီး ပြီးဆုံးသွားပေမယ့်လည်း အဲဒီပြိုင်ပွဲကြီးကြောင့်ဖြစ်ပေါ်လာတဲ့ဂယက်တွေဟာ ပြိုင်ပွဲဝင်သူ အလှမယ်တွေကြားမှာ ထင်ကျန်ရစ်နေဆဲပဲ ဖြစ်ပါတယ်။ နောက်ဆုံး အလှမယ်ဘွဲ့ကို ပေးအပ်ဖို့ ကြေညာခဲ့ရာမှာကိုလံဘီယာအလှမယ်နဲ့ ဖိလစ်ပိုင်အလှမယ်တို့နှစ်ဦးကို နာမည်ချင်းလွဲမှားပြီး ကြေညာခဲ့တဲ့အတွက် ကိုလံဘီယာပြည်သူတွေရဲ့ ပေါက်ကွဲသံစဉ်တွေကြောင့်လည်း ၂၀၁၅မယ်စကြာဝဠာပြိုင်ပွဲကြီးဟာ အကျည်းတန်အရုပ်ဆိုးခဲ့ရပါတယ်။

ဒါ့အပြင် ပွဲအပြီးမှာ ဖိလစ်ပိုင်အလှမယ်ကို မယ်စကြာဝဠာအဖြစ်ရွေးချယ်လိုက်ပါတယ်လို့ ပြန်လည်ကြေညာခဲ့ပြီး သရဖူကို လွှဲပြောင်းပေးအပ်လိုက်ရတဲ့မြင်ကွင်းဟာလည်း တကယ့်ကိုအရုပ်ဆိုးလှတဲ့မြင်ကွင်းတစ်ခုပါပဲ။

“ဒီမြင်ကွင်းဟာ ကိုလံဘီယာ အလှမယ်အတွက်ရော ကိုလံဘီယာ ပြည်သူတွေအတွက်ပါ အိပ်မက်ဆိုးကြီးတစ်ခုကို မြင်မက်လိုက်ရသလိုပါပဲ။ အမေရိကန်နိုင်ငံရဲ့ ပြည်သူ ခြောက်သန်းနီးပါးရှေ့မှာ အရှက်ခွဲခံရတာ။ သူ(ဖိလစ်ပိုင်အလှမယ်)ကရော ဘယ်လောက်များ တော်နေလို့လဲ။ တကယ့်ကို မကောင်းဆိုးရွားပဲ”လို့ ရုပ်သံအစီအစဉ် တစ်ခုရဲ့ အင်တာဗျူးအစီအစဉ်မှာ ပြောကြားခဲ့တာပါ။

ဒါပေမယ့်လည်းဂျာမနီအလှမယ် ရိဒ်ဟာ သူ့ရဲ့ပြောကြားချက်တွေနဲ့ပတ်သက်ပြီး လူသိရှင်ကြား ပြန်လည် တောင်းပန်စကားဆိုခဲ့ပါတယ်။

“ကျွန်မ သူ့(ကိုလံဘီယာ အလှမယ်)အတွက် မခံနိုင်လို့ စိတ်မကောင်းလွန်းလို့ ပြောလိုက်တာပါ။ အဲဒီအချိန်မှာ ဖြစ်ပေါ်နေတဲ့ ပြိုင်ပွဲဝင်တွေရဲ့စိတ်ကို ခံစားကြည့်မယ်ဆိုရင် အားလုံးဟာ ရိုလာကိုစတာ စီးနေရသလိုပါပဲ။ အဲဒီ အချိန်မှာ အခုလိုမျိုးနာမည် မှားပြီးကြေညာတယ်။ သရဖူကို ရော စလွယ်ကိုပါ တစ်ခဏချင်းမှာပဲ ပြန်ပြီး လွှဲပြောင်းပေးလိုက်ရတယ်ဆိုတာကို ဘယ်သူ ခံစားနိုင်ပါ့မလဲ။ အဲဒီအတွက် ဖိလစ်ပိုင်အလှမယ်ကိုလည်းတောင်းပန်ပါတယ်။သူ ရသွားတာကို မနာလိုဖြစ်လို့တော့ မဟုတ်ပါဘူး။ အစီအစဉ်တင်ဆက်သူအနေနဲ့ ဒါကို သတိထားနိုင်ဖို့ပြောတာပါ”လို့ ရိဒ်က တောင်းပန်စကားဆိုခဲ့ပါတယ်။

အမှားမှားအယွင်းယွင်းတွေနဲ့ ပြီးဆုံးသွားခဲ့ပေမယ့် ၂၀၁၅ မယ်စကြာဝဠာပြိုင်ပွဲကြီးရဲ့ နောက်ဆက်တွဲဖြစ်လာမယ့် ဂယက်တွေကတော့ စိတ်ဝင်စားစရာကောင်းနေဦးမှာ အမှန်ပါ။


IDEMITSU
出光
IDEMITSU
ဂျပန်နိုင်ငံမှ ထိပ်တန်း အင်ဂျင်ဝိုင်
15W-40
15W-40
5W-30
0W-20
5W-30
5W-40
10W-40
10W-40
10W-30
DOT 4
Radiator Coolant
MTF
ATF
CVTF
ဂျပန်ကားများအတွက် အထူးသီးသန့်ပုံဖော်ထုတ်လုပ်ထားသော
ဂျပန်နိုင်ငံ၏ အရည်အသွေးမြင့် အင်ဂျင်ဝိုင်
Distributor : GMP Co., Ltd. Tel: 951-516 031, 516 160, 516 162, 516 179
Fax: 951-516195 Email: gmpmotor.office@gmail.com


သင်နှင့်သင့်မိသားစုအတွက်...
SHWE GINGA MOTOR
ရွှေဂင်္ဂါ မှာ...
ကားဝယ်ပါ...
HOTLINE: 09 798 99 1409
VERISA
အရောင်းပြခန်း
အမှတ် (၁၃၂၃)၊ (၁၃) ရပ်ကွက်၊ ရတနာလမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
(၀၁) ၈၅၅၀ ၅၈၀၊ (၀၉) ၇၉၉ ၁၄ ၉၅၉၅
ရုံးချုပ်
အမှတ် (၂၂၆)/အခန်း (၇၀၂)၊ ဦးဝိစာရကွန်ဒို၊ ဓမ္မစေတီလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်။
(၀၁) ၅၂၇ ၄၀၃၊ (၀၉) ၄၅၀၀ ၆၀ ၈၈၂
www.facebook.com/shweginga

# COMMERCE INTERNATIONAL

# ဗီယက်နမ်ပို့ကုန်လုပ်ငန်းများ ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုကို ရင်ဆိုင်ကြုံတွေ့နိုင်

ပို့ကုန်လုပ်ငန်းတွေရဲ့ ဖွဲ့စည်းတည်ဆောက်ပုံကို ထိထိရောက်ရောက် ပြန်လည်မပြင်ဆင်ရင် ဗီယက်နမ်ပို့ကုန်လုပ်ငန်းများအထူးသဖြင့် လယ်ယာသစ်တောနဲ့ ငါးလုပ်ငန်းတွေမှာ ၂၀၁၆ ခုနှစ်ရောက်တဲ့အခါအခက်အခဲတွေနဲ့ရင်ဆိုင်တွေ့ကြုံနိုင်ကြောင်း ဗီယက်နမ်စက်မှုနဲ့ကုန်သွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ထရန်တူအန်အန်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်နယူးစ်အေဂျင်စီရဲ့သတင်းမှာ ဖော်ပြပါတယ်။

ဗီယက်နမ်နိုင်ငံရဲ့ အဓိကပို့ကုန်လုပ်ငန်းတွေဖြစ်တဲ့ ချည်မျှင်နဲ့ အထည်ချုပ်လုပ်ငန်းများပင်လျှင် ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုတွေနဲ့ တွေ့ကြုံနိုင်ဖွယ်ရှိနေပါတယ်။ ၂၀၁၅ ခုနှစ်က ဒီလုပ်ငန်းကဏ္ဍရဲ့ ထုတ်လုပ်မှုနဲ့ ပြည်ပတင်ပို့မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ အလူးအလဲ ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း ဒီဇင်ဘာ ၂၁ ရက်က ဟနွိုင်းမြို့မှာ သတင်းထောက်တွေနဲ့ တွေ့ဆုံစဉ် တူအန်အန်းက ပြောကြားပါတယ်။ ဒါပေမယ့် ပို့ကုန်ဈေးကွက်တွေမှာ အခက်အခဲတွေ ဖြစ်ပေါ်နေတဲ့အတွက် ထုတ်ကုန်တွေရဲ့ ပို့ကုန်ဝင်ငွေတွေ ကျဆင်းခဲ့ရပါတယ်။

ဒ့ါပြင် တခြားနိုင်ငံတွေမှာလည်း လယ်ယာသစ်တောနဲ့ ငါးလုပ်ငန်းထုတ်ကုန်တွေရဲ့ ရောင်းလိုအားက အလျှံပယ် ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် ဗီယက်နမ်ကုန်ပစ္စည်းတွေက ထိုင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံများမှ အလားတူ ထုတ်ကုန်များရဲ့ ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုတွေနဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ပို့ကုန်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများရဲ့ ငွေကြေးတန်ဖိုးကို လျှော့ချခြင်းနဲ့ မိမိတို့ထုတ်ကုန်များကို အကာအကွယ်ပေးဖို့ နိုင်ငံအများအပြားက ကြိုးပမ်းလာခြင်းတို့ကြောင့် ဗီယက်နမ်ထုတ်ကုန်များကို ထိခိုက်စေခဲ့ပါတယ်။



“ဗီယက်နမ်နိုင်ငံရဲ့ ယှဉ်ပြိုင်မှုစွမ်းရည်ကို မြှင့်တင်နိုင်ဖို့အတွက် ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းကဏ္ဍတွေကို ထိထိရောက် ရောက် ပြန်လည်ပြင်ဆင်တည်ဆောက်ဖို့ လိုအပ်နေပါတယ်”လို့ သူက ပြောပါတယ်။

ဗီယက်နမ်ထုတ်ကုန်တွေရဲ့တန်ဖိုးမြှင့်တင်ဖို့အတွက် ကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာ တိုးတက်ကောင်းမွန်ရေး လုပ်ငန်းတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံကြဖို့ ဗီယက်နမ်စီးပွားရေးလုပ်ငန်းတွေကို သူက တိုက်တွန်းပါတယ်။ ၂၀၁၆ခုနှစ်မှာ ကမ္ဘာ့စီးပွားရေး ပြန်လည် နာလန်ထူမှု နှေးကွေးတဲ့အတွက် စိန်ခေါ်မှုတွေ အခက်အခဲတွေနဲ့ ထပ်မံ ကြုံတွေ့နိုင်မှာဖြစ်သလို ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုတွေနဲ့လည်း ရင်ဆိုင်တွေ့ ကြုံနိုင်ဖွယ်ရှိကြောင်း သူက ပြောပါတယ်။

ဒါပေမယ့် အာဆီယံစီးပွားရေးအသိုက်အဝန်း တည်ထောင်မှုနဲ့လွတ်လပ်စွာကုန်သွယ်ရေးသဘောတူ စာချုပ်များ ချုပ်ဆိုနိုင်မှုတို့ကြောင့် ပြည်တွင်း ပို့ကုန်လုပ်ငန်းတွေမှာ အခွင့်အလမ်းသစ်တွေပေါ်ပေါက်လာနိုင်တဲ့အတွက် ဗီယက်နမ်အတွက် အခွင့်သာတဲ့ အခြေအနေတွေ ပေါ်ပေါက်လာစေနိုင်ကြောင်း သူက ပြောပါတယ်။ စီးပွားရေးလုပ်ငန်းတွေ ရင် ဆိုင်နေရတဲ့ အခက်အခဲတွေ ပြေပျောက်စေဖို့အတွက် တခြားဝန်ကြီး ဌာနများနဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း သူက ပြောပါတယ်။


စိုက်ပျိုးရေးသမားများအားထားရာ .........

မာလာမြိုင်

စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၄၊ ၀၁-၅၁၀၄၆၁၂၊ ၀၉-၇၇၀၈၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ တရုတ်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၄၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၄၄ x ၄၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၄၈၀၊၀၂-၃၀၄၉၀



Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 28th December 2015

<< December And January Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.11.2015 | 25.11.2015 | | | 9.12.2015 | 13.12.2015 | |
| | S/O CUT | | | | | | | | 22.11.2015 | 21.11.2015 | | | | | |
| MV.CITY OF MUMBAI V.26 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.12.2015 | 13.12.2015 | 10.12.2015 | | 22.12.2015 | 26.12.2015 | 3.1.2016 |
| | S/O CUT | | | | | | | | 7.12.2015 | 9.12.2015 | 6.12.2015 | | | | |
| MV.HOEGH CHENNAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | | | 27.12.2015 | 26.12.2015 | 28.12.2015 | | 9.1.2015 | 13.1.2015 | |
| | S/O CUT | | | | | | | | 23.12.2015 | 22.12.2015 | 24.12.2015 | | | | |
| MV.CITY OF MUMBAI V.27 | 1.55 | 1.90 | 2.20 | 3.50 | | | | 16.1.2016 | 15.1.2016 | 14.1.2016 | | | 26.1.2016 | 30.1.2016 | |
| | S/O CUT | | | | | | | 12.1.2016 | 11.1.2016 | 10.1.2016 | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက ဇော်ဘုနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။